http://www.dhammadownload.com



နုယဥ် ● ကလေးများအဖို့ဗုဒ္ဓဝင်

SEIKKU CHO CHO

စိတ်ကူးချိုချိုအနုပညာ

# ကလေးများအဖို့ ဗုဒ္ဓဝင်

နုယဥ်



ဒုတိယအကြိမ်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ

၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၅၄၆၈၄၅၊ ၇၂၆၆၂၄

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

# ကလေးများအဖို့ ဗုဒ္ဓဝင်

နယဉ်

၂၀၁၁ ခုနှစ်၊ မတ်လ
ဒုတိယအကြိမ်

http://www.dhammadownload.com


## ကလေးများအဖို့ ဗုဒ္ဓဝင်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၄၂၆၀၉၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၅၇၀၁၀၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **Kyaw Phyu San** ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၁၁ ခုနှစ်၊ မတ်လတွင် တန်ဖိုး ၁၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုမြင့်

၂၉၄·၃

နယဉ်

ကလေးများအဖို့ဗုဒ္ဓဝင် ၊ နယဉ်- ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂ ကြိမ်၊ ၂၀၁၁။

စာမျက်နှာ ၁၀၇ မျက်နှာ၊ ၁၃·၂ စင်တီ× ၂၀ စင်တီ

(၁) ကလေးများအဖို့ဗုဒ္ဓဝင်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မင်းသုဝဏ်၏အမှာ | က |
| ၂။ | ကလေးဗုဒ္ဓဝင် ဖြစ်လာရခြင်းအကြောင်း | ခ |
| ၃။ | ဘုရားအလောင်း ပဋိသန္ဓေ ယူတော်မူခြင်း | ၂ |
| ၄။ | ဘုရားအလောင်း ဖွားတော်မူခြင်း | ၁၀ |
| ၅။ | ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း | ၂၀ |
| ၆။ | အလောင်းတော်မင်းသား ဘုရားဖြစ်တော်မူခြင်း | ၃၀ |
| ၇။ | ဗုဒ္ဓသည် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာ ဟောတော်မူခြင်း | ၄၀ |
| ၈။ | ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူခြင်း | ၈၀ |
| ၉။ | လေ့ကျင့်ခန်းများ | ၁၀၅ |


---

**အတွင်းသရုပ်ဖော်ပုံများ – ဘမင်းနှင့် ကျော်ဖြူစံ**

http://www.dhammadownload.com

# မာတိကာ

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

http://www.dhammadownload.com

# ကလေးများအတွက် ဗုဒ္ဓဝင်

## အမှာ

ဗုဒ္ဓဘာသာ မြန်မာမိဘတို့သည် မိမိတို့၏ သားငယ် သမီးငယ်များကို လက်ဆွဲကာ ဘုရားတန်ဆောင်း၊ ကျောင်းကန်ဇရပ်တို့၌ ရေးခြယ်ထားသည့် ဇာတ်ကားတို့ကို ညွှန်ပြ၍ ဗုဒ္ဓဝင်ကို ပြောဆိုလေ့ရှိကြပါသည်။ ထို့ကြောင့်လည်း သားငယ် သမီးငယ်တို့သည် ဗုဒ္ဓဝင်ကို အနည်းနှင့်အများ သိရှိလာကြပြီးလျှင် ရတနာသုံးပါးတွင် သက်ဝင် ယုံကြည်လာကြလေသည်။

ထိုသို့သော သက်ဝင်ယုံကြည်မှုကို ပိုမို ထက်သန်ရလေအောင် အားပေးလိုသော ဆန္ဒဖြင့် ဤ "သုံးလူ့ရှင်ပင် ဗုဒ္ဓဝင်"ကို ကလေးတို့၏ အဆင့်အတန်းနှင့် ညီကာ ရေးသားပြုစုထားခြင်း ဖြစ်သည်ဟု သိရလေသည်။ လယ်တီဆရာတော်ဘုရား၏ "သုံးလူ့ရှင်ပင်" ကဗျာကို အခြေပြုထားသည်ဖြစ်၍ ဤဗုဒ္ဓဝင်သည် များစွာ ဖတ်ရလွယ်၊ မှတ်ရလွယ်၊ ပြောရလွယ်၊ ဟောရလွယ်သော စာဖြစ်သည်ကို တွေ့ရပါသည်။ ကလေးများအဖို့ သာသနာ ၂၅၀၀ ပြည့် လက်ဆောင်ကောင်းကြီးတစ်ရပ် ပေါ်ပေါက်လာပေသည်တကားဟု ဝမ်းမြောက်ဖွယ် ဖြစ်ပါသတည်း။

မင်းသုဝဏ်

http://www.dhammadownload.com



## ကလေးဗုဒ္ဓဝင် ဖြစ်လာခြင်း အကြောင်း

သာသနာတော် ၂၅၀၀ အထိမ်းအမှတ်အဖြစ် ကလေးများအဖို့ ဘာသာရေး ယဉ်ကျေးမှုဆိုင်ရာ စာအုပ်ကလေးတစ်အုပ် ရေးသားပြုစုရန် ပထမ တာဝန်ပေး လာသူမှာ ဦးထိန်ဝင်း (သခင်ထိန်ဝင်း) ဖြစ်ပါသည်။ ဦးထိန်ဝင်းနှင့် ခင်မင်သော မိတ်ဆွေများ ဖြစ်ကြသည့် ကျွန်မတို့မှာ သူအကြံပေး တိုက်တွန်းလာသော ကလေး များအဖို့ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု စာအုပ်ငယ်ကို ဘယ်ပုံစံမျိုးဖြင့် ရေးလျှင် သင့်လျော်ပါမည်နည်းဟု ပထမဆုံး စဉ်းစားရာတွင် ခေါင်းခဲနေမိပါသည်။

ကျွန်မသည် ကလေးများအတွက် စေတနာ ထက်သန်သည့်အလျောက် ပုံပြင်များ၊ ကဗျာများကို ငယ်စဉ်ကပင် ရေးသားလာခဲ့ပါသော်လည်း လောကီမက လောကုတ္တရာ အရေးပါ ထည့်တွက် စဉ်းစားရသောအခါ အဖြေမရနိုင် ဖြစ်ခဲ့ပါ သည်။

ဦးထိန်ဝင်းကလည်း “ရေးမှာသာ ရေးပါ၊ ကလေးများလက်သို့ ရောက် အောင် ဖြန့်ဖို့ ကျွန်တော့် တာဝန်ထားပါ”ဟု ထပ်မံတာဝန်ယူ တိုက်တွန်းသော အခါ မဖြစ်မနေ ရေးပါတော့မည်ဟု ဆုံးဖြတ်မိပါသည်။

ထိုအခါ၌ ပညာရေး ဆည်းပူးရာတွင် ကျွန်မ၏ သင်ဆရာလည်း ဖြစ်၊ သားချင်းအစ်ကို အကြီးလည်းဖြစ်သော ဆရာမင်းသုဝဏ်နှင့် တိုင်ပင်ရပါသည်။ အစ်ကိုကြီး မင်းသုဝဏ်က “ဒီစာမျိုး ရေးမယ်ဆိုရင်တော့ ဝမ်းသာစရာပဲ၊ ဒါဖြင့် ဒီလိုလုပ်၊ ကလေးတွေ နားရှင်းအောင် အခန်းကဏ္ဍလည်း သပ်ရပ်အောင် လယ်တီ ဆရာတော်ဘုရားရဲ့ ခုနစ်နေ့ ဘုရားရှိခိုးကိုမူတည်ပြီး အခန်းခွဲရေး”ဟု အကြမ်းဖျင်း

အကြံပေးလိုက်ပါသည်။ ကျွန်မလည်း ငယ်စဉ်ကပင် ဘာသာရေး ဓမ္မတေးသံများကို လေ့လာခဲ့ရာမှ လယ်တီဆရာတော်၏ ခုနစ်နေ့ဘုရားရှိခိုးကို နေ့စဉ် ရွတ်ဆိုလာခဲ့ရရာ ယခု ဤစာအုပ်အတွက် စတင် စဉ်းစားလာရသောအခါ အထူးအထွေ ခဲခက်ခြင်း မရှိတော့ပါ။ သို့ရာတွင် အခန်းကြီး ခြောက်ခန်းအတွက် ဗုဒ္ဓ၏ဖြစ်တော်စဉ်များကို ရေးဖွဲ့ဖို့ရာ စဉ်းစားသောအခါ ဗုဒ္ဓ၏ ဖြစ်တော်စဉ်နှင့် တွဲလျက် ကလေးများအဖို့ ကိုယ်ကျင့်လိမ္မာရေး အခြေခံများအတွက် ဘယ်လို ထည့်သွင်းပါရှိအောင် ပြုစုရပါ့မလဲဟု တွေးတောစဉ်းစားရာ ဗုဒ္ဓ၏ လူသားတို့အတွက် ကိုယ်ကျင့်တရား အခြေခံဖြစ်သော ငါးပါးသီလကို တွေးမိပါသည်။ ငါးပါးသီလ စတင်ဖြစ်ပေါ်သော အကြောင်းအရာကလည်း တစ်နည်းဆိုရသော် ကလေးတို့ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။ ထိုသို့ စဉ်းစားမိသဖြင့် ဗုဒ္ဓ၏ ဖြစ်တော်စဉ်တစ်လျှောက်တွင် ဗုဒ္ဓနှင့် တွေ့ကြုံရသော သူဌေးသား ယသကို အကြောင်းပြု၍ ကိုယ်ကျင့်တရားအဖြစ် ငါးပါးသီလ စတင် ဖြစ်ပေါ်လာပုံနှင့် ငါးပါးသီလ၏ အနက်အဓိပ္ပာယ်တို့ကို ထည့်သွင်း ရေးသားခဲ့ပါသည်။

ထိုအချိန်အခါက စာအုပ်အဖြစ် ပြုစုရသဖြင့် စာတစ်အုပ် ပြီးမြောက်သွား၍ ဝမ်းသာပုံမျိုးမျှလောက်သာ ကျွန်မ၏ ခံစားချက် ပီတိ ဖြစ်မိပါသည်။ အထူးအထွေ မစဉ်းစားမိခဲ့ပါ။

သို့ရာတွင် ယနေ့ခေတ် အခြေအနေကို သုံးသပ်မိသောအခါ ဖြစ်ပေါ်နေသော "ကလေးလူငယ်တို့အတွက် စာရိတ္တမဏ္ဍိုင် မခိုင်မမြဲသော အင်အားစုများ" အတွက် ပြုပြင်ရေးဘက်တွင် ဘာသာရေးယဉ်ကျေးမှု လိုအပ်နေပြီ ဖြစ်သည်ကို တွေးတောမိပါသည်။ ယနေ့ ကလေးလူငယ်တိုင်းသည် ကိုယ်ကျင့်တရား သန့်စင်ဖို့၊ ခိုင်မြဲဖို့ လိုအပ်လှပေပြီ။ အုပ်ထိန်းသူများ အနေဖြင့်လည်း ကလေး လူငယ်တို့အဖို့ အခြေခံပညာရေးမှာ ကျောင်းစာမျှသာမဟုတ်ဘဲ မိမိတို့၏ ရင်သွေးများအတွက် ရှိပြီးသား ဗုဒ္ဓ၏ ယဉ်ကျေးမှုကို စတင် အခြေခံကာ လိမ္မာယဉ်ကျေးအောင် ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်သည်ဟု ထင်မြင်မိပါသည်။

ဤစာအုပ်ငယ်ကို ပြုစုရာတွင် ကျွန်မတို့ တစ်သက်တာ လက်စွဲပြုရမည့် ဓိနတ္ထပကာသနီကျမ်းကြီးနှင့် လောကုတ္တရာ အခြေပြ ကျမ်းငယ်တို့ကို ကိုးကား

http://www.dhammadownload.com




အကူအညီ ရယူပါသည်။ ဤစာအုပ်နှင့် ပတ်သက်၍ မူလအကြံပေး တာဝန်ယူသော ဦးထိန်ဝင်းအား လည်းကောင်း၊ အစ်ကိုကြီး မင်းသုဝဏ်အား လည်းကောင်း၊ ကျေးဇူးမမေ့နိုင်ကြောင်း မှတ်တမ်းတင်ရပါသည်။

နုယဉ်

၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၉ ရက်။

http://www.dhammadownload.com



http://www.dhammadownload.com

# ၁ - ဘုရားအလောင်း ပဋိသန္ဓေ ယူတော်မူခြင်း

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊
သောင်းခွင်စကြာဝဠာ၊
နတ် ဗြဟ္မာတို့၊ ညီညာရုံးစု၊
တောင်းပန်မှုကြောင့်၊
ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊
နတ်လူငြိမ်းဖို့ ကိန်းပါကို။ ။

**(လယ်တီဆရာတော်ဘုရား)**

ဂေါတမဘုရား အလောင်းတော်သည် ဘုရားဆုပန်မည့် ဘဝ၌ သုမေဓာ ဟူသော အမည်ဖြင့် သူဌေးတစ်ဦး ထင်ရှား ဖြစ်လာလေ၏။ သုမေဓာသည် ငယ်စဉ်က မိဘနှစ်ပါး သေဆုံးခဲ့သောကြောင့် အခြွေအရံများစွာနှင့် မိဘတို့ ထားရှိခဲ့သော ပစ္စည်းဘဏ္ဍာများကို ထိန်းသိမ်း၍ နေထိုင်ရသည်။

သုမေဓာသည် မိဘတို့၏ အမွေအနှစ် ထားရှိခဲ့သော ပစ္စည်းဘဏ္ဍာတို့ကို ကြည့်ပြီးလျှင် စဉ်းစားမိလေ၏။ ငါ၏မိဘများသည် များပြောင်လှစွာသော ဤ ရွှေငွေရတနာ ဘဏ္ဍာပစ္စည်းတို့ကို ရရှိပိုင်ဆိုင်ခဲ့ကြသော်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့် မလွှဲနိုင်သော ဤလောကဓမ္မတာအတိုင်း သေလွန်ခဲ့ကြရလေပြီ။

http://www.dhammadownload.com



သူတို့ ရှာဖွေထားရှိခဲ့သော ပစ္စည်းများသည် သူတို့ သေလွန်ရာသို့မပါချေ။ ယခု ငါသည် ဆက်လက်၍ ခံစားစံစားနေရပေသည်။ ဤရွှေငွေရတနာ ဥစ္စာစည်းစိမ်များသည် တစ်နေ့သ၌ ငါ သေလွန်ခဲ့သော် ကျန်ရစ်ခဲ့ကြပေလိမ့်မည်။ ငါ့နောက်သို့ ပစ္စည်းဘဏ္ဍာများသည် ပါမည်မဟုတ်ပေ။ ကုသိုလ်ကောင်းမှုသည်သာလျှင် ငါ့နောက်သို့ ပါဖွယ်ရှိသည်။ ငါသည် ဤပစ္စည်းများကို အလိုမရှိတော့၍ ယနေ့ စွန့်ပစ်ကာ ကုသိုလ်ရှာတော့အံ့။

ဤသို့ စိတ်အကြံဖြစ်လာသော သုမေဓာသူဌေးသည် ကျေးကျွန် အခြွေအရံ များစွာတို့ကို ခေါ်ပြီးနောက် ရွှေငွေရတနာ ဘဏ္ဍာပစ္စည်း မှန်သမျှတို့ကို ပေးကမ်းစွန့်လှူခဲ့ပြီးသော် ဟိမဝန္တာတောသို့ ဝင်၍ တရားဓမ္မ အားထုတ်ကာ နေလေရာ ဈာန်အဘိညာဉ်ကို ရရှိ၍ သုမေဓာရသေ့ ဟု ထင်ရှားစွာ ဖြစ်လာပြန်လေ၏။

ထိုအချိန်အခါသည် ဒီပင်္ကရာ ဟူသော ဘွဲ့အမည်တော်ဖြင့် ဗုဒ္ဓတစ်ဆူ ပွင့်တော်မူနေသောကာလ ဖြစ်ပေ၏။

တစ်နေ့သ၌ သုမေဓာ ရှင်ရသေ့သည် ဈာန်အဘိညာဉ် တန်ခိုးဖြင့် ရမ္မာ ဟူသော မြို့ပေါ်မှ ကောင်းကင်ခရီးဖြင့် ဖြတ်၍ ကြွလာလေရာ မြို့သူမြို့သားတို့သည် ဒီပင်္ကရာဘုရား ကြွလာတော်မူမည် ဖြစ်၍ ခရီးလမ်းပန်းသာယာအောင် ပြုပြင်နေ ကြသည်ကို မြင်ရလေ၏။ ရှင်ရသေ့လည်း ကောင်းကင်မှ ဆင်းသက်၍ မေးမြန်းစုံစမ်းသဖြင့် အကြောင်းကိုသိရသော် မိမိလည်း ဒီပင်္ကရာဘုရား ကြွတော်မူရန် လမ်းပြင်လို၍ မြို့သူမြို့သား လူအများနည်းတူ မြေတစ်ကွက်ကိုယူ၍ ညီညာသောလမ်းမ ဖြစ်စေရန် ရွှံ့ညွှန်တို့ကို ဖယ်ရှားနေပေ၏။

ဒီပင်္ကရာဘုရားသည် နောက်ပါ သံဃာတော်များနှင့် ကြွလာတော်မူသော အခါ ရှင်ရသေ့ ပြင်ဆင်နေသောနေရာတွင် ရွှံ့ညွှန်များ မစင်သေးသဖြင့် ဘုရားခြေတော်စုံကို ရွှံ့ညွှန်များ မပေလူးစေရန် ရှင်ရသေ့ကိုယ်တိုင် လမ်းမပေါ်တွင် မှောက်ကာ တံတားအဖြစ် ခင်းပေးပေ၏။

ထိုအနီးသို့ သုမိတ္တာ အမည်ရှိသော အမျိုးသမီးတစ်ဦးသည် ကြာပန်းရှစ်စည်းကို ယူလာပြီးသော် ရှင်ရသေ့အား ငါးစည်းကမ်းကာ ကျန် သုံးစည်းဖြင့် ဘုရားကို ရိုသေစွာ ဝပ်၍ကန်တော့လေ၏။

http://www.dhammadownload.com



သုမေဓာ ရှင်ရသေ့လည်း ကြာပန်း ငါးစည်း ကို ဘုရားအား လှူပြီးနောက် နောင်အခါ တပည့်တော်သည် အရှင်ဘုရားကဲ့သို့ သတ္တဝါအများကို သံသရာ ဆင်းရဲမှ ကယ်တင်နိုင်သော ဗုဒ္ဓတစ်ဆူ ဖြစ်ရပါလို၏ဟု ဆုတောင်းလိုက်လေ သည်။

ဒီပင်္ကရာဗုဒ္ဓသည် နောင်ကာလကို မျှော်ရှုပြီးသော် ဤရှင်ရသေ့သည် နောင် ကာလ၌ ဂေါတမ ဟူသော ဘွဲ့အမည်တော်ဖြင့် ဗုဒ္ဓတစ်ဆူ ဖြစ်လတ္တံ့။ ကြာပန်း သုံးစည်းကို လှူသော ဤအမျိုးသမီးသည်လည်း ဂေါတမဗုဒ္ဓ အလောင်းတော်၏ ပါရမီဖြည့်ဖက် ဖြစ်ပေအံ့ ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသတည်း။



သုမေဓာနှင့် သုမိတ္တာတို့အား ဒီပင်္ကရာဘုရား ဗျာဒိတ်ထားတော်မူနေပုံ

အလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာဗုဒ္ဓ၏ ဗျာဒိတ်တော် အတိုင်း ဘဝများစွာ သံသရာ၌ မဆုတ်မနစ်သော လုံ့လဖြင့် ဗုဒ္ဓအဖြစ်ကို ရရှိရန် ပါရမီတော်တို့ကို ဖြည့်ဆည်းခဲ့ရာ ဗုဒ္ဓစင်စစ် မဖြစ်သေးမီ တစ်ဘဝ၌ တုသိတာနတ်ပြည်ဝယ် သေတကေတု အမည်ရှိသော နတ်သား ဖြစ်လာလေ၏။

သေတကေတု နတ်သားသည် တုသိတာ နတ်ပြည်ဝယ် နတ်တို့၏ အရေ အတွက်အားဖြင့် အနှစ်လေးထောင်၊ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း

http://www.dhammadownload.com



ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းစေ့အောင် နတ်တို့၏ စည်းစိမ်ဖြင့် ခံစား၍ နေလေ၏။

ထိုအခိုက် လူတို့ပြည်ဝယ် အနှစ်တစ်ထောင်က စတင်၍ ဗုဒ္ဓတစ်ဆူ ပွင့်တော်မူလိမ့်မည် ဟူသော ကောလာဟလ သတင်းစကားများ ကျော်ကြားကာ လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက်ဖြစ်လျက် ပျော်ရွှင်မြူးထူးနေကြလေသည်။

ဤသို့ လူ့ပြည်မှ လူအပေါင်းတို့က ဗုဒ္ဓကို ဖူးမြင်လို၍ မျှော်လင့်မြူးရွှင်နေကြသည်ကို နတ်မင်း၊ ဗြဟ္မာမင်းတို့ သိလေ၍ ဘုရားအလောင်း သေတကေတု နတ်သားရှိရာသို့ စုရုံးလာကြပြီးသော် အလောင်းတော်နတ်သား၊ ဘုရားဖြစ်ချိန်တန်ပါပြီ။ လူ့ပြည်ဝယ် လူအပေါင်းတို့သည် ဗုဒ္ဓ၏ တရားထူး၊ တရားမြတ်များကို နာကြားလို၍ မျှော်လင့်မြူးထူးနေကြပါပြီ။ အလောင်းတော် နတ်သားသည် ဗုဒ္ဓအဖြစ်ကို ယူကာ သတ္တဝါအပေါင်းတို့အား တရားဒေသနာ ဟောကြားတော်မူပါဟု တောင်းပန်ကြကုန်၏။

ထိုသို့ တောင်းပန်ကြလေသော် အလောင်းတော် နတ်သားလည်း ဘုရားဖြစ်ရန် အခါကာလ၊ ဘုရားဖြစ်ရန် နေရာဒေသနှင့် ဘုရားဖြစ်ရမည့် အမျိုးအနွယ်စသည်တို့ကို စဉ်းစား ကြည့်ရှုတော်မူ၏။

ဘုရားဖြစ်ရန်ကား လူတို့၏သက်တမ်း ရှည်လွန်းလျှင် မမြဲသော သင်္ခါရတရားကို သတ္တဝါတို့သည် မမြင်နိုင်ကုန်၊ သက်တမ်း တိုလွန်းလျှင်လည်း သတ္တဝါတို့တွင် လောဘ၊ ဒေါသ၊ မောဟ ဟူသော အမိုက်တရားများ အားကောင်းနေသည့်အခါ ဖြစ်၍ တရားဒေသနာကို သက်ဝင်ယုံကြည်နိုင်ဖွယ်မရှိ။ ယခုအခါသည် လူတို့၏သက်တမ်း အနှစ်တစ်သိန်းမှဆုတ်၍ တစ်ရာတမ်းမျှ နေကြရသော ကာလဖြစ်သဖြင့် လူတို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားကို သိနိုင်မြင်နိုင်ကြပေမည်။

ဘုရားဖြစ်ရမည့် အရပ်သည်လည်း ရှေးဘုရားများစွာတို့ ပွင့်တော်မူရာဖြစ်သော ဤဇမ္ဗူဒိပ်ကျွန်းရှိ မဇ္ဈိမဒေသဌာနသာလျှင် သင့်လျော်ပေသည်။

ဘုရားဖြစ်ရမည့် အမျိုးအနွယ်သည်လည်း မင်းမျိုး၊ ပုဏ္ဏားမျိုးတို့သာလျှင် ဘုရားတကာတို့ ပွင့်မြဲဖြစ်သည်။ ဤအမျိုးနှစ်စုတွင်လည်း ယခုအခါ မင်းမျိုးသည်သာလျှင် သင့်မြတ်ပေသည်၊ ထိုမင်းမျိုးတို့တွင်လည်း သက္ကတိုင်း၊ ကပိလဝတ်ပြည်


http://www.dhammadownload.com



ကြီးကို အစိုးရသော သုဒ္ဓေါဒနမင်းကြီးသည် ရှေးမဟာသမ္မတ မင်းမှစ၍ ဆင်းသက်ခဲ့သော မြတ်သောမင်းမျိုး ဖြစ်ပေသည်။

ထိုမင်း၏ မိဖုရားသည်လည်း ခပ်သိမ်းသော အယုတ်တရားတို့မှ ကင်းလျက် မကျိုးမပျက်သော ပဉ္စသီတရားရှိသူသည် ငါ၏အမိဖြစ်ခြင်းငှာ ထိုက်ပေ၏။

ဤသို့ အလောင်းတော် သေတကေတုနတ်သားသည် လူတို့ပြည်ဝယ် ဘုရားဖြစ်ရန် သင့်တော်၏ဟု ဆင်ခြင်ပြီးလျှင် နတ်ဗြဟ္မာ အပေါင်းတို့အား ကောင်းပြီဟု ဝန်ခံတော်မူ၏။ ယင်းသို့ ဝန်ခံတော်မူပြီးမှ အလောင်းတော် နတ်သားသည် နတ်အပေါင်း ခြံရံလျက် နန္ဒဝန် အမည်ရှိသော နတ်ဥယျာဉ်သို့ဝင်၍ စုတေခဲ့ပြီးသော် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသအလယ်ရှိ သက္ကတိုင်း၊ ကပိလဝတ်ပြည်ကြီးရှင်



မယ်တော်မာယာ အိပ်မက်မြင်မက်ပုံ

ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီဖြစ်သော သီရိမဟာမာယာ မိဖုရားကြီးဝမ်း၌ ကွဲလမ်းသန္ဓေ တည်နေတော်မူ၏။

ဝါဆိုလပြည့် ကြာသပတေးနေ့၌ မဟာမာယာ မိဖုရားကြီးသည် သီတင်းသီလ ဆောက်တည်ပြီး၍ ကျက်သရေရှိသော တိုက်ခန်းတွင်းရှိ သလွန်ပေါ်၌ လျောင်းစက်ခဲ့ရာ ညသန်းခေါင်ယံအချိန်တွင် ထူးဆန်းသော အိပ်မက်ကို မြင်မက်တော်မူလေသည်။

http://www.dhammadownload.com



စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့သည် မဟာမာယာ မိဖုရားအား သလွန်တော်နှင့်တကွ ချီမသွားပြီးလျှင် ဟိမဝန္တာ ရှိ အင်ကြင်းပင်ကြီးအောက် ကျောက်ဖျာထက်၌ ချထားကြလေ၏။ ထိုအခါ နတ်မိဖုရားလေးယောက်တို့ ရောက်လာ၍ မိဖုရားအား အနဝတတ်အိုင် မှ ရေစင်ဖြင့် ချိုးစေပြီးလျှင် နတ်ပန်းနံ့သာ နတ်တန်ဆာတို့ကို ဆင်ယင်စေလျက် ငွေတောင်ထွတ်ပေါ်ရှိ ရွှေဗိမာန်သို့ ယူဆောင်အိပ်စေပြန်သည်။ ထိုအခါ ငွေရောင်အဆင်းကဲ့သို့သော ဆင်ပြောင် ရတနာတစ်စီးသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏ လက်ယာနံပါးကို လှစ်ကာ ဝင်လာသည်ဟု မြင်မက်တော်မူလေသည်။ ဤသို့ အလောင်းတော်မြတ် သန္ဓေတည်နေသောအခါ စကြဝဠာတိုက်တစ်သောင်းသည် ကောင်းကြီးပြုသကဲ့သို့ ကြီးစွာသော တုန်လှုပ်ခြင်း ဖြစ်ပေါ်လေသတည်း။

http://www.dhammadownload.com

[illegible]


KYAW PHYU SAN
9/2010

http://www.dhammadownload.com

## ၂ - ဘုရားအလောင်း ဖွားတော်မူခြင်း

သန္ဓေယူကာ၊ ဆယ်လကြာသော်၊
မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊
ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္ယ၊
မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊
နတ်လူအောင်မြို့လမ်းပါကို။ ။

ယင်းသို့ ဘုရားအလောင်း ပဋိသန္ဓေ တည်နေတော်မူ၍ ဆယ်လစေ့သော အခါ မဟာမာယာ မိဖုရားသည် မယ်တော်၊ ခမည်းတော်၊ ဆွေတော်မျိုးတော်တို့၏ နေရာဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာလေ၏။

ထိုအကြောင်းကို သိရိသုဒ္ဓေါဒန မင်းကြီးအား ကြားလျှောက်ပေသော် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏အကြား ခရီးတစ်လျှောက်၌ မင်းတို့၏ အခမ်းအနား အဆောင်အယောင်တို့ကို ခင်းကျင်းစေပြီးလျှင် စစ်အင်္ဂါလေးပါး ဝန်းရံစေလျက် မိဖုရားအား ရွှေထမ်းစင် စီးစေကာ ထွက်ကြွတော်မူစေလေ၏။

ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏ အကြားဝယ် နှစ်ပြည်ထောင် လူအပေါင်းတို့ ဆွတ်သုံးနားနေရာ လုမ္ဗိနီအင်ကြင်းဥယျာဉ် ရှိလေ၏။ မိဖုရား ထွက်တော်မူလာသော အခါသည် အင်ကြင်းပန်းများ ဝေဆာစွာပွင့်လျက် ပျားငှက်ပိတုန်းတို့ နားနေစားသုံးကာ အလွန်သာယာနေဆဲအခါ ဖြစ်ပေ၏။

http://www.dhammadownload.com



မိဖုရားသည် သာယာတင့်တယ်လှသော ထိုလုမ္ဗိနီ အင်ကြင်းဥယျာဉ်ကို မြင်တော်မူရာ အင်ကြင်းပန်းများကို ကိုယ်တော်တိုင် ဆွတ်ခူးကာ ကစားမြူးပျော်လိုသော စိတ်တော်ဖြင့် ညွတ်ကျလာသော အင်ကြင်းကိုင်း ကို လက်တော်ဖြင့် လှမ်း၍ ဆွတ်ခူးတော်မူစဉ် ထူးခြားကောင်းမြတ်သော အတိတ်ထူး၊ နိမိတ်ထူးများသည် ရုတ်ခြည်းပင်လျှင် ဖြစ်ပေါ်လာလေ၏။

အာကာသ ကောင်းကင်တွင် ကြယ်အပေါင်း ခြံရံလျက် နေမင်း၊ လမင်းတို့သည် တစ်ပြိုင်နက် ထွက်ပေါ်လာကြသည်။

မဟာပထဝီ မြေကြီးတွင် ကြီးစွာသော တုန်လှုပ်ခြင်း ဖြစ်ပေါ်လာသည်။

ဤသို့ အစရှိသော သုံးဆယ့်နှစ်သွယ်သော ထူးခြားကောင်းမြတ်သည့် အတိတ်ထူး၊ နိမိတ်ထူးများ ဖြစ်ပေါ်လာရခြင်းဖြင့် ဘုရားအလောင်း ဖွားမြင်တော်မူမည်ဟု သိရှိကြလေ၍ မိဖုရားအား အထိန်းအယ မောင်းမတို့က ရုတ်ခြည်းပင်လျှင် တင်းတိမ်အကာအရံတို့ဖြင့် ပြုလုပ်ပြီးကာ စောင့်ရှောက်ပြုစုကြစဉ် ပြည့်ဝန်းသော လစန္ဒာ၏ အဆင်းကဲ့သို့ ဝင်းဝင်းပပ တင့်တယ်လှပသော လက္ခဏာကြီးငယ်နှင့် ပြည့်စုံသည့် အလောင်းတော်မင်းသားကို မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် သန့်ရှင်းစင်ကြယ်စွာ ဖွားမြင်တော်မူလေသတည်း။

အလောင်းတော်မင်းသားသည် မယ်တော်၏ ဝမ်းကြာတိုက်မှ ဖွားမြင်တော်မူသောအခါ သူတစ်ပါးတို့ ဖွားမြင်သကဲ့သို့ အညစ်အကြေးများဖြင့် လိမ်းကျံရစ်ထွေးခြင်း မရှိ။ ပကတိသော လှော်သစ်စ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ စင်ကြယ်စွာ ဖွားမြင်လေ၏။

ထိုအခိုက် ရဟန္တာဖြစ်ပြီးသော ဗြဟ္မာကြီး လေးယောက်တို့သည် ရတနာတို့ဖြင့် ပြုလုပ်သော ရွှေကွန်ရက်ဖြင့် ဖြန့်လျက် အလောင်းတော်ကို ခံလာကုန်သည်။

ထို့နောက် စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် နုထွတ်ညက်ညောသော သစ်နက်ရေဖြင့် ဖြန့်လျက် အလောင်းတော်ကို ခံလာကုန်သည်။

ထို့နောက်မှ လူမင်းသား လေးယောက်တို့သည် အဖိုးမဖြတ်နိုင်သော ဘွဲ့ဖြူပုဆိုးဖြင့် ဖြန့်လျက် အလောင်းတော်ကို ခံလာကုန်သည်။

http://www.dhammadownload.com





ဘုရားလောင်းဖွားတော်မူခြင်း

ဤသို့ အဆင့်ဆင့် ခံယူကြပြီးသော် မယ်တော်မဟာမာယာ မိဖုရားထံ ချဉ်းကပ်ကြ၍ အရှင်မိဖုရား ဘုန်းတန်ခိုးရှိသော အလောင်းတော် သားမြတ်ရတနာကို ဖွားမြင်ပါပြီဟု မင်္ဂလာသတင်း ဆက်သကြလေ၏။ ထိုအခါ အလောင်းတော်မင်းသားသည် မြေသို့ ဆင်းသက်၍ အရှေ့အရပ်မှ မြောက်အရပ်သို့ လှည့်ကာ ခုနစ်ဖဝါးမျှ လှမ်းတော်မူပြီးသော် ခြေတော်စုံဖြင့် မတ်မတ်ရပ်တော်မူလျက် လောကအလုံးတွင် ငါသာလျှင် အမြတ်ဆုံးတည်းဟူ၍ သုံးကြိမ်မျှ ကြုံးဝါးတော်မူလေသတည်း။

ထိုသို့ ကြုံးဝါးတော်မူသောအခါ ဗြဟ္မာကြီးသည် အလောင်းတော်မင်းသားအား ထီးဖြူမိုးကာလျက် ရှိခိုးပူဇော်လေ၏။

သုယာမနတ်မင်းသည် သားမြီးယပ်ခတ်လျက် ရှိခိုးပူဇော်လေ၏။ တစ်ပါးသော နတ်တို့ကလည်း သံလျက်၊ ခြေနင်း၊ သင်းကျစ်တို့ဖြင့် ကောင်းချီးကြွေးကြော် ရှိခိုးပူဇော်ကြကုန်သည်။

အတိုင်းမသိ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်

http://www.dhammadownload.com



အလောင်းတော်မင်းသားအား အလုံးစုံသော လောကဓာတ် သုံးရပ်တွင် အရှင်နှင့် တူသောသူကား မရှိပြီ ဟု ဦးယုက်တိုက်ကာ ပူဇော်လာကြလေကုန်သတည်း။

ဘုရားအလောင်း ဖွားမြင်သည်နှင့် တစ်ပြိုင်နက် ဒေဝဒဟပြည်ကို အစိုးရသော ဦးရီးတော် သုပ္ပဗုဒ္ဓမင်း၏ အမတော မိဖုရားတွင်လည်း ဘဒ္ဒကစ္စာနာမင်းသမီးကို ဖွားမြင်သည်။ ဘထွေးတော် အမိတောဒနတွင်လည်း အာနန္ဒာမင်းသားကို ဖွားမြင်သည်။ ဆန္န၊ ကာဠုဒါယီ၊ ကဏ္ဍက မြင်းတို့လည်း ဖွားမြင်သည်။ မဇ္ဈိမဒေသ၌လည်း မဟာဗောဓိပင် ပေါက်သည်။ ရွှေနန်းတော်အတွင်း၌လည်း သုံး၍ မကုန်နိုင်သော ရွှေအိုးကြီးလေးလုံး ပေါ်လေသည်။

အလောင်းတော်မင်းသားကို ပြည်ကြီးနှစ်ပြည်မှ ဆွေတော်မျိုးတော်တို့ ဝန်းရံလျက် ကပိလဝတ်ပြည်သို့ ပြန်ပို့ကြကုန်၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီး၏ဆရာ သမာပတ်ရှစ်ပါးကိုရသော ကာဠဒေဝိလ ရသေ့ကြီးသည် အဘိညာဉ်တန်ခိုးဖြင့် တာဝတိံသာနတ်ပြည်သို့ နေ့အချိန် သီတင်းသုံးရန် ကြွတော်မူလေရာ နတ်အပေါင်းတို့သည် လူ့ပြည်၌ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနဝယ် ဗုဒ္ဓအလောင်းတော်မင်းသားကို ဖွားမြင်သဖြင့် ဝမ်းသာကြည်နူးစွာ ကခုန်မြူးထူးနေကြသည်ကို တွေ့ရှိရလေ၏။ ရသေ့ကြီးလည်း ရုတ်ခြည်းပင်လျှင် လူ့ပြည်သို့ ဆင်းသက်ခဲ့ပြီးနောက် သုဒ္ဓေါဒနမင်းကြီးထံသို့ သွားကာ သားတော်ဖွားမြင်သည့် အကြောင်းကို မေးလေ၏။ မင်းကြီးက ဟုတ်မှန်ကြောင်းကို လျှောက်ထား၍ သားတော်အား ယူဆောင်စေခဲ့ပြီးနောက် ရသေ့ကြီးအား ကန်တော့စေရန် လက်နှစ်ဖက်ကို ယှက်စေသောအခါ အလောင်းတော် မင်းသားသည် လက်နှစ်ဖက်ကို မယှက်ဘဲ ရုတ်ခြည်းပင် ပျံတက်ပြီးလျှင် ရသေ့ကြီး၏ ဦးခေါင်းထက်တွင် ခြေတော်စုံဖြင့် ရပ်တည်နေပေ၏။

ဤသို့ ဘုရားလောင်း၏ အံ့ဖွယ်ထူးခြားသော အခြင်းအရာကို မြင်လေသော် ရသေ့ကြီးသည် လက်နှစ်ဖက်ကို ယှက်ကာ အလောင်းတော်အား ဦးညွှတ်လျက် သုံးကြိမ်မျှ ကန်တော့ပေ၏။ ဖခင် မင်းတရားသည်လည်း ရှင်ရသေ့ အလားတူ သားတော်မြတ်ကို လက်ယှက်၍ ကန်တော့ဦးခိုက်လေသတည်း။

ရှေ့နောက် ကမ္ဘာလေးဆယ်မှ အဖြစ်တို့ကို သိနိုင်သည့် ဉာဏ်စွမ်းရှိသော ကာဠဒေဝိလ ရသေ့ကြီးသည် ယနေ့ဖွားစဖြစ်သော ဘုရားအလောင်း၏ လက္ခဏာ

http://www.dhammadownload.com



ကြီးငယ်တို့ကို မြင်သော် စင်စစ်မချွတ် ဗုဒ္ဓကေန် ဖြစ်ပေလတ္တံ့ဟု သိ၍ ရယ်လည်း ရယ်တော်မူသည်၊ ငိုလည်း ငိုတော်မူ၏။ သုဒ္ဓေါဒန မင်းကြီးသည် ရသေ့ကြီး၏ ရယ်ခြင်း၊ ငိုခြင်းအကြောင်းတို့ကို မေးလျှောက်လေသော် ရသေ့ကြီးက ဒကာတော် မင်းကြီး၊ သားတော်သည် ဗုဒ္ဓမြတ်မွန် ကေန်စင်စစ် ဖြစ်ပေလတ္တံ့။ ငါရယ်ခြင်း၏ အကြောင်းမှာ အတုမရှိသော ဗုဒ္ဓအလောင်းတော်ကို ဖူးတွေ့ရသဖြင့် ဝမ်းသာ ကြည်နူး၍ ရယ်ခြင်းဖြစ်သည်။ ငိုခြင်း၏ အကြောင်းကား ထိုမင်းသား ဘုရားဖြစ် သောအချိန်၌ ငါသည် ဤလူ့ပြည်၌ မရှိတော့၊ စုတေသေလွန်၍ အထက် အရူပဘုံ၌ ဖြစ်ရပေအံ့။ ဗုဒ္ဓစင်စစ် ဖူးတွေ့ရတော့မည်ကို သိလျက်နှင့် ဗုဒ္ဓ၏ မြတ်သော တရားတော်ကို နာကြားခွင့်မရှိသော ငါ၏ကံကြမ္မာကို ဝမ်းနည်း၍ ငိုခြင်းဖြစ်သည်ဟု ဆိုပေ၏။

မင်းတရားကလည်း ကျွန်ုပ်၏ သားတော်သည် အဘယ်အရွယ်ရှိမှ ဗုဒ္ဓ ဖြစ်လတ္တံ့နည်းဟု မေးလျှောက်လေသော် သက်တော် သုံးဆယ့်ငါးနှစ်တိုင်မှ ဗုဒ္ဓ မြတ်မွန် ကေန်စင်စစ် ဖြစ်ပေလိမ့်မည်ဟု ဆိုပေ၏။

အလောင်းတော် မင်းသားကို ဖွားမြင်သည့်နောက် ငါးရက်မြောက်၌ အမည် မှည့်အံ့သော နေ့သို့ ရောက်သောအခါ မင်းအိမ်တော်ကို နံ့သာမျိုးတို့ဖြင့် ပက်ဖျန်း ကာ မြတ်သောပန်းမျိုးတို့ဖြင့် ဖြိုးဖြိုးပြည့်မျှ ကြဲစေလျက် မင်းသားအားလည်း နံ့သာရေတို့ဖြင့် ခနှစ်ကြိမ်မျှ ချိုးစေပြီးလျှင် ကိုးပါးသော ရတနာအစုထက်၌ နေစေတော်မူ၏။ သုဒ္ဓေါဒနမင်းကြီးလည်း ဗေဒင်သုံးကျမ်း ကမ်းတစ်ဖက်ရောက် တတ်မြောက်စွာသော ပုဏ္ဏားတော် တစ်ရာ့ရှစ်ယောက်ကိုခေါ်၍ အထူးထူးသော စားသောက်ဖွယ်တို့ဖြင့် လုပ်ကျွေးပြုစုပြီးသော် မင်းသား၏ လက္ခဏာနိမိတ်တို့ကို စစ်ဆေး မေးမြန်းတော်မူ၏။

ထိုအခါ တစ်ရာ့ရှစ်ပါးသော ပုဏ္ဏားတော်တို့တွင် ထင်ရှားစွာ တတ်မြောက် သော ရာမ၊ ဓဇ၊ လက္ခဏ၊ ဇောတိမန္တ၊ ယည၊ သုဘောဇ၊ သုယာမ ဟူသော ပုဏ္ဏား ခုနစ်ယောက်တို့က လက်နှစ်ချောင်းကို မြှောက်၍ အရှင့်သားမြတ်သည် ကျွန်းကြီးလေးရပ်ကို လှည့်လည်ပိုင်သသော စကြာမင်းသော်လည်း ဖြစ်အံ့၊ လူတွင် ထင်ရှား တရားမြတ်ကို ပြတော်မူသော ဗုဒ္ဓသော်လည်း ဖြစ်ပေအံ့ဟူ၍ စကား နှစ်ခွ လျှောက်ကြားကြ၏။

http://www.dhammadownload.com





သုဒ္ဓေါဒနမင်းကြီးက ဘုရားလောင်း၏ ဇာတာ စစ်ဆေးတော်မူခြင်း

သုဒတ္တ အမည်ရှိသော ပုဏ္ဏားငယ်တစ်ယောက်ကမူကား အရှင့်သားသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ အုံ့ဖွယ်တစ်ဆယ့်နှစ်ဖြာ၊ တစ်ရာ့ရှစ်ကွက်သော စက်တော် အစုံပါပေသည်။ သုံးဆယ့်တစ်ဘုံတွင် တစ်စုံတစ်ယောက်သောသူမျှ အတုမရှိ တရားမင်းစင်စစ် ဗုဒ္ဓသာလျှင် ဖြစ်ပါလိမ့်မည်။ လူတို့ဘောင်တွင် တည်မြဲအံ့သောဂှာ မဟုတ်ပါ ဟု လက်ညှိုးတစ်ချောင်းကိုသာ မြှောက်၍ လျှောက်ကြားလေသည်။

ထိုစကားကိုကြားသော် ခမည်းတော် မင်းတရားသည်လည်း ငါ၏သားတော်သည် ဘုရားဖြစ်အံ့ဟုဆိုသော် အဘယ်အကြောင်းကို မြင်၍ လူ့ဘောင်တွင် မပျော်ရွှင်ဘဲ ရှောင်လွှဲတောထွက်ကာ ဗုဒ္ဓအဖြစ်ကို ယူတော်မူမည်နည်းဟု မေးတော်မူ၏။

သုဒတ္တ ပုဏ္ဏားကလည်း အရှင့်သားသည် ကြီးမားရင့်မာသော ပါရမီဘုန်းကံ ပညာသတ္တိ ရှိသူဖြစ်ပါသည်။ လူမင်းစည်းစိမ်ချမ်းသာတွင် စုံမက်ခြင်းကင်းပါလိမ့်မည်။ သူအို၊ သူနာ၊ သူသေ၊ ရဟန်း တည်းဟူသော နိမိတ်လေးပါးကို မြင်၍ သတိသံဝေဂရသဖြင့် မုချဆတ်ဆတ် တောထွက်ပါလိမ့်မည်ဟု လျှောက်ကြား၏။

http://www.dhammadownload.com



ထို့နောက် မင်းသား၏ အမည်နာမကို ရွေးချယ်ကြကုန်သော် အလုံးစုံသော လူနတ်တို့၏ အလိုခပ်သိမ်းကို ပြီးငြိမ်းစေတတ်ရကား သိဒ္ဓတ္ထ ကုမာရ ဟူသော အမည်ကို မှည့်၏။

ထိုအမည်မှည့် မင်္ဂလာအခါနေ့ရက်၌ စုဝေး ရောက်လာကြကုန်သော ဆွေတော်မျိုးတော်အပေါင်းတို့သည် တစ်ယောက် တစ်ယောက်သော မင်းသားတို့ကို အခြွေအရံဖြစ် ဆောင်နှင်းကြကုန်သည်။ များစွာသောအထိန်းအယ မောင်းမ ကိုယ်လုပ်တို့ကိုလည်း အပ်နှင်းကြလေကုန်သတည်း။

ခမည်းတော် သုဒ္ဓေါဒန မင်းတရားသည် သား၏ ရဟန်းဖြစ်ခြင်းကို မနှစ်သက်၊ ကျွန်းငယ်နှစ်ထောင် ရံဝန်းသော ကျွန်းကြီးလေးရပ်ကို လှည့်လည် ပိုင်နိုင်သည့် စကြာမင်းဖြစ်သည်ကိုသာ မြင်ရလိုကား သားတော်၏ သံဝေဂ ရခြင်းအကြောင်း မရှိစေရန် ပြည်တွင်းပြည်ပ အရပ်တို့၌ အစောင့်အရှောက်များ ချထားလျက် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကို မမြင်စေရုံမျှမက သတင်းစကား ကိုမျှပင် မကြားရလေအောင် ကြံဆောင် အားထုတ်တော်မူ၏။

အလောင်းတော်မင်းသားကို ဖွားမြင်၍ ခုနစ်ရက်မြောက်သောနေ့ဝယ် မယ်တော်မာယာ မိဖုရားသည် များစွာသော အန္တရာယ်မတွေ့ဘဲ စုတေခဲ့ပြီးသော် သန္တုသိတ အမည်ရှိသော နတ်သားဖြစ်လေ၏။

မယ်တော် နတ်ပြည်စံလေသော် မိထွေးတော်ဖြစ်သော မဟာပဇာပတိ ဂေါတမီ မိဖုရားသည် သားတော် နန္ဒာမင်းသား ကို နို့ထိန်းတို့ထံ အပ်နှင်း၍ အလောင်းတော်မင်းသားကို ကိုယ်တိုင်နို့တိုက်၍ မွေးမြူတော်မူ၏။ ဤသို့ သိဒ္ဓတ္ထ မင်းသားကို ဖွားမြင်၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းကြီးသည် မှူးမတ် ဗိုလ်ပါအပေါင်း ခြံရံလျက် လယ်ထွန်မင်္ဂလာပြုတော်မူသည်။ ထိုအရပ်၏ အနီးရှိ ဇမ္ဗုသပြေပင်ရင်းဝယ် အထိန်းအယ မိန်းမတို့သည် မင်းသားအား တင်းတိမ် တို့ဖြင့် ကာရံခင်းကျင်းလျက် သိပ်ထားကြလေ၏။

အထိန်းမိန်းမတို့လည်း မင်းကြီး၏ လယ်ထွန်မင်္ဂလာကို ရှုမျှော် ငေးမော မေ့လျော့နေစဉ် အလောင်းတော်မင်းသားသည် သိပ်ထားသောနေရာထက်၌ ထိုင် နေတော်မူပြီးလျှင် အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် ပထမဈာန်ကို ဝင်စား တော်မူ၏။ အလောင်းတော်မင်းသား၏ ဘုန်းတော်ကြောင့် ဇမ္ဗုသပြေအရိပ်သည်

http://www.dhammadownload.com



နေသွားရာသို့ မရွေ့လျားဘဲ နံနက်မှသည် ညနေစောင်းသည်ထိတိုင်အောင် ထီးဖြင့် မိုးသကဲ့သို့ တည်နေလေ၏။ နို့ထိန်းမိန်းမတို့သည် သတိရသဖြင့် တင်းတိမ်တွင်းသို့ ဝင်၍ ကြည့်ရှုကြလေသော် အလောင်းတော်မြတ်၏ သမာပတ်ဝင်စားနေသည့် အခြင်းအရာကို မြင်၍ မင်းကြီးထံ လျှောက်ကြားကြလေ၏။ မင်းကြီးလည်း လျင်မြန်စွာလာ၍ ရှုမြင်သော် သားတော်မြတ်၏ အခြင်းအရာကို မြင်သဖြင့် ရွှင်ကြည်ညွတ်တုပ် လက်အုပ်ချီမိုး ရှိခိုးပူဇော်တော်မူ၏။

ဤကား ခမည်းတော်၏ နှစ်ကြိမ်မြောက် ပူဇော်ခြင်းပေတည်း။

ဤမှ အစဉ်အတိုင်း ကြီးပွား၍ ဘုရားလောင်း ခုနစ်နှစ်သား အရွယ်သို့ ရောက်သောအခါ ခမည်းတော်မင်းမြတ်သည် မှူးမတ်အပေါင်းတို့ကို စည်းဝေး စေ၍ ခုနစ်နှစ်အရွယ်မည်သော သားတော်တို့သည် အဘယ်အမှုအရာကို လွန်စွာ မြတ်နိုးတတ်ပါသနည်း၊ အဘယ်သို့ မိဘများက ချီးမြှောက်သဖြင့် တင့်တယ်ရာ ပါသနည်းဟု မေးတော်မူ၏။ အမတ်တို့ကလည်း ဤအရွယ်သို့ ရောက်သော မင်းသားတို့မည်သည် ရေပွဲသဘင် ပျော်ရွှင်ခြင်းကို အလိုရှိတတ်ပါသည်။ ဤသို့ ချီးမြှင့်ရန် သင့်တော်ပါသည်ဟု လျှောက်ကုန်ကြလျှင် ဖခင် မင်းတရားလည်း မြို့ပြုပြင်သော လက်သမားတို့ကို ခေါ်၍ ဤမည်သော ဌာန၌ လှပကြီးကျယ်သော ရေကန်ကို ပြုပြင်စီမံကြလေကုန်ဟု စေတော်မူ၏။ ထိုလက်သမားတို့လည်း ရေကန် နေရာကို တိုင်းတာကြပြီးသော် ယနေ့ကား အကာလဖြစ်ခဲ့ပြီ။ မနက်ဖြန် နံနက်မှ ဆက်လက်၍ ပြုပြင်ကြကုန်အံ့ဟု အိမ်သို့ ပြန်ကြလေ၏။

ထိုအခါ သိကြားမင်းသည် အလောင်းတော်မင်းသား ပျော်ပါးရန် ရေကန် ပြုမည်ကို သိသဖြင့် ဝိသုကြံနတ်သားအား ခေါ်၍ အချင်း ဝိသုကြံနတ်သား အလောင်းတော် ပျော်ပါးရန်ရေကန်ကို သင်သွား၍ ဖန်ဆင်းပါချေဟု ဆိုလိုက်သဖြင့် ဝိသုကြံနတ်သားသည် လူ့ပြည်သို့ အလျင်အမြန် ဆင်းသက်ခဲ့ပေ၏။ ဝိသုကြံ နတ်သားသည် ညဥ့်သုံးယံအတွင်း၌ အလောင်းတော် ပျော်ပါးရန် ရေကန်ကြီးကို အံ့မခန်းဖွယ်ရာ ထူးဆန်းလှပစွာ ဖန်ဆင်းခဲ့ပြီးနောက် နတ်ပြည်သို့ ပြန်တက်ခဲ့ လေ၏။

နံနက်ကာလ လူတို့မြင်ကြလေသော် ထူးဆန်း အံ့သြဖွယ်ရာသော ဤ

http://www.dhammadownload.com



ရေကန်သည် ညဥ့်သုံးယံအတွင်း အလိုအလျောက် ဖြစ်ပေါ်လာပါသည်ဟု သုဓ္ဒေါဒန မင်းကြီးအား လျှောက်ကြားကြလေသည်။

မင်းကြီးလည်း ထွက်သွားကာ ရှုတော်မူသော် ငါ့သားတော် ဘုန်းကံကြောင့် နတ်ဖန်၍ ပေးလာပေသည်ဟု ဝမ်းသာစွာဖြင့် သားတော်အား ဆောင်နှင်းတော်မူ၏။ အလောင်းတော်မင်းသားလည်း နတ်သိကြားများကဲ့သို့ များစွာသော အခြွေအရံတို့ဖြင့် နတ်ရေကန်အလယ်တွင် တင့်တယ်စွာ ရေကစားတော်မူလေသတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၃ - ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊
ပျိုနုနယ်၌၊ ဆုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊
ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊
ရှယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊
လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊
ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊
စုံမြိုင်ပင်ရိပ်ခန်းမှာကို။ ။

**(လယ်တီဆရာတော်ဘုရား)**

အလောင်းတော် သိဒ္ဓတ္ထမင်းသား တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် ဘေးတော် ဘိုးတော်တို့ အဆက်ဆက်ပင် တစ်ကြိမ်တစ်ရံမျှ မစံစားဖူးသော ထူးမြတ်လှသည့် ကာလသုံးစု ဥတုသုံးပါးတွင် အလှည့်ကျစံနေနိုင်သည့် ရမ္မ၊ သုရမ္မ၊ သုဘ အမည်ရှိသော ရွှေနန်းသုံးဆောင်ကို တည်ဆောက်၍ မင်းသားစံတော်မူရန် အပ်နှင်းပေ၏။

ရွှေနန်းသုံးဆောင်ကို အပ်နှင်းပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် ဤသို့ကြံတော်မူ၏။ ငါ၏ သားတော်သည် မယား၊ သားတို့နှင့် တင့်တယ်စွာနေရန်

http://www.dhammadownload.com





အလောင်းတော် လေးအတတ်ပြခြင်း

သင့်ပေပြီ။ လူတို့ဘောင်တွင် အိမ်ရာထောင်ခြင်းဖြင့် ပျော်ပိုက်နေမှသာလျှင် စကြာမင်း ဖြစ်လိမ့်မည်။ ငါသည်လည်း ထိုအခါမှ စကြာမင်း၏အဖ ဖြစ်ရပေမည်ဟု ဆွေတော်မျိုးတော်အပေါင်းတို့ထံ သမီးကညာ ပို့ဆက်ပါမည့်အကြောင်း ရာဇသံရွှေပေဖြင့် စေလွှတ်တော်မူ၏။

ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်ရှိ ဆွေတော်မျိုးတော်တို့သည် ရာဇသံရွှေပေ ရောက်ရှိလာသောအခါ ဤသို့ ဆိုကြကုန်၏။ ဤသိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်လတ္တံ့ဟူသော ပုဏ္ဏားတို့စကားကြောင့် ဂုဏ်မာန်တက်ကာ အဘယ်အတတ်ကိုမျှ မသင်ကြား၊ အဆင်းအားဖြင့်သာလျှင် တင့်တယ်၍ အတတ်ပညာ ကင်းသူဖြစ်သည်။ ငါတို့၏ ရင်သွေးကို ပို့ဆက်ရန် မသင့် ဟု သမီးကညာ မဆက်ကြလေ။

ဆွေတော်မျိုးတော်တို့၏ စကားကို မှူးမတ်တို့က မင်းကြီးအား ပြန်ကြားလေသော် မင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသားအား တစ်ဆယ့်ရှစ်ပါးသော ပညာရပ်များကို သင်ကြားရန် တိုက်တွန်းတော်မူ၏။ ထိုအခါ အလောင်းတော် မင်းသားက ခပ်သိမ်းသော အတတ်ပညာတို့ကို သင်ကြားရန် မလိုပါ။ အမိဝမ်းမှပင်

http://www.dhammadownload.com



တတ်မြောက်ပြီး ဖြစ်ပါသည်ဟု ဆိုတော်မူ၏။ ထိုအခါ ခမည်းတော် မင်းတရားသည် အားရဝမ်းသာတော်မူလှသဖြင့် နှစ်ဖက်သော ဆွေတော်မျိုးတော်တို့ အလယ်တွင် သားတော်အား ဗိုလ်တစ်ထောင်တင်သော လေးတော်ကို အပ်၍ လေးအတတ်ကို ပြစေတော်မူ၏။ ထိုမျှမကသေး မင်းအဆက်ဆက်တို့သော်မှ မတတ်စွမ်းသော အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို အံသြချီးပ၍ မကုန်နိုင်အောင် ပြတော်မူ၏။ မမြင်စဖူးသော ဘုရားအလောင်းတော်၏ အတတ်ပညာစွမ်းကို မြင်ကြရသော မဟာဆွေတော်မျိုးတော်အပေါင်းတို့သည် အလောင်းတော်မင်းသားအား ရိုသေဦးညွှတ်လျက် သားကောင်း သမီးကောင်းနှင့်တကွ လက်ဆောင်ပဏ္ဏာများစွာတို့ကို ပို့ဆက်ကြလေ၏။ ဒေဝဒဟပြည်ကို အစိုးရသော ဘထွေးတော် သုပ္ပဗုဒ္ဓမင်းကလည်း ဘဒ္ဒကစ္စနာ အမည်ရှိသော သမီးတော်အား မောင်းမအပေါင်း ခြံရံလျက် ပို့ဆက်လာလေ၏။

ကပိလဝတ်ပြည်သို့ရောက်လျှင် အလောင်းတော်မင်းသားသည် ဘဒ္ဒကစ္စနာမင်းသမီးအား ယသော်ဓရာ ဗိမ္ဗာဒေဝီ ဟူသော အမည်ဖြင့် မိဖုရား မြှောက်တော်မူသည်။

ဤသို့ ရွှေနန်းသုံးဆောင်ဝယ် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် နတ်စည်းစိမ်ကဲ့သို့သော မင်း၏ စည်းစိမ်ကို စံစားတော်မူ၍ သက်တော် နှစ်ဆယ့်ရှစ်နှစ် သို့ ရောက်တော်မူသောအခါ ဥယျာဉ်တော်သို့ ထွက်စံတော်မူလိုသဖြင့် မြင်းတော်လေးစီး ကသော ဝေဇယန်ရထားဝယ် စီးတော်မူကာ မှူးမတ်အပေါင်း ခြံရံလျက် ထွက်တော်မူ၏။

ထိုအခါ သုတိတာနတ်ပြည်မှ နတ်အပေါင်းတို့သည် အလောင်းတော်မင်းသား ရဟန်းပြုရန် အချိန်တန်ပြီ၊ သတိသံဝေဂ ရအောင် ငါတို့ပြတော့အံ့ ဟု ကြံ၍ ဥယျာဉ်တော်၏အနီး ဝေဇယန်ရထားရှေ့မှ ဆီး၍ ဆံဖြူသွားကြွေ အသားအရေ ရှုံ့တွနေပြီဖြစ်သော သူအိုတစ်ယောက်၏ အသွင်ကို ဖန်ဆင်းပြကြလေ၏။ နတ်တို့ ဖန်ဆင်း၍ ပြသော ထိုသူအိုကို မှူးမတ်တို့ မမြင်နိုင်၊ အလောင်းတော်မင်းသားနှင့် ရထားမှူးတို့သာ မြင်ရလေသည်။ အလောင်းတော်သည် ထိုသူအိုကို မြင်လျှင် ရထားမှူးအားခေါ်၍ အချင်းရထားမှူး... ငါ၏ရှေ့၌ ယိုယွင်းသော အဆင်း

http://www.dhammadownload.com



သဏ္ဍာန်ဖြင့် ပင်ပန်းဆင်းရဲစွာ လာတတ်သည်ကား အဘယ်သူနည်းဟု မေးတော်မူ၏။ ။ ရထားမှူးက ... သူအိုဖြစ်ပါသည်ဘုရား ဟု လျှောက်၏။ ငါတို့လည်း ဤကဲ့သို့ အိုရဦးအံ့လောဟု မေးပြန်လျှင် ရထားမှူးက အရှင်မင်းမြတ်၊ လောက သုံးပါးဝယ် မြင်မြင်သမျှ သတ္တဝါအပေါင်းတို့သည် အမိဝမ်းဝယ် ကိန်းအောင်း တည်နေသည်မှအစ အိုကြရမည်သာ ဖြစ်ပါသည်ဘုရားဟု လျှောက်တင်လေ၏။ အလောင်းတော်မြတ်လည်း အိုခြင်းတရားကို ဆင်ခြင်၍ တုန်လှုပ်သော စိတ်တော်ဖြင့် သတိသံဝေဂ ရတော်မူရကား ဥယျာဉ်တော်တို့ မဝင်ဘဲ ထိုခဏမှာပင် ရွှေနန်းတော်သို့ ပြန်လည်တော်မူခဲ့ပေ၏။

ခမည်းတော်မင်းကြီးသည် ထိုအကြောင်းကို သိတော်မူလျှင် သားတော် ရဟန်းပြုတော့မည်ကို စိုးရိမ်သဖြင့် တိုင်းတော်ပြည်တော်မှ မထွက်နိုင်စေရန် အစောင့်အရှောက်များကို ရှေးကထက်ပို၍ ချထားစေတော်မူ၏။

ထို့နောက် လေးလမြောက်တွင်တစ်ကြိမ် ထွက်တော်မူပြန်လျှင် ယခင် နတ်တို့ပင် ဥယျာဉ်တော်အနီး ရထားရှေ့မှ ဆီး၍ သူနာ၏ အသွင်ကို ဖန်ဆင်းပြပြန် သဖြင့် ဘုရားလောင်းသည် ငါလည်း ... ဤသူနာကဲ့သို့ မုချမသွေ နာရဦးမည်ဟု သတိသံဝေဂ ရတော်မူကာ ဥယျာဉ်တော်တို့ မဝင်ဘဲ ရွှေနန်းတော်တို့ ပြန်လည် တော်မူခဲ့ပေ၏။

ထို့နောက် လေးလမြောက်တွင် တစ်ကြိမ် ဥယျာဉ်တော်သို့ ထွက်တော်မူ ပြန်ရာ ယခင်နတ်တို့ပင် သူသေ၏အသွင် ဖန်ဆင်း၍ ပြပြန်သဖြင့် ဘုရားလောင်း သည် ငါလည်း ထိုသူသေကဲ့သို့ပင် မုချမသွေ သေရဦးပေအံ့ဟု သတိသံဝေဂရတော် မူကာ ဥယျာဉ်တော်သို့မဝင်ဘဲ ရွှေနန်းတော်တို့ ပြန်လည်တော်မူခဲ့ပေ၏။

ထို့နောက် လေးလမြောက်တွင် တစ်ကြိမ် ထွက်တော်မူပြန်ရာ ယခင် နတ်တို့ပင် ရဟန်းအသွင်ဖန်ဆင်း၍ ပြပြန်သဖြင့် ရဟန်းတို့၏ ဂုဏ်ကျေးဇူး ကို သိတော်မူကာ ရဟန်းပြုလိုစိတ် ညွတ်တော်မူရကား ရွှေနန်းတော်သို့ မပြန်ဘဲ ဥယျာဉ်တော်တို့ ဝင်တော်မူ၏။

ထိုအခါ သိကြားမင်းသိလေ၍ ဝိသုကြံနတ်သားအား ခေါ်ပြီးလျှင် ဝိသုကြံ နတ်သား... ဘုရားလောင်းထံ နတ်ဝတ်တန်ဆာများ ဆက်သပါချေ ဟု စေ

http://www.dhammadownload.com



လိုက်ရာ ဝိသုကြံ့နတ်သားသည် မထင်မရှားအသွင်ဖြင့် ဘုရားလောင်းထံ နတ်ဝတ်တန်ဆာများ ဆက်သလာ၏။

ထိုအခိုက်တွင် ရွှေနန်းတော်မှ ဘဒ္ဒကစ္စနာ မိဖုရားဝယ် သားတော် ဖွားမြင်ပါကြောင်း လျှောက်တင်လာရာ အလောင်းတော်မင်းမြတ်သည် လ ကို ရာဟုဖမ်းသကဲ့သို့ မယား ဟူသော အနှောင်အဖွဲ့တွင် ယခု တစ်ဖန်သားဟူသော အနှောင်အဖွဲ့ ဖြစ်လာပြန်ဘိသည်ဟု မိန့်တော်မူလိုက်ပေ၏။

ထိုအကြောင်းကို ခမည်းတော်မင်းကြီးကြားသိ၍ မြေးတော်အား ရာဟုလာဟု အမည်မှည့်တော်မူ၏။

ညချမ်းအခါ၌ ဘုရားလောင်းသည် မျှူးမတ်အပေါင်းခြံရံလျက် ရွှေနန်းတော်သို့ ပြန်ကြွတော်မူ၏။

ဘုရားလောင်းသည် ရွှေနန်းဆောင်၌ စံတော်မူစဉ် ကချေသည် မောင်းမတို့သည် သာယာစွာ သီဆိုလျက် ကခုန်ဖျော်ဖြေကြလေ၏။

ဘုရားလောင်းသည် ရွှေနန်းစည်းစိမ်၌ မပျော်ပိုက်ရကား ထိုခဏမှာပင် စက်တော်မူ၏။ သန်းခေါင်ယံ အချိန်၌ နိုးတော်မူသော် ထွန်းညှိထားသော ဆီမီးရောင်ဝယ် ဖရိုဖရဲ အိပ်ပျော်နေကြသော ကချေသည် မောင်းမတို့ကို မြင်တော်မူ၍ ငါကား ဤရွှေနန်းစည်းစိမ်ကို ယနေ့ပင် စွန့်ခွာတော့အံ့ဟု ကြံကာ တံခါးခုံ၌ အိပ်ပျော်နေသော ဆန္နအမတ်အား နှိုးတော်မူ၍ ကဏ္ဍက မြင်းတော်ကို ကချေပါဟု စေတော်မူ၏။ ကဏ္ဍက မြင်းတော်လည်း ငါ့အား အချိန်မဲ့ ကခြင်းသည် အလောင်းတော်မင်းမြတ် ရဟန်းပြုရန် တောထွက်တော်မူလို၍ ဖြစ်သည်ဟု သိ၍ သည်းစွာ ဟီလေ၏။ မြင်းဟီသံကို ကပိလဝတ် ပြည်အလုံး ကြားနိုင်သော်လည်း မကြားစေရန် နတ်တို့က ပိတ်ပင်ထားကြ၏။

အလောင်းတော်မင်းမြတ်လည်း ယနေ့ဖွားစ သားတော်ကလေးအား ရှုကြည့်လို၍ ယသော်ဓရာမိဖုရား စံမြန်းသော ရွှေနန်းဆောင်သို့ ဝင်တော်မူရာ ရတနာသလွန်ထက်တော်ရှိ ပန်းမွေ့ရာဝယ် သားတော်ကလေးအား ပွေ့ကာ စက်ပျော်နေသော ယသော်ဓရာ မိဖုရားကို တွေ့သဖြင့် သားတော်အား ယခုယူ၍ ရှုကြည့်ပါက ယသော်မိဖုရား နိုးချေတော့မည်။ ငါ၏ တောထွက်ရန် အကြံအစည်သည် မအောင်

http://www.dhammadownload.com



မြင် ရှိလိမ့်မည်ဟုကြံတော်မူ၍ သားတော်အား ရပ်ကြည့်တော်မူပြီးနောက် လျင်စွာ ထွက်တော်မူခဲ့ပေ၏။

အလောင်းမင်းမြတ်လည်း ကဏ္ဍက မြင်းဆီသို့ သွား၍ ဖွားဖက်တော် ကဏ္ဍက၊ သတ္တဝါအပေါင်းအား လောကသုံးပါးမှ ကယ်တင်နိုင်ကြောင်း ဖြစ်သော ဗုဒ္ဓအဖြစ်ကို ရရှိရန်အလို့ငှာ အသင် ငါ့အား ကူညီပါဟု လက်တော်ဖြင့် သုံးကြိမ် သပ်ကာ ဆိုတော်မူ၍ သက်တော် နှစ်ဆယ့်ကိုးနှစ်၊ သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ည သန်းခေါင်ယံအခါတွင် တောထွက်တော်မူခဲ့လေသတည်း။



ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း

တောထွက်တော်မူရာဝယ် မြင်းခွာသံကို ပြည်သူပြည်သားတို့ ကြားမည်စိုး၍ နတ်တို့က ပိတ်ပင် စောင့်ရှောက်ရသည်။ ဗိုလ်ခြေတစ်ထောင်ဖွင့်မှ ပွင့်နိုင်သော မြို့တံခါးကြီးကိုလည်း နတ်တို့က အသင့်ဖွင့်ပေး၍ ဘုရားလောင်း ထွက်တော်မူရသည်။

မြို့တော်မှ ထွက်မိလျှင် ဝသဝတ္တီနတ်ပြည်မှ မာန်နတ်မင်း ရောက်လာ၍ အလောင်းမင်းမြတ် ရှေ့မှ ဆီးကာ သိဒ္ဓတ္ထမင်းသား ... အဘယ်ကြောင့် တောထွက်ချင်ပါသနည်း။ ခုနစ်ရက်မျှ ကြာသော် စကြာရတနာ ရောက်ပါတော့မည်၊ ကျွန်းကြီးလေးရပ်တွင် လှည့်လည်၍ စကြာမင်း ပြုတော်မူပါ။ ယခုပင် ရွှေနန်း

http://www.dhammadownload.com



ရပ်သို့ ပြန်လှည့်တော်မူပါ ဟု တားမြစ်လေ၏။ ဘုရားလောင်းကလည်း ဟယ်... မကောင်းသော မာန်နတ်၊ စကြာမင်းအဖြစ်ကို ငါအလိုမရှိပြီ။ လောကသုံးခွင်၌ ကျင်လည်နေကြရသော သတ္တဝါတို့အား တရားအမှန်ကိုပြနိုင်သော တရားမင်းအစစ် ဗုဒ္ဓအဖြစ်ကိုသာ ငါအလိုရှိသည်ဟု ဆိုတော်မူ၍ မရပ်မနား ထွက်တော်မူခဲ့ရာ နတ်အပေါင်းတို့သည် မီးရှူးမီးတိုင်များ ထွန်းညှိလျက် လမ်းခရီးတစ်လျှောက် ပူဇော်ကြလေ၏။

ဘုရားလောင်းသည် တစ်ညချင်းတွင် အနော်မာမြစ်သို့ ရောက်လေ၍ ငါ၏ တောထွက်ခြင်းကား မြတ်သည်သာ ဖြစ်အံ့ဟု နိမိတ်ယူတော်မူ၍ မြစ်ကိုကူးစေ၏။ မြင်းတော် ကဏ္ဍကကလည်း ဘုရားလောင်းနှင့် ဆန္နအမတ်အားဆောင်ကာ အနော်မာ မြစ်ကို ကူးလေရာ တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ရှိ၏။ ဘုရားလောင်း လည်း မြင်းတော်မှ ဆင်းသက်၍ ဆန္နအမတ်ကို ခေါ်ပြီးသော် ဝတ်ဆင်ထား သော မင်းတန်ဆာများနှင့် မြင်းတော်ကိုအပ်၍ နေပြည်တော်သို့ ပြန်ကြလေဟု စေတော်မူ၏။ ထို့နောက် မကိုဋ်နှင့်တကွ ဆံတော်ကို သံလျက်ဖြင့် ပယ်ဖြတ် တော်မူ၍ ငါသည် ဗုဒ္ဓစင်စစ် ဖြစ်မည်မှန်မူ ဤဆံတော်သည် မြေသို့ မကျဘဲ



အလောင်းတော်မင်းသား ဆံတော်ပယ်၍ အဓိဋ္ဌာန်ပြုနေပုံ

http://www.dhammadownload.com



ကောင်းကင်၌ တည်ပါစေသားဟု အဓိဋ္ဌာန်၍ လွှင့်မြှောက်တော်မူရာ ဆံတော်သည် မြေသို့ မကျဘဲ ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်တော်မူ၏။ ထိုအခါ သိကြားမင်းမြင်၍ ဆံတော်ကို ရတနာပန်းတောင်းဖြင့် ခံယူကာ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိ ပုထိုးတော်တည်၍ ကိုးကွယ်လေ၏။

ထို့နောက် ဝတ်လဲတော်ပုဆိုးကား ရဟန်းတို့နှင့်မထိုက်ဟု ကြံတော်မူသော် ဃဋိကာရ ဗြဟ္မာကြီးသည် ဤသက်န်းဖြင့် ရဟန်းပြုတော်မူပါဟု ဆက်ကပ်၏။ ဃဋိကာရ ဗြဟ္မာကြီးလည်း ဘုရားလောင်းဝတ်လဲတော်ကို ယူ၍ ဗြဟ္မာ့ပြည်၌ ဒုဿစေတီတည်၍ ကိုးကွယ်လေသတည်း။

ဘုရားလောင်း ရဟန်းပြုပြီးသည့်နောက် ဆန္နအမတ်နှင့် ကဏ္ဍက မြင်းတော်တို့က မပြန်ရပါမည့်အကြောင်း တောင်းပန်သည်ကို နေပြည်တော်ရှိ ခမည်းတော် မယ်တော်တို့ထံ သတင်းစကားကြားသိရအောင် ပြန်ကြလေတော့ဟု ချော့မော့ စေလွှတ်သဖြင့် အနော်မာမြစ်တစ်ဖက်သို့ ရောက်သော် ကဏ္ဍကမြင်းတော် သေ၍ တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား ဖြစ်လေ၏။ ဆန္နအမတ်လည်း ကဏ္ဍက မြင်းတော်ကို အနော်မာမြစ်သဲခုံ၌ သင်္ဂြိုဟ်ခဲ့ပြီးမှ ကကြိုးတန်ဆာကို ထမ်းလျက် လမ်းတစ်လျှောက်လုံး ငိုယိုကာ ပြန်လာခဲ့လေ၏။ နေပြည်တော်သို့ ရောက်သောအခါ ခမည်းတော်၊ မယ်တော်နှင့် ယသော်ဓိဖုရားတို့အား အကြောင်းကို ပြန်ကြားသဖြင့် နန်းသူ နန်းသားအားလုံးတို့သည် အလောင်းတော်မင်းမြတ်အား ရွှေနန်းစည်းစိမ်နှင့် ငါတို့အားလုံးကို စွန့်ခွာရက်ပေသည်ဟု မြည်တမ်း ငိုယိုကြလေကုန်သတည်း။

❀ ❀ ❀

F5A

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

## ၄ - အလောင်းတော်မင်းသား ဘုရား ဖြစ်တော်မူခြင်း

တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊
ခါတော်တဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊
မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊
မညည်းကြည်ဖြူ၊ နေတော်မူလျက်၊
ရန်မြူခပင်း၊ အမိုက်သင်းကို၊
အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊
သုံးဖော်လူတို့ ငြမ်းပါကို။

**(လယ်တီဆရာတော်ဘုရား)**

ဘုရားလောင်းသည် ထိုရဟန်းပြုရာ အရပ်အနီးရှိ အနုပိယ သရက်တော၌ ရဟန်းတို့၏ ချမ်းသာခြင်းဖြင့် စံနေတော်မူ၍ ခုနစ်ရက်မျှ လွန်ပြီးသော် ဆက်လက် ကြွတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းခံပြီး လျှင် မြို့မှထွက်ခဲ့၍ မြို့အရှေ့ ပဏ္ဍဝတောင်ရိပ်၌ ဆွမ်းဘုဉ်းပေးတော်မူမည်ဟု သပိတ်တော်ကို ဖွင့်ကြည့်လျှင် အနီ အဖြူ အကြောင်အကျားတို့ဖြင့် အရောရော သော ဆွမ်းတို့ကို မြင်လေရာ ပျို့အန်တော့မည်ကဲ့သို့ ဖြစ်တော်မူ၏။ ထိုအခါ

http://www.dhammadownload.com



ကိုယ်တော်ကို အလိုလို ဆုံးမသည်ကား သိဒ္ဓတ္ထမင်းသား ... သင်သည် သန့်စင်ပြီး ပျံ့မွှေးလှသော သလေးထမင်းကို စွန့်ပစ်ခဲ့၍ ရလွယ်သော အာဟာရဖြင့် မှီဝဲလျက် အိုနာသေခြင်းတို့ ကင်းလွတ်ရာအကြောင်းဖြစ်သော တရားမြတ်ကိုရှာရန် မင်း၏ စည်းစိမ်ကို စွန့်ခွာခဲ့သည် မဟုတ်လော။ အဘယ်ကြောင့် ရောင့်ရဲခြင်း မရှိရမည်နည်း ဟု ဆုံးမလျက် ဘုဉ်းပေးတော်မူ၏။

ထိုအခြင်းအရာကို မင်းချင်းယောကျ်ားတို့ မြင်၍ ဗိမ္ဗိသာရမင်းကြီးအား လျှောက်ကြားကြလျှင် မင်းကြီးသည် အလျင်အမြန်ရောက်လာ၍ သုဒ္ဓေါဒန မင်းကြီး၏ သား ဘုရားအလောင်း၏အဖြစ်ကို မြင်လေသော် အရှင်သား... အသက်အရွယ် ငယ်ပါသေးသည်၊ တောမထွက်ပါနှင့်၊ ပြည်တော်ထက်ဝက်ကို ပေးပါမည်။ မင်းပြုတော်မူပါဦး ဟု လျှောက်ထား၏။

ဘုရားလောင်းကလည်း အသင်မင်းကြီး... မင်းတို့၏ စည်းစိမ်ကို ငါအလိုမရှိ။ တရားအမှန်ကိုသိသော ဗုဒ္ဓအဖြစ်ကိုသာ ငါအလိုရှိပါသည် ဟု မိန့်တော်မူသဖြင့် မင်းကြီးသည် သာဓုခေါ်ကာ အရှင်သိဒ္ဓတ္ထ...ဗုဒ္ဓစင်စစ် ဖြစ်တော်မူသောအခါ ကျွန်ုပ်၏ပြည်သို့ ဦးစွာ ကြွတော်မူပါဟု လျှောက်ထားလေ၏။ ဘုရားလောင်းကလည်း ကောင်းပြီ ဟု ဝန်ခံတော်မူ၏။

ဘုရားအလောင်းသည် ထိုအရပ်မှ ကြွတော်မူ၍ တစ်ခုသော တောအုပ်၌ လောကီဈာန်ကို စီးဖြန်းနေကြသော အာဠာရနှင့် ဥဒက ရသေ့တို့နှင့် တွေ့သဖြင့် တရားအားထုတ်တော်မူရာ လောကီဈာန် ခုနစ်တန်နှင့် သမာပတ် ရှစ်ပါး ကို ရတော်မူ၏။ ဘုရားလောင်းသည် ဤရှစ်ပါးသော သမာပတ်တို့ကား မြတ်သော ဗုဒ္ဓဖြစ်ရန် အကြောင်းမဟုတ်ဟု သိတော်မူ၍ ဥရုဝေလတော သို့ ဝင်တော်မူ၏။ ထိုအခါ ဥရုဝေလတောအုပ်၌ ဘုရားလောင်းဖွားစက လက္ခဏာဖတ်ခဲ့ကြသော ပုဏ္ဏားတို့၏ သားလေးယောက်နှင့် သုဒတ္တ ပုဏ္ဏားကြီးတို့သည် ဘုရားလောင်း ဗုဒ္ဓဖြစ်လျှင် ဖူးတွေ့ကြရန် ရဟန်းပြု၍ စောင့်နေခဲ့ကြလေ၏။ ထိုသူတို့ငါးဦးကို ပဉ္စဝဂ္ဂီ ဟု ခေါ်၏။

ဘုရားလောင်းသည် ပဉ္စဝဂ္ဂီတို့နှင့်တွေ့၍ သူတို့၏အလုပ်အကျွေးကို ခံယူကာ ဗုဒ္ဓဖြစ်ရန် ပင်ပန်းစွာ ကျင့်ကြံ အားထုတ်တော်မူ၏။ ထိုအခါ၌ တစ်နေ့လျှင်

http://www.dhammadownload.com



သစ်သီးတစ်လုံး၊ ဆန်တစ်စေ့မျှသာ အာဟာရမှီဝဲလျက် ဆင်းရဲစွာ ကျင့်ရလေသဖြင့် အသားအရေများ ကြုံလှီလာပြီးနောက် လက္ခဏာကြီးငယ်တို့ပင် ကွယ်ပျောက်ခဲ့၏။ အာဟာရကို မှီဝဲခြင်း နည်းလေရကား တရားကျင့်ရာတွင် အင်အားပြတ်၍ လဲကျတော်မူလေသတည်း။

ဤသို့ ဘုရားလောင်း လဲကျတော်မူသည်ကို မကောင်းသော နတ်တို့က ခမည်းတော်မင်းကြီးထံ သွား၍ သင်မင်းကြီး၏ သားကား ဗုဒ္ဓ မဖြစ်နိုင်ပြီ၊ တရားအားထုတ်ရာတွင် လဲကျသေဆုံးရှာပြီ ဟု ပြောကြားလေရာ ခမည်းတော်မင်းကြီးသည် နတ်တို့၏စကားကို ယုံတော်မမူ၊ ငါ၏သားတော်ကား ဗုဒ္ဓမဖြစ်ဘဲ မနေ ဖြစ်ရမည် အမှန်ဟုသာ ယုံကြည်တော်မူလေသတည်း။

ဘုရားလောင်းလည်း ဤကဲ့သို့ ဆင်းရဲခြင်းကြီးစွာဖြင့် ခြောက်နှစ်တိုင်တိုင် ကျင့်ရသော ဒုက္ကရစရိယာ အကျင့်ဖြင့် ဗုဒ္ဓဖြစ်ရန် နည်းလမ်းမဟုတ်သေး။ ငါ၏ ကိုယ်အား အစာအာဟာရဖြင့် ဖြည့်တင်းလျက် သတိတရားရှေ့ထားကာ အားထုတ်မှသာလျှင် ဖြစ်တော့မည်ဟု ကြံတော်မူ၍ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ဘုရားလောင်းသည် ဤသို့ သတိတရားဖြင့် ဆင်ခြင်ကာ ဆွမ်းဘုန်းပေးတော်မူသောအခါ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့သည် ပြန်၍ ပေါ်လာပြန်ပေ၏။

ထိုအခါ ဘုရားလောင်းအား လုပ်ကျွေးပြုစုနေကြသော ပဉ္စဝဂ္ဂီတို့က ဤ သိဒ္ဓတ္ထမင်းသားသည် ခြောက်နှစ်တိုင်တိုင် ပင်ပန်းစွာ ကျင့်ကြံ၍မျှ ဗုဒ္ဓမဖြစ်နိုင်ခဲ့၊ ယခုအဘယ်မှာ ဖြစ်တော့အံ့နည်းဟု ဘုရားလောင်းအား စွန့်ခွာ၍ ဣသိပတန မိဂဒါဝုန်တော သို့ သွားလေ၏။

ထို့နောက်မှ ကိုယ်တော်တစ်ပါးတည်း ဆက်လက်၍ ကျင့်တော်မူပြန်ရာ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့ ညဉ့်တွင် ဗုဒ္ဓဖြစ်ရလတ္တံ့သော အိပ်မက်ကောင်း ငါးအင်ကို မြင်မက်တော်မူ၍ မိုးသောက်ယံအခါ ဆွမ်းခံကြွချိန်တွင် သေနဗျာ၏အနီး ညောင်ပင်ကြီးတစ်ပင်အောက်၌ ကိုယ်တော်မှ ထွန်းလင်းသော ရောင်ခြည်ကို ဖြစ်စေလျက် နေတော်မူ၏။

ထိုအခါ ကြုံကြိုက်လာသည်ကား သေနရွာကြီး၌ မဟာသေန မည်သော သူကြွယ်၏ သမီး သုဇာတာ သည် အပျိုဘဝက ဤညောင်ပင်စောင့်နတ်အား

http://www.dhammadownload.com



တိုင်တည်၍ အမျိုးတူယောကျ်ားနှင့် ပေါင်းဖော်၍ သားယောကျ်ား ဖွားမြင်ရလို ပါကြောင်း ဆုတောင်းခဲ့ရာ ဆုတောင်းပြည့်လေသဖြင့် ညောင်စောင့်နတ်အား နို့ဃနာထမင်းဖြင့် အပူဇော်လာရာဝယ် ဘုရားလောင်းကို ဖူးတွေ့ရလေ၏။ သုဇာတာလည်း ဘုရားလောင်းအား နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ကပ်လှူ၏။



**သုဇာတာ၏ ဃနာနို့ဆွမ်း ကပ်လှူခြင်းကို ခံတော်မူနေပုံ**

ဘုရားလောင်းသည် သုဇာတာ၏ ဃနာနို့ဆွမ်းကို ခံတော်မူပြီးနောက် နေရဉ္ဇရာမြစ်တွင် ရေချိုးတော်မူပြီးလျှင် အရှေ့အရပ်သို့ လှည့်တော်မူ၍ ဆွမ်းကို လေးဆယ့်ကိုးလုတ် မျှ ဘုဉ်းပေးတော်မူ၏။ ထို့နောက် ဘုရားလောင်းသည် ငါယနေ့ ဗုဒ္ဓစင်စစ်ဖြစ်မည်မှန်မူ ဤရွှေခွက်သည် ရေကိုဆန်တက်၍ မျောစေသတည်းဟု အဓိဋ္ဌာန်၍ မျှောတော်မူလျှင် ရွှေခွက်သည် ရေအညာသို့ ဆန်၍ မျောပြီးမှ မြစ်လယ်တွင် မြုပ်ကာ ရှေးဗုဒ္ဓတို့၏ ရွှေခွက်သုံးလုံးအောက်၌ တည်လေ၏။ ဘုရားလောင်းသည် ထိုနေရဉ္ဇရာမြစ်၏အနီး အင်ကြင်းတော၌ တရားစီး ဖြန်းတော်မူ၍ ညချမ်းအခါ၌ မဟာဗောဓိပင်ရှိရာသို့ နတ်သိကြားတို့ ဖန်ဆင်းထားသော နတ်လမ်းမကြီးမှ ကြွတော်မူ၏။ ထိုအခါ သောတ္ထိယ အမည်ရှိသော

http://www.dhammadownload.com





အလောင်းတော်မင်းသား ဘုရားဖြစ်တော်မူခြင်း

မြက်ထမ်းသမားသည် ဘုရားအလောင်းအား မြက်ရှစ်ဆုပ်ကို လှူသဖြင့် မဟာဗောဓိပင်နှင့် လေးတောင်အကွာအရပ်သို့ ကပ်၍ အရှေ့အရပ်သို့ လှည့်တော်မူကာ မြက်ရှစ်ဆုပ်ကို ကြဲဖြန့်တော်မူပြီးလျှင် ထိုမြက်ရှစ်ဆုပ်အပေါ်၌ပင် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ငါသည် တရားမင်းအစစ် ဗုဒ္ဓ မဖြစ်သမျှ ဤနေရာက မထတော့ပြီဟု မရပ်မနား အားထုတ်တော်မူသော် သိကြားမင်းသည် တစ်ကြိမ်မှုတ်လျှင် လေးလကြာမှ အသံစဲသော ဝိဇယုတ္တရ ခရုသင်း ကို မှုတ်လျက် ပူဇော်လာ၏။ ကာလနဂါးမင်းကလည်း တစ်ထောင်သော ဂါထာ ကို ရွတ်လျက်၊ ဗြဟ္မာမင်းကလည်း ထီးဖြူတော်ကို မိုးလျက်၊ သုယာမနတ်မင်းကြီးကလည်း သားမြီးကို ယပ်လျက်၊ ပဉ္စသိခ် နတ်မင်းကလည်း ဗေလုဝ နတ်စောင်းကို တီးလျက်ဲ ပူဇော်ကြကုန်၏။ ထိုအခါဝယ် ဝသဝတ္တီပြည်မှ မာရ်နတ်မင်းသည် လက်ရုံးတစ်ထောင်ဖန်ဆင်းကာ ဂီရိမေခလာ ဆင်ကို စီး၍ နတ်စစ်သည်အပေါင်း ခြံရံလျက် ဘုရားလောင်းအား တိုက်ခိုက်ဖျက်ဆီးလာ၏။ ဘုရားအလောင်းလည်း ထိုတိုက်ခိုက်ဖျက်ဆီးလာသော မာရ်နတ်နှင့် စစ်သည်ဗိုလ်ပါအပေါင်းကို နေမဝင်မီ အောင်မြင်တော်မူ၍ သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်စအချိန်၌ အလုံးစုံသော တရားအပေါင်းကို သိမြင်နိုင်သော သဗ္ဗညုတ

http://www.dhammadownload.com



ရွှေဉာဏ်တော်ကိုရကာ တရားမင်း အစစ် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူလေသည်။ ထိုအခါ အလုံးစုံသော တရားအပေါင်းကို အကြွင်းမရှိ မိမိအလိုလိုသာလျှင် သိမြင်တော်မူနိုင်သော ရှင်မြတ်ဗုဒ္ဓအား ကောင်းချီးပြုသကဲ့သို့ စကြာဝဠာ တိုက်တစ်သောင်းရှိ မဟာပထဝီမြေကြီးတွင် ကြီးစွာသော တုန်လှုပ်ခြင်း ဖြစ်ပေါ်လာလေသတည်း။

(၁) ဤသို့ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူပြီးလျှင် မဟာဗောဓိနှင့် လေးတောင်အကွာ အရပ်ရှိ ရွှေပလ္လင်ပေါ်၌ ထိုင်တော်မူကာ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။

(၂) ထို့နောက် ရွှေပလ္လင်မှ ထတော်မူပြီးခါ တစ်ဆယ့်လေးလံကွာသော အရပ်၌ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ကို ရခဲ့ပေသော ထိုရွှေပလ္လင်အား မမှိတ်မသုန် ကြည့်တော်မူကာ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။

(၃) ထို့နောက် ဗုဒ္ဓအား ယုံမှားခြင်း ရှိနေကြသော နတ်တို့အား ကောင်းကင်သို့ ပျံကြွ၍ ကိုယ်တော်မှ ရေမီးအစုံတို့ကို ဖန်ဆင်းလျက် တန်ခိုးတော်ကို ပြပြီးမှ မြေသို့သက်၍ ရတနာစင်္ကြံကို ဖန်ဆင်းကာ လျှောက်တော်မူ၍ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။

(၄) ထို့နောက် မဟာဗောဓိပင်၏ အနောက်မြောက် အတောင်လေးဆယ်အကွာအရပ်တွင် နတ်တို့ဖန်ဆင်းသော ရတနာဃရရွှေအိမ်၌ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။ ထိုအခါ၌ အဘိဓမ္မာဒေသနာတော်တို့ကို ဆင်ခြင်တော်မူရာ ဗုဒ္ဓ၏ ကိုယ်တော်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်၊ ပြိုးပြိုးပြက်အားဖြင့် ခြောက်ပါးသော ရောင်ခြည်တော်တို့သည် တစ်ပြိုင်နက် ထွန်းတောက်ပျံမြူးတော်မူ၏။

(၅) ထို့နောက် မဟာဗောဓိမှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံကွာ အရပ် အဇပါလ ညောင်ပင်ရင်းသို့ ကပ်၍ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။

(၆) ထို့နောက် မဟာဗောဓိ၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာ အရပ်တွင် မုစ္စလိန္ဒာအိုင်၏အနီး ကျည်းပင်ကြီးရင်း၌ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။ ထိုအခါ မိုးကြီး သည်းထန်စွာရွာသွန်းသဖြင့် မုစ္စလိန္ဒနဂါးမင်းသည် ဗိမာန်မှ

http://www.dhammadownload.com



ထွက်လာကာ ကြီးမားသော ကိုယ်သဏ္ဌာန် ဖန်ဆင်း၍ ဗုဒ္ဓအား ပါးပျဉ်းဖြင့် မိုးကာ ပူဇော်လာ၏။

(၇) ထို့နောက် ဗောဓိပင်မှ တောင်မျက်နှာ အလံလေးဆယ်အကွာတွင် လင်းလွန်းပင်ရင်း၌ ခုနစ်ရက်မျှ သီတင်းသုံးတော်မူ၏။ ခုနစ်ရက်မြောက်သော နံနက်၌ သီတင်းသုံးတော်မူရာမှ ထတော်မူကာ မျက်နှာသစ်တော်ရေ အလိုရှိတော်မူသည်ကို သိကြားမင်းသိလေ၍ ဗုဒ္ဓအား သိကြားမင်းက မျက်နှာတော်သစ်ရေ ကပ်လာ၏။

ထိုအခိုက် ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ ကုန်သည် တဖုဿနှင့် ဘလ္လိက ညီနောင်သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းထွက်ခဲ့ရာ ဝယ် ဗုဒ္ဓရှိရာအရပ်သို့ ရောက်သော် ရှေးက မိတ်ဆွေဖြစ်ခဲ့ဖူးသော နတ်တို့က ကိုယ်ထင်ပြ၍ ညီနောင်နှစ်ပါးတို့ လောကသုံးခွင်တွင် တရားအပေါင်းတို့ကို မိမိအလိုလို သိမြင်တော်မူပေသော အတုမရှိ ဗုဒ္ဓအရှင်မြတ် ပွင့်တော်မူနေသည်။ ယခု လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူနေသည်။ ဗုဒ္ဓကို ဖူးမြင်၍ သင်တို့ အကျိုးစီးပွားများလိုမူ တစ်စုံတစ်ခုသော လှူဖွယ်ဝတ္ထုဖြင့် လှူဒါန်းပါချေဟု



တဖုဿနှင့် ဘလ္လိက ညီနောင်တို့အား ဆံတော်များ ပေးသနားတော်မူပုံ

http://www.dhammadownload.com



ညွှန်လိုက်သဖြင့် ညီနောင်တို့လည်း မိမိတို့မှာပါလာသော ပျားဆုပ်မုန့်နှင့် ကြွက်ကျစ်မုန့်တို့ကို ယူ၍ ဗုဒ္ဓထံ ကပ်ကြလေ၏။

ထိုအခါ ဗုဒ္ဓအား စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့က ပဲနောက်အဆင်းရှိသော သပိတ်လေးလုံးကို ကပ်တော်မူလာသဖြင့် သပိတ်လေးလုံးကို ထပ်၍ လက်တော်ဖြင့် နှိပ်တော်မူရာ အနားရစ်လေးကြောင်းရှိသော သပိတ်တစ်လုံးဖြစ်လာလေ၏။ ဗုဒ္ဓလည်း ပျားဆုပ်မုန့်နှင့် ကြွက်ကျစ်မုန့်တို့ကို သပိတ်ဖြင့် ခံတော်မူကာ ညီနောင်နှစ်ပါးတို့အား ဒွေဝါစိက သရဏဂုံ ပေးတော်မူ၏။ ညီနောင်နှစ်ပါးကလည်း ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဟူ၍ သရဏဂုံနှစ်ပါး တည်ကြလေ၏။ ထို့နောက် ညီနောင်တို့က ဗုဒ္ဓအား အရှင်ဘုရား တပည့်တော်တို့ အစဉ်အမြဲ ဘယ်အရာကို ကိုးကွယ်ရပါမည်နည်းဟု လျှောက်ကြသော် ဗုဒ္ဓသည် ဦးခေါင်းတော်ကို လက်ဖြင့်သပ်ကာ ဆံတော်ရှစ်ဆူကို ညီနောင်တို့အား ပေးတော်မူ၏။ ထိုကာလ၌ ဗုဒ္ဓ၏ မျက်မှောက်တော်တွင် တပည့်သားသံဃာဟူ၍ မဖြစ်ပေါ်သေး။ ထို့ကြောင့် တဖုဿနှင့် ဘလ္လိက ညီနောင်တို့မှာ ဘုရားဟူသော ကိုးကွယ်ရာ ရတနာ၊ တရားဟူသော ကိုးကွယ်ရာ ရတနာဟူ၍ သရဏဂုံ နှစ်ပါးသာ တည်မြဲကြရလေသည်။

❀ ❀ ❀

http://www.dhammadownload.com

[illegible]

http://www.dhammadownload.com



http://www.dhammadownload.com

## ၅ - ဗုဒ္ဓသည် ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာဟောတော်မူခြင်း

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊
စကြာရွေ့သွား၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊
မဟီတိုက်သောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊
ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည် ရွှမ်းတည်ကို။ ။

ဤသို့တစ်ဌာနလျှင် ခုနစ်ရက်မျှ သီတင်းသုံး၍ ခုနစ်ဌာနစေ့သော နံနက်၌ ဗုဒ္ဓသည် လင်းလွန်းပင်မှ အဇပေါလ ညောင်ပင်ရင်းသို့ ကပ်ပြီးလျှင် ဤသို့အကြံဖြစ်တော်မူ၏။ ငါသိအပ်သော တရားတော်သည် အလွန် သိမ်မွေ့ခက်ခဲသဖြင့် သာမန်လူတို့ သိမြင်နိုင်ခဲသည်။ ဤလောက၌ ဖြစ်ကြကုန်သော သတ္တဝါတို့ကား ပညာနည်းပါး၍ အမိုက်တရားများ ထူပြောပေသည်။ စဉ်းစားဆင်ခြင်ခြင်းလည်း နည်းပါးကြ၏။ ကာမဂုဏ် ငါးပါးတို့၌သာ လိုက်စားပျော်မွေ့ကြ၏။ ငါဟောငြားသော်လည်း တရားတော်ကို သိမြင်ကြလိမ့်မည် မဟုတ်၊ ပင်ပန်းရုံသာ ရှိချိမ့်မည်ဟု တရားတော်ကို မဟောလိုသော အကြံတော် ဖြစ်လေလျှင် သဟမ္ပတိ ဗြဟ္မာမင်း

http://www.dhammadownload.com



သိသဖြင့် နတ်ဗြဟ္မာအပေါင်းတို့ကို စုရုံးစေပြီးနောက် ဗုဒ္ဓအား ရတနာပန်းကုံးဖြင့် ပူဇော်ပြီးသော် မြတ်သော ဗုဒ္ဓ... တရား ဟောတော်မူပါ၊ အရှင်ဘုရားမှ တရား မဟောပါလျှင် ဘယ်သူလာ၍ ဟောပါမည်နည်း၊ ယခုအခါ မဂဓရာဇ်တိုင်း၌ ပုရာဏကဿပ၊ မက္ခလိ ဂေါသာလ၊ ပကုဓ ကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ၊ အဇိတ ကေသကမ္ဗလ၊ သိဉ္စည်း ဟူသောသူ ခြောက်ဦးတို့သည် ဗုဒ္ဓမဟုတ်ပါဘဲလျက် ဗုဒ္ဓဟု ဝန်ခံ၍ များစွာသော လူတို့အား လှည့်ဖျားကာ မှားသော မိစ္ဆာအယူဝါဒများကို ညွှန်ပြ ဟောကြားနေကြချေပြီ။ အပါယ်လေးပါးသို့ လားရာ တံခါးပွင့်နေပါပြီ၊ နတ်ရွာ နိဗ္ဗာန်ဝင်ရန် တံခါးပိတ်နေပါပြီ။ အရှင်ဗုဒ္ဓသည် မှန်သောတရားဖြင့် အပါယ်လေးပါးသို့ သွားရာတံခါး ပိတ်တော်မူပါ၊ နတ်ရွာ နိဗ္ဗာန်ဝင်ရန် လမ်းဖွင့်တော်မူပါ၊ ပညာဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားမည့်သူတို့လည်း ရှိပါလိမ့်မည်၊ တရားဟောတော်မူပါဘုရား ဟု ကြွေးကြော်တောင်းပန်ကြလေသော် ဗုဒ္ဓလည်း ကျွတ်လတ္တံ့သော သူတို့ကို ရှုမြင်တော်မူသဖြင့် ကောင်းပြီဟု ဝန်ခံတော်မူ၏။

ထို့နောက် တရားဟောရအံ့သောသူတို့ကို ကြည့်တော်မူသော် ဗုဒ္ဓ၏ နက်နဲသိမ်မွေ့သော တရားတော်တို့ကို သိလွယ်မည်ဖြစ်သော အာဠာရ ရသေ့အား မြင်တော်မူ၍ ထိုအာဠာရ ရသေ့အား တရားဦးဟောအံ့ဟု ကြံတော်မူသော် နတ်သားတစ်ယောက်သိ၍ အရှင်ဘုရား အာဠာရ ရသေ့ လွန်ခဲ့သည်မှာ ခုနစ်ရက်မျှပင် ရှိပါပြီဟု လျှောက်သဖြင့် ဗုဒ္ဓသည် ဤရသေ့ကား ငါ၏ တရားတော်ကို မနာရဘဲ သေလွန်ခဲ့သည်မှာ ရှုံးခြင်းကြီး ရှုံးလေစွ ဟု မိန့်ဆိုတော်မူ၏။

ထို့နောက် ရှုကြည့်တော်မူပြန်သော် ဥဒက ရသေ့ကို မြင်တော်မူ၍ ဥဒက ရသေ့ကား ငါ၏တရားတော်ကို သိလွယ်မည့်သူဖြစ်သည်၊ တရားဦး ဟောအံ့ဟု ကြံတော်မူသော် ထိုနတ်သားပင်လျှင် အရှင်ဘုရား ဥဒကရသေ့ သေလွန်သည်မှာ ယမန်နေ့ည သန်းခေါင်ယံကပင် ဖြစ်ပါသည်ဟု လျှောက်သဖြင့် ဤရသေ့ကား ငါ၏ တရားတော်က မနာရဘဲ သေလွန်သည်မှာ ရှုံးခြင်းကြီး ရှုံးလေစွဟု မိန့်ဆိုတော်မူ၏။

ထိုနောက်မှ တရားဦးဟောအံ့သော သူတို့ကို ရှုတော်မူပြန်သော် ဗုဒ္ဓအား ပြုစု လုပ်ကျွေးခဲ့ဖူးကြသော ပဉ္စဝဂ္ဂီ တို့ကို မြင်တော်မူ၏။ ထိုသို့ မြင်တော်မူ၍

http://www.dhammadownload.com



ဗောဓိမဏ္ဍိုင်၏ အနီးအနားတစ်ဝိုက်၌ ၂ ရက်၊ ၃ ရက်ခန့် နေပြီးမှ အစဉ်အလာ အတိုင်း ဗာရာဏသီပြည်သို့ ကြွတော်မူသော် မဟာဗောဓိနှင့် ဂယာသီသ၏အကြား ၌ ဥပက အမည်ရှိ တက္ကတွန်းနှင့်တွေ့၍ ထို တက္ကတွန်း က ငါ့ရှင် ... သင်သည် အလွန် ကြည်ညိုဖွယ်ကောင်းသော အဆင်းနှင့် ပြည့်စုံပေသည်၊ သင်၏ အရည် အဆင်းသည် ကြည်လင်လှပပေသည်၊ သင်သည် အဘယ်သူကို ရည်မှန်းလျက် ရဟန်းပြုဘိသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ သင်ကား အဘယ် အမည်ရှိသနည်းဟု မေးမြန်းလေ၏။

ထိုအခါ မြတ်သောဗုဒ္ဓက ချစ်သား ဥပက... ငါကား ခပ်သိမ်းသော အမိုက်တရားတို့မှ ကင်းစင်၍ ဖြစ်ဖြစ်သမျှသော တရားအပေါင်းကို သိမြင် တော်မူသော ဗုဒ္ဓပင် ဖြစ်၏။ အလုံးစုံသော တရားအပေါင်းကို အကြွင်းမရှိ ငါ၏ အလိုလိုသာ သိမြင်တော်မူရကား လောကသုံးပါး၌ ငါ၏ဆရာဟူ၍ မရှိ၊ ငါ၏ဘွဲ့ အမည်သော်ကား ဇိန မည်သတည်း ဟု မိန့်တော်မူ၏။

ထို့နောက် ဥပက က ယခု အဘယ်သို့ ကြွအံ့နည်း ဟု မေးပြန်၍ ဗုဒ္ဓက ချစ်သား... ဥပက ငါကား ရှေးဗုဒ္ဓများစွာတို့ကဲ့သို့ ဓမ္မစကြာဟူသော တရား တော်မြတ် ကို ဟောကြားတော်မူရန် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးသို့ ကြွတော်မူမည်ဟု မိန့်တော်မူ၏။

ဗုဒ္ဓလည်း အစဉ်အတိုင်း ကြွတော်မူသော် ဗာရာဏသီပြည်၏ အနီး မိဂဒါဝုန်တောကြီးသို့ ရောက်တော်မူ၏။ ပဉ္စဝဂ္ဂီတို့ကား ရှင်ဂေါတမသည် ဗုဒ္ဓအဖြစ် ကို ရခြင်းအလို့ငှာ ဒုက္ကရစရိယာ အကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်၍မှ မဖြစ်နိုင်မီ ဆွမ်းသက်န်းရှာရန် မြို့ရွာတွင်းသို့ လှည့်လည်ခဲ့ပေသည်။ အကျင့် ပျက်သူသာ ဖြစ်ပေ၏ဟု ဗုဒ္ဓအား ယုံမှားနေကြလေသည်။ ဗုဒ္ဓလည်း ပဉ္စဝဂ္ဂီတို့ ယုံမှားနေကြခြင်းကို အပြစ်ထားတော်မမူဘဲ အစဉ်အတိုင်းသော စကားဖြင့် ဆိုတော်မူကာ သက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့် စနေနေ့ည နေဝင်စအချိန်တွင် ဓမ္မစကြာ ဒေသနာတော်မြတ်ကို ဟောကြားတော်မူ၏။ ထိုအခါ ပဉ္စဝဂ္ဂီတို့အနက် အရှင်ကောဏ္ဍည သည် သောတာပန် အဖြစ်သို့ ရောက်၍ တရားနာ ရောက် လာကြသော နတ်ဗြဟ္မာအပေါင်းတို့သည်လည်း ဗုဒ္ဓ၏ တရားအထူး၌ သိကြ မြင်ကြလေကုန်သည်။

http://www.dhammadownload.com





ဗုဒ္ဓသည် ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာဟောတော်မူခြင်း

ထိုအခါ စကြာဝဠာ တိုက်တစ်သောင်းရှိ မဟာပထဝီမြေအပေါင်းသည် ကောင်းချီးပြုဘိသကဲ့သို့ ကြီးစွာသော တုန်လှုပ်ခြင်း ဖြစ်ပေါ်လာသတည်း။

ထို့နောက် လပြည့်ကျော်တစ်ရက်မှစ၍ ကျန်သောလေးပါး တစ်ရက်လျှင် တစ်ပါးစီ သောတာပန်ဖြစ်၍ လပြည့်ကျော် ၅ ရက်နေ့တွင် အနတ္တလက္ခဏသုတ်ကို ဟောသဖြင့် အားလုံး ရဟန္တာဖြစ်ကြလေသည်။

ဤသို့ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ဒေသနာတော်ကို ဟောကြားတော်မူ၍ ဗုဒ္ဓ၏ မျက်မှောက်တော်၌ တပည့်သား သံဃာ ရဟန္တာအရှင်မြတ်ငါးပါးတို့ ဖြစ်ပေါ်ကြပြီးနောက် မိဂဒါဝုန်တောကြီး၌ သီတင်းသုံးတော်မူလေ၏။

ထိုအခါ ဗာရာဏသီပြည် သေနရွာကြီး၌ မဟာသေနသူဌေးကြီး၏သမီး ဗုဒ္ဓဖြစ်တော့မည်နေ့၌ ဃနာနို့ဆွမ်း ကပ်လှူခဲ့ဖူးသော သုဇာတာ၏ သားဖြစ်သော ယသလုလင်သည် တင့်တယ်ကောင်းမြတ်သော ရုပ်အဆင်းနှင့် မင်း၏ စည်းစိမ်ကဲ့သို့သော ချမ်းသာခြင်းဖြင့် စံပျော်လျက်ရှိ၏။ ထိုသတို့သားအား မိခင် သုဇာတာက သူတစ်ပါးတို့နှင့် မတူစေဘဲ ဆွေ၊ မိုး၊ ဆောင်းဟူသော ဥတုသုံးပါးတို့နှင့် သင့်လျော်သည့် စံအိမ်သုံးဆောင်ကို ဆောက်လုပ်၍ အလှည့်ကျ စံပျော်စေ၏။

http://www.dhammadownload.com



ထိုစံအိမ် သုံးဆောင်တို့တွင် ယသ အား ဖျော်ဖြေရန် အထိန်းအယ မောင်းမ ကချေသည်များစွာတို့ကိုလည်း ထားရှိစေ၏။ တစ်ညသ၌ ယသသည် ညဉ့်ဦးယံ အချိန် ကချေသည်တို့ ကခုန်ဖြေဖျော်ကြစဉ် သလွန်ထက်၌ စက်ပျော်ခဲ့၏။

သန်းခေါင်ယံသို့ ရောက်သောအခါ ယသသည် တစ်ရေးနိုးလတ်၍ သလွန်ပေါ်မှ ရှုမျှော်၍ ကြည့်သော် စံအိမ်တွင်းရှိ အခြွေအရံ အားလုံးတို့ အိပ်ကုန်ကြ၍ တိတ်ဆိတ် ငြိမ်သက်နေသည်ကို တွေ့ရှိရလေသည်။ သူသည် သလွန်ရှေ့တွင် အိပ်မောကျနေသည့် ကချေသည်တို့ကို ထွန်းညှိထားသော မီးတိုင်မှ အလင်းရောင်အောက်တွင် တွေ့မြင်သော် သူ၏ စံအိမ်သည် သုသာန်တစပြင်နှင့် တူလှပေသည်ဟု မှတ်ထင်မိတော့သည်။ ကချေသည်တို့ကား အချို့မှာ ဆံပင်များ ဖြန့်ကြဲလျက်၊ အချို့မှာ ပါးစပ်မှ အပုပ်ရည်များ စီးကျလျက်၊ အချို့မှာ ခါးဝတ်ထမီများ ကျွတ်ပြေလျက် အသီးသီးသော ရုပ်အဆင်းတို့ကို ရှုမြင်ရသဖြင့် ဤကချေသည်တို့ကား စောစောကကဲ့သို့ မဟုတ်၊ လှပသော ရုပ်ဆင်းတို့ ကွယ်ပျောက်ခဲ့၍ လူသေတို့နှင့် တူလှပေသည်ဟု တွေးတောဆင်ခြင်နေမိလေသည်။

ထို့နောက် ယသ၏စိတ်၌ ကချေသည်တို့သည် တစ်နေ့နေ့တွင် တကယ်ပင် သေကြရပေမည်။ ငါ၏ ကိုယ်သည်လည်း သူတို့ကဲ့သို့ပင် တစ်နေ့တွင် မချွတ်မလွဲ သေရဦးမည်ပင် ဖြစ်သည်။ ငါကား ဤသို့သောစည်းစိမ်တွင် စံစားနေ၍ အကျိုးမရှိ၊ မသေမီ ကုသိုလ်ကောင်းမှုရှာဖွေရန် ရဟန်းပြုတော့အံ့ဟု အကြံဖြစ်၍ သလွန်ပေါ်မှဆင်းကာ ရွှေခြေနင်းကို စီးလျက် ထွက်ခဲ့၏။

ထိုအခါ နတ်ဟို့သည် ယသ၏ ကောင်းမှုရှာခြင်းကို ကူညီလိုကြ၍ စံအိမ်၏ တံခါးမကြီးကို ဘိတ်တဆိတ်လာ၍ ဖွင့်ပေးကြ၏။

ယသလည်း စံအိမ်ပေါ်မှ ဆင်းခဲ့၍ မြို့တံခါးဝဆီသို့ ရောက်သောအခါ ယခင်နတ်တို့ပင် မြို့တံခါးမကြီးကို လာ၍ ဖွင့်ပေးကြ၏။

သူသည် မြို့မှထွက်ခဲ့သော် ဗုဒ္ဓသီတင်းသုံးနေတော်မူရာ မိဂဒါဝုန်တောကြီးသို့ ရောက်လေ၏။ ထိုနေ့ မိုးသောက်ယံ၌ ဗုဒ္ဓသည် ကျောင်းတော်နှင့် မနီးမဝေး အရပ်တွင် စင်္ကြံလျှောက်နေတော်မူရာ အဝေးမှလာနေသော ယသကို မြင်သဖြင့် လမ်းလျှောက်ခြင်းကို ရပ်ကာ သင့်အပ်သော အရပ်၌ နေတော်မူ၏။ ယသသည်

http://www.dhammadownload.com



ဗုဒ္ဓအနီးသို့ ရောက်သော် ရိုသေစွာ ကန်တော့လျက် အရှင်ဘုရား... တပည့်တော် သည် စံစားခဲ့သော စည်းစိမ်ကို စွန့်ပစ်လျက် ကုသိုလ်ကောင်းမှုကို ရှာရန်ထွက်ခဲ့ ပါသည်။ စည်းစိမ်ချမ်းသာဟူသည်တို့မှာ ဆင်းရဲခြင်းသာလျှင် အဆုံးရှိပါတော့ သည်ဘုရားဟု လျှောက်ကြားလေသည်။

ထိုအခါ ဗုဒ္ဓက ချစ်သား ယသ... ငါသိအပ်သော တရားတော် ကား ချမ်းသာခြင်း အစစ်ပင် ဖြစ်တော့သည်။ သင်သိလိုမူ သင့်အား ငါ တရား ဟောအံ့၊ ငါ၏ တရားတော်ကို နာလော့ ဟု ဆိုတော်မူ၏။

ထိုအခါ၌ ယသ၏မိခင် သူဌေးမသည် နံနက်စောစောထကာ သား ယသ၏ စံအိမ်သို့လာခဲ့ရာ ယသ ကို မတွေ့သဖြင့် ငိုယိုလျက် ဖခင်သူဌေးအား အကြောင်း ကြား၏။ ဖခင် သူဌေးလည်း ယသကို ရှာရန် အရပ်လေးမျက်နှာသို့ မြင်းသည် တော်တို့ကို စေလွှတ်၏။ သူကိုယ်တိုင်မှာလည်း ယသ၏ ရွှေခြေနင်းရာကို ကြည့်၍ လိုက်ခဲ့ရာ မိဂဒါဝုန်တောကြီးသို့ ရောက်လေ၏။

ဗုဒ္ဓသည် သူဌေးလာသည်ကို အဝေးကပင် မြင်တော်မူ၍ ယသအား ဖခင်နှင့် မတွေ့စေရန် ခဏဖုံးကွယ်ထားအံ့ဟု ကြံတော်မူ၍ တန်ခိုးတော်ဖြင့် ယသအား ကွယ်၍ ထား၏။ သူဌေးလည်း ဗုဒ္ဓအနီးသို့ရောက်သော် အရှင်ဘုရား... တပည့်တော်ကား သားပျောက်၍ ရှာလာပါသည်။ လုလင်တစ်ယောက်ကို မမြင်ပါသလောဟု မေး၏။ ထိုအခါ ဗုဒ္ဓက သူဌေး ထိုင်ဦးလော့...၊ ဤအရပ်၌ပင် သင့်၏သားကို မြင်ရအံ့ဟု ဆိုတော်မူသော် သူဌေးသည် ဗုဒ္ဓ၏အနီးသို့ ကပ်၍နေ၏။

ဗုဒ္ဓသည် သားအတွက် ပူပန်ဆင်းရဲခြင်း ဖြစ်လာသော သူဌေးအား တရားဟောတော်မူလို၍ ပထမဦးစွာ သီလ၏ အကျိုးကျေးဇူးအကြောင်းကို ဟောလိုက်၏။

ဒါယကာသူဌေး လောက၌ ခပ်သိမ်းသော အကျိုးကျေးဇူးတို့နှင့် ခပ်သိမ်း သော အပြစ်များစွာတို့ ရောထွေးလျက်ရှိပေသည်။ သင် သူဌေးသည် ခပ်သိမ်းသော အပြစ်တို့မှ လွတ်ကင်းချမ်းသာအောင် ရှောင်ကြဉ်တတ်ပါ၏လား ဟု ဗုဒ္ဓက မေးတော်မူ၏။

သူဌေးက အရှင်ဘုရား မရှောင်ကြဉ်တတ်ပါ ဟု ဖြေ၏။ သင် သူဌေး ခပ်သိမ်းသော အပြစ်များစွာ ဟူသည်ကား ဤငါးပါးတို့တည်း။

http://www.dhammadownload.com



(၁) သူ၏အသက်ကို သတ်ခြင်း၊
(၂) သူ၏ဥစ္စာကို ခိုးယူခြင်း၊
(၃) သူ၏ သားမယားကို ပြစ်မှားကျူးလွန်ခြင်း၊
(၄) မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊
(၅) မူးယစ်စေတတ်သော အရက်သေစာကို သောက်စားခြင်း ဤငါးပါးတို့တည်း။

ဤအပြစ်ငါးပါးတို့ကို မပြုမိအောင် မိမိတို့ကိုယ်ကိုယ် စောင့်ထိန်းရခြင်းသည် ငါးပါးသီလ ဆောက်တည်ခြင်း ဟု ခေါ်သည်။ လူတို့သည် ခပ်သိမ်းသော မကောင်းမှုတို့ကို မပြုမိအောင် သီလဖြင့်စောင့်ထိန်း ဆောက်တည်ကြရပေမည်။

သီလ ဟူရာ၌ ဆယ်ပါး သီလ၊ ကိုးပါးသီလ၊ ရှစ်ပါးသီလ၊ ငါးပါး သီလဟူ၍ သီလမျိုး လေးပါးရှိရာ ဆယ်ပါးသီလ၊ ကိုးပါးသီလ၊ ရှစ်ပါးသော သီလတို့ကို အကျိုးကျေးဇူး အထူးရလိုသူများ ဆောက်တည်ကြ၍ ကောင်းသော ဆုတို့ကို တောင်းဆို ရည်မှန်းနိုင်ကြပေသည်။

ငါးပါးသီလကိုမူကား ဤသို့ ဆောက်တည်ချင်မှသာ ဆောက်တည်ရမည် မဟုတ်ဘဲ လူတို့နေ့စဉ် စားသောက်ဝတ်ဆင်နေကြဘိသကဲ့သို့ မိမိတို့ကိုယ်နှင့် မကွာစေရန် အမြဲဆင်ခြင်လျက် နေ့ညမပြတ် မမေ့မလျော့ မပေါက်ကျိုးရအောင် စောင့်ထိန်းဆောက်တည်အပ်သော လူတို့၏ ကျင့်ဝတ်ငါးပါးပင် ဖြစ်သည်။ ကျင့်ဝတ်ငါးပါးရှိခြင်းကြောင့် ငါးပါးသီလဟုခေါ်ဆိုသည်။ ငါးပါးသီလကို အစဉ်အမြဲ စောင့်ထိန်းဆောက်တည်ရခြင်းကြောင့် နိစ္စသီလ ဟုလည်း ခေါ်ဆိုသည်။

ငါးပါးသီလကို ဗုဒ္ဓ၏ ကိုယ်စား ဘုရားပုထိုးစေတီတို့၌ လည်းကောင်း၊ ဗုဒ္ဓ၏ တပည့်သား သံဃာတော်တို့ထံ၌လည်းကောင်း တောင်းဆိုကျင့်သုံးနိုင်ကြပေသည်။ ဤသို့ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံးပါးတို့အား ယုံကြည်စွာ ဆည်းကပ်၍ ကျင့်သုံးဆောက်တည်ရခြင်းကြောင့် သရဏဂုံသီလ ဟုလည်း ခေါ်ဆိုရသည်။ ငါးပါးသီလကို မတောင်းဆိုမီ ရှေးဦးစွာ ရတနာမြတ်သုံးပါးအား ယုံကြည်စွာ ရှိခိုးကန်တော့ကြရမည်။

http://www.dhammadownload.com

# ငါးပါးသီလ ခံယူပုံအစဉ်

## ရတနာသုံးပါးကန်တော့ရန်

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံတည်းဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသော အပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ ပထမ၊ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟူသော ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။ ဤသို့ ကန်တော့ရသော အကျိုးအားကြောင့် အပယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသန တရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## သရဏဂုံနှင့် ငါးပါးသီလတောင်းရန်

(၁) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## နမောတဿဘုရားရှိခိုး

(၁) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၂) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

http://www.dhammadownload.com



## သရဏဂုံ ဆောက်တည်ရန်

(၁) ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
မ္မံသရဏံ ဂစ္ဆာမိ။
သံဃံသရဏံ ဂစ္ဆာမိ။
(၂) ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
(၃) တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

## စောင့်ထိန်းရမည့် သိက္ခာပုဒ် ငါးပါး

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ဩကာသ အစရှိသော ရတနာသုံးပါး ကန်တော့ခြင်း၏ အဓိပ္ပာယ်

ဩကာသ– ရှိခိုးကန်တော့ခြင်းကို ခံယူတော်မူပါဘုရားဟု ခွင့်တောင်းခြင်း၊

| | | |
|---|---|---|
| ကာယကံ – ကိုယ်ဖြင့်ပြုလုပ်မှု | | |
| ဝစီကံ – နှုတ်ဖြင့် ပြောဆိုမှု | } | ကံသုံးပါး။ |
| မနောကံ – စိတ်ဖြင့် ကြံစည်မှု။ | | |

ကိုယ်ဖြင့် ပြုလုပ်မှုကြောင့်ဖြစ်စေ၊ နှုတ်ဖြင့်ပြောဆိုမှုကြောင့်ဖြစ်စေ၊ စိတ်ဖြင့် ကြံဆောင်မှုကြောင့်ဖြစ်စေ တစ်ပါးပါးတို့ဖြင့် ပြစ်မှားမိသော ခပ်သိမ်းသော အပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှာ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင်

http://www.dhammadownload.com



ဘုရား တရား သံဃာဟူသော ရတနာမြတ်သုံးပါးတို့အား မာန်မာနကို နှိမ်ချ လျက် ရိုသေစွာ ကန်တော့ပူဇော်ပါ၏ အရှင်ဘုရား။

ရှိခိုးကန်တော့ခြင်းကို ခံယူတော်မူပါဟု ခွင့်တောင်းခြင်း ဖြစ်သည်။

ဘုရား ... လောက၌ ဖြစ်ဖြစ်သမျှသော တရားတို့ကို မိမိအလိုလို သိတော်မူ၍ တစ်စုံတစ်ယောက်နှင့်မျှ တူတော်မမူသော ဗုဒ္ဓကို ဘုရား ဟု ခေါ်၏။

တရား ... အပါယ်ငရဲ ဝဋ်ဆင်းရဲသို့ မကျစေမူ၍ နိဗ္ဗာန်ချမ်းသာကို ရရှိ စေတတ်သော ဗုဒ္ဓ၏ဒေသနာတော်ကို တရား ဟု ခေါ်၏။

သံဃာ ... ဗုဒ္ဓ၏ တပည့်သံဃာ အရိယာ အရှင်မြတ်အပေါင်းနှင့်တကွ သမ္မုတိသံဃာတော်ကို သံဃာ ဟု ခေါ်၏။

ရတနာ ... မြတ်နိုးအပ်သော၊ နှစ်သက် မွေ့လျော်စေတတ်သော၊ ကောင်း ကျိုးချမ်းသာကို ပြုစုစေတတ်သော သဘောရှိခြင်းကြောင့် ရတနာဟု ခေါ်၏။ သတ္တဝါတို့အား ကောင်းကျိုးချမ်းသာကို အခါမလင့် ပေးတတ်သောကြောင့် ဘုရား တရားသံဃာ ဤသုံးဖြာကို (ရတနာမြတ်သုံးပါး) ဟုခေါ်၏။

အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍... မြတ်နိုးလေးစားခြင်းဖြင့် ရိုသေစွာ လက်နှစ်ဖက်ကို ယှက်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏။ မိမိမှာရှိသော မာန်မာနတို့ကို ချိုးနှိမ်လျက် ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ကန်တော့ပူဇော်ရသော စေတနာကောင်းမှုကြောင့်။

## အပါယ်လေးပါး

(၁) ငရဲ ... ချမ်းသာခြင်း အနည်းငယ်မျှမရှိ၊ မီးတောက်မီးလျှံ ဓားစက် လှံစက်တို့ဖြင့် အစဉ်အမြဲ နှိပ်စက်ခြင်းခံရသောကြောင့် ငရဲဟုခေါ်၏။

(၂) တိရစ္ဆာန် ... ရတနာမြတ်သုံးပါးကို မသိ၊ စားခြင်း၊ အိပ်ခြင်း၊ မေထုန် မှီဝဲခြင်းကိုသာ သိသော သတ္တဝါတို့၏ ဘဝ၊ မဂ်ဖိုလ်ချမ်းသာတို့မှ ဆန့်ကျင်သော သတ္တဝါတို့၏ ဘဝ။

(၃) ပြိတ္တာ ... ချမ်းသာသုခတို့မှ ကင်းဝေးသော သူရဲ၊ တစ္ဆေ၊ မှင်စာ၊ ဖုတ်ပြိတ္တာတို့၏ ဘဝ။

http://www.dhammadownload.com



(၄) အသူရကာယ် ... စည်းစိမ်ချမ်းသာတို့ဖြင့် မပျော်ရွှင် မမြူးထူးနိုင်သော ဘဝ၊ နေ့အခါ စံရသော်လည်း ညအခါ ခံစားရခြင်း၊ ညအခါ စံစားရသော်လည်း နေ့အခါ ခံစားရခြင်း။

## ကပ်သုံးပါး

## ကပ် ... ကာလအပိုင်းအခြား။

(၁) ဒုဗ္ဘိက္ခန္တရကပ် ... အစာငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးရခြင်း
(၂) သတ္တန္တရကပ် ... သေစေတတ်သော ဓားဘေး၊ လှံဘေး၊ သေနတ်ဘေး တို့ဖြင့် ထိခိုက်ခံစား၍ သေကျေပျက်စီးရခြင်း။
(၃) ရောဂန္တရကပ် ... ကူးစက်တတ်သော ရောဂါဆိုးတို့ဖြစ်ပေါ်၍ လူအများ သေကျေပျက်ဆီးကြခြင်း။

## ရပ်ပြစ်ရှစ်ပါး

## မဂ်ချမ်းသာကို မရနိုင်သော အရပ်ရှစ်ပါး။

(၁) ငရဲ... ချမ်းသာခြင်း အလျဉ်းမရှိသော ဘဝ။
(၂) တိရစ္ဆာန်... ရတနာမြတ်သုံးပါးကို မသိ၍ မဂ်ဖိုလ်နှင့်ကင်းဝေးသော သတ္တဝါတို့၏ ဘဝ။
(၃) ပြိတ္တာ... ချမ်းသာခြင်း ကင်းသော ဖုတ် တစ္ဆေ မှင်စာတို့ ဘဝ။
(၄) အသညသတ်... ရုပ်သာရှိ၍ နာမ်မရှိရာ၊ နာမ်သာရှိ၍ ရုပ်မရှိရာ ဘဝ။
(၅) ပစ္စန္တရစ်... သရဏဂုံသုံးပါး မတည်၍ ရိုင်းစိုင်းသော သူတို့၏ဘဝ။
(၆) ဝိကလိန္ဒြိယ... အမိဝမ်းမှ ကျိုး၊ ကန်း၊ ဆွံ့အခြင်းဖြင့် မွေးဖွားခဲ့ရသော ဒုက္ခိတဘဝ။
(၇) မိစ္ဆာဒိဋ္ဌိ... တရားအမှန်ကို မသိ၊ မှားသော အယူကို ယူသောဘဝ။
(၈) ဗုဒ္ဓသုညောတိ ဟောတုကော...ဘုရားဖြစ်တော်မမူသော အခါကာလတို့၌ တိဟိတ်ပဋိသန္ဓေနေသော သူ၏ဘဝ။

http://www.dhammadownload.com



## ရန်သူမျိုး ငါးပါး

မိမိကို ဒုက္ခဆင်းရဲ ပေးနိုင်သောသူ ငါးပါး။

(၁) ရေ... သတ္တဝါတို့အား သုခ ဒုက္ခပေးတတ်သော အရည်ဓာတ်တစ်မျိုး။
(၂) မီး... လောင်ကျွမ်းစေတတ်သော အပူဓာတ်တစ်မျိုး။
(၃) မင်း... ရေမြေကို အစိုးရသောမင်း။
(၄) ခိုးသူ... သူတစ်ပါး၏ ပစ္စည်းကို ခိုးယူတတ်သောသူ။
(၅) မချစ်မနှစ်သက်သောသူ... မိမိအား မုန်း၍ မကောင်းကျိုးကိုသာ ပြုတတ်သောသူ။

## ဝိပတ္တိတရားလေးပါး

ဖောက်ပြန်ပျက်ဆီးကြောင်းတရားလေးပါး။

(၁) ဂတိဝိပတ္တိ... အပါယ်လေးပါး၌ ဖြစ်ခြင်း၊
(၂) ဥပဓိဝိပတ္တိ... ခြေ လက် အင်္ဂါ မစုံလင်သူဖြစ်ရခြင်း၊
(၃) ကာလဝိပတ္တိ... မကောင်းသော မင်းတို့ အုပ်စိုးနေသော အခါကာလတွင် ဖြစ်ရခြင်း၊
(၄) ပယောဂဝိပတ္တိ... အားထုတ်မှု လုံ့လပယောဂ မရှိခြင်း။

## ဗျသန တရား ငါးပါး

ပျက်စီးခြင်းတရား ငါးပါး။

(၁) ဉာတိဗျသန... ဆွေမျိုး ပျက်စီးခြင်း။
(၂) ဘောဂဗျသန... စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။
(၃) ရောဂဗျသန... အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း။
(၄) သီလဗျသန... ကောင်းသော အကျင့်သီလ ပျက်စီးခြင်း။
(၅) ဒိဋ္ဌိဗျသန... မှန်သော အယူဝါဒ ပျက်စီးခြင်း။

အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ယခုဘဝမှစ၍ နောင်သံသရာ များစွာတို့၌ ဆိုခဲ့ပြီးသော ဆင်းရဲခြင်းတို့မှ လွတ်ကင်း၍ မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား... ဆင်းရဲတကာတို့မှ လွတ်ငြိမ်းသည့်

http://www.dhammadownload.com



နိဗ္ဗာန်ချမ်းသာကို ရရှိကြောင်းဖြစ်သော မဂ်တရား ဖိုလ်တရားတို့ကို သိမြင်၍ နိဗ္ဗာန်ကို ရလိုပါ၏ အရှင်ဘုရား။

## သရဏဂုံနှင့် ငါးပါးသီလတောင်း အဓိပ္ပာယ်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ကျွန်ုပ်သည်။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသော သီလဟု ဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်တရားတော်မြတ်ကို။ ယာစာမိ၊ တောင်းခံအပ်ပါ၏။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ ကျွန်ုပ်အား။ အနုဂ္ဂဟံ၊ ချီးမြှင့်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း..................................သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း...............................သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

## နမောတဿ ဘုရားရှိခိုး အဓိပ္ပာယ်

အရဟတော၊ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်ခြင်း အထူးကို ခံယူတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ ခပ်သိမ်းသော တရားတို့ကို အကြွင်းမရှိ မိမိအလိုလိုသာလျှင် သိတော်မူထသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိသေမြတ်နိုးရှိခိုးပါ၏ အရှင်ဘုရား။

## သရဏဂုံသုံးပါးဆောက်တည်ရန် အဓိပ္ပာယ်

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

http://www.dhammadownload.com



ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း...................... ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း......................ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

## ငါးပါးသီလ ကျင့်ဝတ်သိက္ခာပုဒ် အဓိပ္ပာယ်

(၁) ပါဏာတိပါတာ ... သူ၏ အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော။ သိက္ခာပဒံ၊ ကျင့်ဝတ် သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

(၂) အဒိန္နာဒါနာ ... သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော။ သိက္ခာပဒံ၊ ကျင့်ဝတ် သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

(၃) ကာမေသုမိစ္ဆာစာရာ ... သူတစ်ပါး၏ သားမယားတို့အား ပြစ်မှားကျူးလွန်ခြင်းမှ။ ဝေရာမဏိ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

(၄) မုသာဝါဒါ... သူတစ်ပါး၏ အကျိုး ပျက်စီးစေကြောင်း ဖြစ်သော မဟုတ်မမှန်သည့် စကားကို ပြောဆိုခြင်းမှ။ ဝေရမဏိ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော။ သိက္ခာပဒံ၊ ကျင့်ဝတ် သိက္ခာပုဒ်ကို။ သမာဓိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ... မူးယစ်စေတတ်သည့် သေရည်သေရက်တို့ကို သောက်စားခြင်းမှ။ ဝေရာမဏိ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

## ငါးပါးသီလဆောက်တည်ခြင်း၏ အကျိုး

ကျင့်ဝတ်သိက္ခာပုဒ် ငါးပါးကို မြဲစွာ ဆောက်တည်သူ၌ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကောင်းခြင်း၊ ဉာဏ်ပညာရှိခြင်း၊ စည်းစိမ်ဥစ္စာ အခြွေအရံ ပေါခြင်းဟူသော အကျိုးကျေးဇူးတို့ကို ရရှိနိုင်ကြပေသည်။

http://www.dhammadownload.com



## ငါးပါးသီလ မမြဲခြင်း၏အပြစ်

ကျင့်ဝတ်သိက္ခာပုဒ်ငါးပါးကို မြဲစွာ မစောင့်ထိန်းသူတို့၌ အသက်တိုတတ်ခြင်း၊ အနာရောဂါထူပြောခြင်း၊ ရုပ်အဆင်းညှဲ့ဖျင်းခြင်း၊ ပညာမဲ့ခြင်း၊ စည်းစိမ်အခြံအရံ ကင်းမဲ့ခြင်း၊ သူတစ်ပါး၏ အနှိပ်အစက်ကို ခံရတတ်ခြင်း အစရှိသော အပြစ်များစွာတို့ကို ရရှိခံစားကြရပေမည်။

ထို့ကြောင့် လူတို့သည် ကောင်းကျိုးချမ်းသာ ဟူသမျှကို ရရှိခံစားနိုင်ကြစေရန် ငါးပါးသီလကို မိမိတို့ကိုယ်နှင့် မကွာစေဘဲ အမြဲအစဉ် ဆောက်တည်ကြရပေမည်။

ဗုဒ္ဓသည် ဤသို့အစရှိသော တရားအပေါင်းတို့ကို သူဌေးအား ဟောကြားတော်မူရာ သူဌေးသည်လည်း ခပ်သိမ်းသော ဆင်းရဲခြင်းတို့မှ ကင်းကွာ၍ ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ် သုံးပါးသည်သာ ကိုးကွယ်ပူဇော်ရာ အစစ်ဖြစ်ပေသည်ဟု ယုံကြည်၍ အရှင်ဘုရား၊ တပည့်တော်သည် ယနေ့မှစ၍ ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရှိခိုးရာဟူ၍ ဆည်းကပ်ပါ၏။ တပည့်တော်အားလည်း အရှင်ဘုရား၏ ဥပါသကာဟု မှတ်တော်မူပါ။ အရှင်ဘုရား၏ တရားတော်မြတ်အတိုင်း လိုက်နာကျင့်သုံးပါမည်ဟု လျှောက်၏။

ထိုသူဌေးကား ဗုဒ္ဓပွင့်တော်မူပြီးနောက် လူယောက်ျားတို့တွင် ပထမ ဦးစွာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတည်မြဲသူ ဖြစ်သတည်း။

သူဌေးသား ယသသည်လည်း ဗုဒ္ဓ၏ တရားအဆုံး၌ လူဝတ်နှင့်ပင် ရဟန္တာဖြစ်လေ၏။ ထိုအခါ ဗုဒ္ဓ၏စိတ်တော်၌ သူဌေးလည်း ငါ၏ တရားဘော်ကို သိခဲ့ပြီ၊ ယသသည်လည်း ရဟန်းအဖြစ်ကို ရပေပြီ၊ ငါ၏ တန်ခိုးတော်ကို ရုတ်သိမ်းအံ့ဟု ကြံတော်မူသော် အဘ သူဌေးနှင့် သား ယသတို့ ဗုဒ္ဓ၏ ရှေ့တော်တွင် တွေ့မြင်ကြရလေ၏။ သူဌေးသည်လည်း သား ယသကိုမြင်သော် အားရ ဝမ်းသာစွာဖြင့် ချစ်သား... သင်၏အမိသည် သင့်ကို မတွေ့၍ ပူပန်ဆင်းရဲခြင်း ဖြစ်နေပါသည်။ အိမ်သို့ ခဏမျှ ပြန်ပါဦးဆိုသဖြင့် ယသလည်း ဗုဒ္ဓကို မော်၍ကြည့်၏။

ထိုအခါ ဗုဒ္ဓ က ဒါယကာ သူဌေး... သင်၏ သားကား ရဟန်းအဖြစ်ကို ရပေပြီ။ လူတို့ဘောင်တွင် နေရန် မသင့်ပြီ ဟု မိန့်တော်မူသဖြင့် သူဌေးလည်း

http://www.dhammadownload.com



အားရဝမ်းသာလျက် ဗုဒ္ဓနှင့် သားရဟန်းအား မနက်ဖြန် နံနက်၌ ဆွမ်းစားကြွတော်မူရန် ပင့်ဖိတ်၍ ပြန်လာခဲ့လေ၏။

မနက်ဖြန်နံနက်၌ ဗုဒ္ဓသည် ရှင်ယသနှင့်တကွ သူဌေးအိမ်၌ ဆွမ်းဘုဉ်းပေးတော်မူ၍ ဒါန သီလ အစရှိသော တရားတို့ကို ဟောကြားတော်မူ၏။ တရားတော်၏ အဆုံး၌ ရှင်ယသ၏ အမိနှင့် အိမ်သားအားလုံးတို့သည် ခပ်သိမ်းသော အပြစ်တို့ မှ ရှောင်ကြဉ်တတ်ကြသည်ဖြစ်၍ တပည့်တော်တို့သည် ယနေ့မှစလျက် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးတို့အား ဆည်းကပ်လျက် ဗုဒ္ဓ ဆုံးမတော်မူသော ဤအပြစ်ငါးပါးတို့ကို မပြုမိစေရန် မြဲစွာ စောင့်ထိန်းဆောက်တည်ပါမည် အရှင်ဘုရားဟု ဝန်ခံကြလေ၏။

ထိုသူတို့ကား ဗုဒ္ဓပွင့်တော်မူပြီးနောက် လူမိန်းမတို့တွင် ရှေးဦးစွာ သရဏဂုံသုံးပါးတည်၍ ငါးပါးသီလမြဲသူတို့ ဖြစ်ကြလေသတည်း။

ဗုဒ္ဓထံ၏တော်၌ သူဌေးသား ယသ ရဟန်းပြုကြောင်း သတင်းကိုကြားသဖြင့် ရှင်ယသ၏ လူဘဝက မိတ်ဆွေဖြစ်ကြသော ဝိမလ၊ သုဗာဟု၊ ပဏ္ဏဇိ၊ ဂဝံပတိ ဟူသော ပုဏ္ဏားလေးယောက်တို့သည် ရှင်ယသ ထံသို့သွား၍ ကျွန်ုပ်တို့လည်း ရဟန်းပြုလိုပါသည်၊ ဗုဒ္ဓထံတော်သို့ ပို့ပါဟု တောင်းပန်၏။ ပုဏ္ဏားလေးယောက် တို့သည် ဗုဒ္ဓထံတော်သို့ ရောက်သောအခါ တရားတော်ကို နာကြား၍ အဆုံး၌ လေးဦးတို့သည် ရဟန္တာ စင်စစ် ဖြစ်ကြလေကုန်သတည်း။

ထို့နောက် ဗာရာဏသီပြည်၏အနီး ရွာတစ်ရွာတွင် နေကြသော ရှင်ယသ၏ လူဘဝက မိတ်ဆွေဖြစ်ကြသော သူဌေးသားငါးကျိပ်တို့သည်လည်း မိဘသားသမီး ဥစ္စာ ရွှေငွေတို့ကို စွန့်ပစ်၍ ရဟန်းပြုလာကြလေသည်။

ထိုအခါ ဗုဒ္ဓ၏မျက်မှောက်တော်၌ ခြောက်ကျိပ်သော ရဟန်းတို့ ဖြစ်ပေါ်လာခဲ့ပြီး ဖြစ်လေသတည်း။

ဤသို့ ပဥ္စဝဂ္ဂီ အစရှိသော ရဟန္တာခြောက်ကျိပ်တို့ ဖြစ်ပေါ်လာခဲ့ပြီးနောက် ဗုဒ္ဓသည် မိဂဒါဝုန်တော၌ နန္ဒိယ အမည်ရှိသော ဥပသကာ ဆောက်လုပ်သော ကျောင်း၌ ပထမဝါဆိုတော်မူ၏။

ထိုဝါကျွတ်လျှင် တပည့်ရဟန်းတို့အား ခေါ်တော်မူ၍ ချစ်သားရဟန်းတို့၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအား ငါ၏ တရားအမှန်ကို ဟောပြ၍ ချမ်းသာခြင်း

http://www.dhammadownload.com



ကို ရောက်စေခဲ့ကြလေပြီ။ သင်တို့သည်လည်း ငါဘုရားကဲ့သို့ တရားအမှန်ကို ဟောကြားနိုင်ကြပေသည်။ ထိုထိုမြို့ရွာများသို့ ခရီးလှည့်လည်၍ ရှိရှိသမျှသော လူအပေါင်းတို့အား တရားအမှန်ကို ညွှန်ပြဟောကြားကြလေကုန်။ ရဟန်းခွင်သို့ ဝင်လိုကြမူကား ငါဘုရားထံသို့ မခေါ်ခဲ့ဘဲ သင်တို့ပင် ရဟန်းပြုပေးကြလေကုန်၊ သရဏဂုံသုံးပါးဖြင့် ရဟန်းပြုခြင်းကို ငါဘုရား ခွင့်ပြုတော်မူ၏ဟု မိန့်တော်မူ၍ အရပ်ရပ်သို့ သာသနာပြု စေလွှတ်တော်မူ၏။

ထို့နောက် ဗုဒ္ဓလည်း မိဂဒါဝုန်တောမှ ဥရုဝေလတောသို့ ကြွတော်မူရာ ခရီးအကြား တောအုပ်တစ်ခု၌ သီတင်းသုံးတော်မူစဉ် ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့နှင့် တွေ့လေ၏။ ဘဒ္ဒဝဂ္ဂီ မင်းသားတို့ကား ထိုတောအုပ်တွင် ပျောက်နေသော မယားတစ်ယောက်ကို ရှာဖွေနေကြစဉ် ဗုဒ္ဓကို တွေ့သဖြင့် အရှင်ဘုရား... မိန်းမ တစ်ယောက်ကို တွေ့ပါသလော ဟု မေးကြလေ၏။

ထိုအခါ ဗုဒ္ဓက သင်မင်းသားတို့ အဘယ်ကြောင့် မယားကို ရှာကြသနည်း။ မယားကိုရှာခြင်းသည် ဆင်းရဲခြင်းကို ရှာခြင်းမည်၏။ ခပ်သိမ်းသော ဆင်းရဲတို့မှ ကင်းဝေးစေရန် တရားတော်ကိုသာ ရှာကြလော့ဟု ဆိုတော်မူ၍ တရားတော်ကို ဟောကြားတော်မူ၏။ တရားတော်၏အဆုံး၌ မင်းသားသုံးကျိပ်တို့လည်း ရဟန်း မြတ်အဖြစ်သို့ ရောက်ကြလေကုန်၏။

ဗုဒ္ဓလည်း ထိုရဟန်း သုံးကျိပ်တို့ကို ထိုတောအုပ်ထဲ၌ ထားခဲ့၍ ဒေသစာရီ ကြွချီပြန်တော် ဥရုဝေလတောသို့ ရောက်တော်မူ၏။

ထိုတောအုပ်၌ ဥရုဝေလ ကဿပ၊ နဒီ ကဿပ၊ ဂယာ ကဿပဟူ၍ ရသေ့ညီနောင် သုံးဦးတို့သည် မိမိတို့၏ အခြွေအရံ ရသေ့တစ်ထောင်တို့ဖြင့် နေကြလေ၏။ သူတို့သည် တရားအမှန်ကို မသိ၊ မှားသော အယူဝါဒကို နံနက်နေထွက်မှ ညနေနေဝင်သည်အထိ မရပ်မနား အားထုတ်လျက် ရှိကြလေ သည်။

ဗုဒ္ဓရောက်ရှိသောအခါ ရသေ့ညီနောင်သုံးဦးနှင့် အခြွေအရံ ရသေ့တစ်ထောင် တို့အား တန်ခိုးတော်အသွယ်သွယ်ဖြင့် ဖန်ဆင်းတော်မူကာ တရားဟောပြ ဆုံးမ တော်မူ၏။ ရသေ့ညီနောင်သုံးဦးနှင့် အရန်ရသေ့များစွာတို့သည် ဗုဒ္ဓ၏ အဆုံးအမ၌ တည်ကြ၍ ရဟန္တာမြတ်အဖြစ်သို့ ရောက်ကြလေသတည်း။

http://www.dhammadownload.com



ဗုဒ္ဓသည် ထိုရသေ့တစ်ထောင်ကျော်တို့ဖြင့် ခြံရံလျက် ဂယာသီသသ၌ ခေတ္တမျှ နေတော်မူပြီးနောက် ဗုဒ္ဓဖြစ်လျှင် ကျွန်ုပ်၏ပြည်ကို ရှေးဦးစွာ ကြွပါဟု ဗိမ္ဗိသာရ မင်းကြီး ကြားလျှောက်ခဲ့သည်ကို နှလုံးသွင်းတော်မူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။

ဗုဒ္ဓလည်း မြို့၏ အနီး ထန်းတောဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဗိမ္ဗိသာရမင်းကြီး သိသော် မှူးမတ် သူဌေး ပုဏ္ဏားတစ်သိန်းကျော်ဖြင့် ခြံရံလျက် ဗုဒ္ဓအား ကြိုဆိုလာကြ၏။ ထိုအခါ ဗုဒ္ဓထံပါး၌ ရံလျက်ရှိနေကြသော ဥရုဝေလ ကဿပ အစရှိသော ရဟန်းတော်တို့ကို ပြည်သူပြည်သားတို့ ဖူးတွေ့ရသော် ဤရသေ့တို့ကား ငါတို့၏ ဆရာများသာဖြစ်ပါလျက် ယခု ဗုဒ္ဓ၏ထံတော်၌ တပည့်သား သံဃာတော်အဖြစ် ရှိနေကြခြင်းမှာ ဗုဒ္ဓ၏ တရားတော်သည် အမှန်သို့ ပို့ဆောင်ခြင်းသဘောရှိခြင်းကြောင့် ဖြစ်ပေလိမ့်မည်ဟု ယုံကြည်ကြလေ၏။

ဗုဒ္ဓလည်း ဗိမ္ဗိသာရမင်းကြီးနှင့် အခြွေအရံတို့အား တရားတော်ကို ဟောကြားတော်မူ၏။ ထိုအခါ မင်းကြီးက အရှင်ဘုရား ...တပည့်တော်၏စိတ်တွင်း၌ တောင့်တခြင်း ငါးပါး ဖြစ်ပေါ်ခဲ့ပါသည်။ ထိုငါးပါးတို့ကား တပည့်တော်သည် ရွှေထီးရွှေနန်း ကို စိုးမိုးသော ပြည့်ရှင်မင်း ဖြစ်လိုပါသည်။ ထို့နောက် ရှင်တော်ဗုဒ္ဓကို ဖူးတွေ့ရ၍ တရားတော်မြတ်ကို နာကြားလိုပါသည်။ တရားအမှန်ကို သိမြင်ပြီးလျှင် မှားသော အယူဝါဒများ ကင်းကွာလျက် ဗုဒ္ဓ၏ တရားတော်ကို ဖြောင့်တန်းစွာ လိုက်နာလိုပါသည်။ ယခုတပည့်တော်၏ တောင့်တခြင်းကား ပြည့်စုံခဲ့ပါပြီ။ အရှင်ဘုရားသည် တပည့်တော်အား ဥပါသကာအဖြစ် မှတ်ယူ၍ မနက်ဖြန် နံနက်၌ သံဃာတော်အပေါင်းနှင့်တကွ နန်းတော်သို့ ဆွမ်းအလှူခံ ကြွတော်မူပါဘုရား ဟု ပင့်ဖိတ်လေ၏။

နက်ဖြန်နံနက်၌ ဗုဒ္ဓလည်း သံဃာတော်တစ်ထောင်နှင့်တကွ ဗိမ္ဗိသာရ မင်း၏ နန်းတော်သို့ ဆွမ်းအလှူခံ ကြွတော်မူ၏။ မင်းကြီးလည်း ဗုဒ္ဓအား ဆွမ်းကပ်လှူပြီးလျှင် ဝေဠုဝန်ဥယျာဉ်အတွင်းရှိ နန်းတော်ကို ရေစက်သွန်းချ၍ လှူတော်မူ၏။

ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူကြောင်းကို ကြားသိရသောအခါ ပဥ္စဝဂ္ဂီတို့တွင် တစ်ပါးဖြစ်သော အရှင်အဿဇိ

http://www.dhammadownload.com



သည် လည်းကောင်း၊ ဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်တို့သည်လည်းကောင်း၊ ရှင်ယသ စသော သံဃာတော်တို့သည်လည်းကောင်း ဗုဒ္ဓ၏ ထံပါးသို့ ရောက်လာကြလေ ကုန်သတည်း။

ထိုအခါဝယ် ရာဇဂြိုလ်ပြည်၌ သိဥ္စည်း အမည်ရှိသော ပရိဗိုဇ် ရဟန်းကြီးထံ တွင် တရားရှာလို၍ ရောက်လာကြသော ဥပတိဿနှင့် ကောလိတ ဟူသော ပရိဗိုဇ် ရဟန်းနှစ်ပါး ရှိလေ၏။ ထိုရဟန်းနှစ်ပါးသည် တစ်နေ့သ၌ အိုနာသေခြင်း တို့ ကုန်ဆုံး၍ ချမ်းသာခြင်း အစစ်အမှန်ကို ရနိုင်သော တရားကို သိဥ္စည်းဆရာ ကြီးထံ မေးမြန်းကြလေရာ မဖြေနိုင်သဖြင့် မိမိတို့ဘာသာပင် ဆရာ့ထံမှ ခွာ၍ အရပ်ရပ်သို့ ထိုတရားကို ရှာရန် ထွက်ခဲ့ကြလေ၏။

သူတို့သည် အရပ်ရပ်သို့ ရောက်လေတိုင်း တွေ့သမျှသော ရဟန်းပုဏ္ဏား တို့အား ချမ်းသာခြင်းအစစ်ကို ရနိုင်သော တရားအမှန်ကို မေးမြန်းကြလေရာ မည်သူတစ်ဦးတစ်ယောက်မျှ မဖြေနိုင်ကြလေကုန်။

နောက်ဆုံး၌ သူတို့သည် သိဥ္စည်းဆရာထံသို့ပင် ပြန်လာကြလေ၏။

ဗုဒ္ဓသည် ဝေဠုဝန်ကျောင်းတော်ကို အလှူခံတော်မူ၍ သုံးရက်မြောက်သော နေ့၌ အရှင်အဿဇိသည် နံနက်စောစောအခါ သင်္ကန်းကို ပြင်ဆင်ဝတ်ရုံလျက် သပိတ်ကို ပိုက်ကာ မြို့တွင်းသို့ ဝင်တော်မူ၏။ ထိုအခါ ဥပတိဿ ပရိဗိုဇ်သည် မြို့တွင်းမှအပြန် လမ်းတွင် သိမ်မွေ့သော ရဟန်းမြတ်တို့၏ ဣန္ဒြေဖြင့် ဆွမ်းခံ ကြွလာသော အရှင်အဿဇိကို မြင်သော် ကြည်ညိုစိတ်ဖြစ်ပေါ်၍ နောက်တော်မှ တစိုက်စိုက်လိုက်ခဲ့၏။

ဥပတိဿ၏ စိတ်တွင်း၌ ဤအရှင်ကား တရားအမှန်ကို သိနိုင်သော ရဟန္တာ အရှင်မြတ်သော်လည်း ဖြစ်ပေအံ့။ ဤရဟန်းထံသို့ ကပ်၍ ငါသိလိုသော တရားကို မေးမြန်းရသော် ကောင်းလေစွ။ သို့သော် ယခုလို လမ်း၌ မေးမြန်း၍ မသင့်၊ နားနေရာအရပ်သို့ ရောက်မှမေးအံ့ဟု အကြံဖြစ်၍ နောက်တော်မှသာ တစိုက်စိုက်လိုက်ခဲ့၏။

ဥပတိဿလည်း အရှင်အဿဇိ ဆွမ်းစားနေစဉ် အနားသို့ကပ်၍ ပြုဖွယ်ရှိ သော ဝတ်တို့ကို ပြုပြီးလျှင် တည်ငြိမ်သိမ်မွေ့ခြင်း အဆင်းကို ဆောင်ပေသော

http://www.dhammadownload.com



ငါ့ရှင်၊ သင်၏ အမူအရာတို့ကား နှစ်သက် မြတ်နိုးဖွယ် ရှိပါ၏။ သင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုဘိသနည်း၊ သင်၏ဆရာက အဘယ်သူနည်း၊ အဘယ်သူ၏တရားကို သင် နှစ်သက်သနည်း၊ အဘယ်သူ၏ ဩဝါဒကို သင် ရဘိသနည်းဟု မေး၏။

အရှင်အဿဇိကလည်း ငါ့ရှင်... ငါကား သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော ကိုးပါးဂုဏ်အင် ပြည့်စုံလင်သည့် ရှင်တော်ဗုဒ္ဓကို ရည်မှန်း၍ ရဟန်းပြု၏။ ထိုဗုဒ္ဓကား ငါ၏ဆရာပေတည်း၊ ထိုဗုဒ္ဓဟောကြားတော်မူအပ်သော တရားတော်ကို နှစ်သက်၍ မိန့်ကြားသော ဩဝါဒကို ခံသတည်း ဟု ဆို၏။

ထိုအခါ ဥပတိဿက ငါ့ရှင်... သို့ဖြစ်လျှင် သင် နာကြားလာရသော တရားအမှန်ကို ငါ့အား တစ်ဆင့် ဟောပြပါလော့၊ ငါသည်ကား တရားအမှန်ကို ရှာဖွေနေသူ ဖြစ်ပါ၏ဟု ဆို၏။

အရှင်အဿဇိကလည်း ငါ့ရှင်...ငါကား ရဟန်းဖြစ်ခဲ့သည်မှာ မကြာလှသေး၊ ဗုဒ္ဓ၏ တရားတော်ကို များများ မဟောနိုင်ပါ။ အနည်းငယ်မျှသာ ဟောပါအံ့ဟု ဆို၍ ဂါထာတစ်ပုဒ်ဟောရာ ဥပတိဿသည် သောတာပန် ဖြစ်လေ၏။ ထို့နောက် ဥပတိဿသည် သူ့မိတ်ဆွေ ကောလိတထံသို့ သွား၍ ယင်းဂါထာကိုဟောရာ ကောလိတလည်း သောတာပန် ဖြစ်လေ၏။ သူတို့နှစ်ဦးသည် အခြံအရံများနှင့် တကွ ဗုဒ္ဓရှိရာသို့ သွားကြလေ၏။

ဗုဒ္ဓလည်း တရားဟောတော်မူလျက်ရှိစဉ် ပရိဗိုဇ် အခြွေအရံများစွာဖြင့် ရောက်လာကြသော ဥပတိဿနှင့် ကောလိတ ကို မြင်တော်မူသော် သံဃာတော်တို့ကို ခေါ်၍ ချစ်သားတို့... ဥပတိဿနှင့် ကောလိတ ဟူသော မိတ်ဆွေနှစ်ဦး တို့ လာကြပေပြီ။ ထိုသူနှစ်ဦးကား ငါဘုရား၏ တပည့်မြတ်အစုံ ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ဗုဒ္ဓထံပါးသို့ ရောက်လာကြသော ဥပတိဿနှင့် ကောလိတတို့သည် ခြေတော်စုံဝယ် ဦးခိုက်လျက် အရှင်ဘုရား... တပည့်တော်တို့အား မှန်သော တရားတို့ကို ဟောပြညွှန်ကြားတော်မူပါ၊ အရှင်ဘုရားထံတွင် ရဟန်းမြတ်စင်စစ် ဖြစ်ရလိုပါ၏ဟု လျှောက်ကြားကြလေသည်။

http://www.dhammadownload.com



ဗုဒ္ဓလည်း ထိုသူတို့အား တရားဒေသနာ ဟောကြားဆုံးမ ညွှန်ပြတော်မူသဖြင့် မကြာမြင့်မီပင် ရဟန်းမြတ်နှစ်ပါးအဖြစ် ထင်ရှားလာခဲ့လေ၏။ ထို့နောက် ဗုဒ္ဓလည်း ဝေဠုဝန်ကျောင်းတော်၌ သံဃာအားလုံးကို စုရုံးစည်းဝေးစေ၍ အရှင်ဥပတိဿကို ဓမ္မသေနာပတိ သာရိပုတ္တရာ ဟူသောအမည်ဖြင့် လက်ယာရံ အဂ္ဂသာဝက အရာ ထားတော်မူ၍ အရှင်မြတ် ကောလိတ ကို မဟာမောဂ္ဂလာန် ဟူသော အမည်ဖြင့် လက်ဝဲရံ အဂ္ဂသာဝက ထားတော်မူလေသတည်း။

ဤသို့ ဗုဒ္ဓသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူလျက်ရှိကြောင်းကို ကပိလဝတ်ပြည်မှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူသော် အမတ်တစ်ယောက်အား ခေါ်၍ အချင်းအမတ်... သားဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ရှိနေပါသည်။ ခမည်းတော်သည် သား ဘုရားကို မတွေ့ရသည်မှာ ကြာမြင့်ခဲ့ပါပြီ၊ ခမည်းတော်မှာလည်း သက်တော်အိုမင်းလုပြီဖြစ်ရာ မသေမီ သားဘုရားကို ဖူးတွေ့လိုပါသည်၊ ပင့်လျှောက်ပါချေဟု မိုလ်အရံတစ်ထောင်ဖြင့် ဝန်းရံစေလျက် စေလွှတ်တော်မူ၏။ အမတ်နှင့် မိုလ်အရံတစ်ထောင်တို့လည်း ဗုဒ္ဓရှေ့မှောက်တော်သို့ ရောက်သောအခါ တရားဟောခိုက်နှင့် ကြုံ၍ ပရိသတ်အစွန်မှ နာကြားကြရလေရာ တရားတော် အဆုံး၌ ဗုဒ္ဓ၏ထံတော်တွင် ခွင့်ပန်၍ ရဟန်းအဖြစ်ကို ခံယူလိုက်ကြလေသည်။

ယင်းသို့ ရဟန်းသံဃာများ ဖြစ်ကုန်ကြသော် သုဒ္ဓေါဒနမင်းကြီး စေလွှတ်လိုက်သည့် ကိစ္စကို မေ့လျော့နေကြလေ၏။

မင်းကြီးလည်း သွားလေသော အမတ်တို့ ပြန်ချိန်သင့်၍ မပြန်လာကြသော် လိမ္မာသော အမတ်တစ်ယောက်ကို ခေါ်ကာ မိုလ်တစ်ထောင်ရံလျက် သားဘုရားထံ အပင့်စေလွှတ်ပြန်၏။ ထိုသူတို့လည်း ဗုဒ္ဓထံတော်သို့ ရောက်သော် တရားတော်၌ နှစ်သက်၍ ရဟန်းပြုလိုက်ကြပြန်၏။

ဤသို့ဖြင့် ထပ်ကာ ထပ်ကာ ကိုးကြိမ်တိုင်တိုင် စေလွှတ်၍ မပြန်လာကြသောအခါ မင်းကြီးသည် ငါ့သားတော် ဗုဒ္ဓကို အဘယ်သူသည် ကြွလာအောင် ပင့်ဆောင်နိုင်ပါမည်နည်းဟု စဉ်းစားတော်မူသော် ဗုဒ္ဓနှင့် ဖွားဖက်တော် ဖြစ်ပေသော ကာဠုဒါယီအမတ်ကို မြင်၍ သင်သည် ငါ့သားတော် ဗုဒ္ဓကို ပင့်နိုင်ပါမည်လားဟု မေးတော်မူ၏။

http://www.dhammadownload.com



ကာဠုဒါယီအမတ်က အရှင်မင်းကြီး... ကျွန်ုပ်အား ရဟန်းပြုခွင့်ပေးပါမူ ရအောင် ပင့်ဆောင်နိုင်ပါ၏ဟု ဝန်ခံသဖြင့် ကာဠုဒါယီအမတ်အား ရဟန်းပြုခွင့် ပေးကာ ဗုဒ္ဓထံသို့ စေလွှတ်လိုက်လေ၏။ ကာဠုဒါယီအမတ်နှင့် ဗိုလ်တစ်ထောင် တို့လည်း ဗုဒ္ဓထံမှောက်သို့ ရောက်လေလျှင် တရားတော်သိမြင်၍ ရဟန်းတော်မြတ် အဖြစ်သို့ ရောက်လေ၏။

အရှင်ကာဠုဒါယီလည်း ရောက်၍ ခုနစ်ရက် ရှစ်ရက်မျှ ကြာသော် ဆောင်း ဥတု ကုန်ဆုံး၍ နွေဥတုအပြောင်း တပေါင်းလရာသီနှင့် ကြုံလေသဖြင့် လပြည့်နေ့ ၌ သာယာသော ဥတုသမယကို ဂါထာခြောက်ဆယ်မျှဖြင့် ချီးမွမ်း၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အပင့်လွှတ်လိုက်သည့်အကြောင်းကို ဗုဒ္ဓအား လျှောက်ကြား ပေ၏။

ဗုဒ္ဓလည်း မဟာဆွေတော် မျိုးတော်တို့အား ချီးမြှောက်ခြင်းငှာ တပေါင်း လပြည့်ကျော် တစ်ရက်နေ့၌ သံဃာတော်နှစ်သောင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။

ဤသို့ ဗုဒ္ဓ ကပိလဝတ်ပြည်သို့ ကြွတော်မူရာ အရှင်ကာဠုဒါယီသည် ကောင်းကင်မှ ဆွမ်းတန်ခိုးဖြင့် ပျံကြွတော်မူကာ သုဒ္ဓေါဒနမင်းကြီးထံ ဘုရားကြွ လာတော်မူပြီဖြစ်ကြောင်းကို ပြောကြားတော်မူ၏။ ဗုဒ္ဓလည်း ရာဇဂြိုဟ်ပြည်မှ တစ်နေ့တစ်ယူဇနာခရီးဖြင့် ကြွ၍ နှစ်လမြောက်သော် ကပိလဝတ်ပြည်သို့ ရောက် တော်မူ၏။ ထိုအခါ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်မင်းတို့သည် ဗုဒ္ဓစံတော် မူရန် သင့်လျော်မည့်နေရာကို ရွေးချယ်ကြရာ နိဂြောဓ သာကီဝင်မင်းတို့၏ ဥယျာဉ်အလယ်၌ တွေ့၍ ကျောင်းတော်ဆောက်လုပ် လှူဒါန်းကြ၏။

သာကီဝင်မင်းတို့ကား အလွန်မာနကြီးကြပေသည်။ ဗုဒ္ဓအား မရှိခိုးကြ။ ဗုဒ္ဓသည် သူတို့၏ တူအရွယ်၊ ညီအရွယ်မျှသာ ရှိ၍ ဤငယ်ရွယ်သောသူအား ငါတို့ ရှိမခိုးထိုက်ဟု ဆိုကာ မရှိခိုးဘဲ နေကြလေသော် သိတော်မူ၍ ဗုဒ္ဓစံတော်မူရာ ပလ္လင်ထက်၌ စတုတ္ထဈာန်ကို ဝင်စားတော်မူကာ ကောင်းကင်သို့ ပျံကြွလျက် ကိုယ်တော်မှ ရေမီးအစုံ ပျံမြူးသော တန်ခိုးပြဋိဟာကို ပြတော်မူ၏။ ဗုဒ္ဓ၏ ကိုယ်တော်အထက်မှ မီးအလျှံ၊ ကိုယ်တော်အောက်မှ ရေအယဉ်၊ လက်ဝဲ ဖဝါး

http://www.dhammadownload.com



တော်မှ မီးအလျှံ၊ လက်ယာဖဝါးတော်မှ ရေအယဉ်၊ လက်ယာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအယဉ် အစရှိသည်တို့ဖြင့် အလုံးစုံသော ကိုယ်တော်မှ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အမောင်း၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် တစ်ပြိုင်နက် ကွန့်မြူးတော်မူလျက် သာကီဝင်မင်းသားအပေါင်း၏ ဦးခေါင်းထက်မှ စကြိုကြွ၍ ပြတော်မူရာ ဖခင် သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓအား လက်စုံမိုး၍ ရှိခိုးပူဇော်ကာ အရှင်ဘုရား ဖွားတော်မူစက ဒေဝိလ ရသေ့၏ ဦးခေါင်းထက်၌ ခြေတော်စုံရပ်စဉ်က တစ်ကြိမ် ဖခင် ရှိခိုးခဲ့ပါသည်။ ထို့နောက် တစ်လသားအရွယ် လယ်ထွန်မင်္ဂလာပြုစဉ်က ကြီးစွာသော ဇမ္ဗူသပြေပင်ရိပ်ဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူသော သားတော်ကို မြင်၍ ဖခင် တစ်ကြိမ် ရှိခိုးခဲ့ပါသည်။ ဤယခုမှာ တစ်ခါမျှ မကြုံဖူး၊ မမြင်ဖူးသည့် ထူးမြတ်သော သားတော် ဗုဒ္ဓ၏ တန်ခိုးတော်အသွယ်သွယ်ကို ဖူးတွေ့ရသဖြင့် ဖခင် တစ်ကြိမ် ရှိခိုးပါသည်။ ဤအခါကား ဖခင်၏ သုံးကြိမ်မြောက် ရှိခိုးပူဇော်ခြင်း ဖြစ်ပါသည်ဟု လျှောက်၏။

ဤသို့ ခမည်းတော်မင်းကြီးက အညွတ်အနူး ရှိခိုးပူဇော်သည်ကို မြင်ကြသော် အားလုံးသော သာကီဝင်မင်းတို့သည် ဗုဒ္ဓအား မြေ၌ ပြားပြားဝပ်မျှရှိခိုး၍ ပူဇော်ကြလေသတည်း။

ဗုဒ္ဓလည်း ကောင်းကင်မှသက်၍ ရတနာပလ္လင်တော်၌ စံတော်မူရာ ကြည်လင်သော ကောင်းကင်မှ ကြေးနီရောင် အဆင်းရှိသော ပေါက္ခရဝဿ မိုးကြီးသည် ရွာသွန်းလေ၏။ ထိုပေါက္ခရဝဿ မိုးကား ဗုဒ္ဓ၏ တန်ခိုးတော်ကြောင့် ရွာသွန်းသည်ဖြစ်၍ စိုလိုသူတို့၌ စိုကာ မစိုလိုသူတို့၌ တစ်ပေါက်တစ်စက်မျှ မစိုပေ။

မဟာဆွေတော် မျိုးတော် အပေါင်းတို့လည်း ဗုဒ္ဓ၏ တရားတော်ကို နာကြားကြပြီးသော် နက်ဖြန် နံနက်၌ ဗုဒ္ဓအား ဆွမ်းအလှူခံ ကြွတော်မူရန် မပင့်မိကြကုန်။။ ဖခင်မင်းကြီးပင်လည်း သားတော်ဗုဒ္ဓသည် နက်ဖြန်နံနက်၌ နန်းတော်သို့ ဆွမ်းစားကြွလိမ့်မည် အထင်ရှိ၍ မပင့်လျှောက်ဘဲ ပြန်ခဲ့လေ၏။ ဗုဒ္ဓသည် နက်ဖြန် နံနက်၌ ရှေးပွင့်တော်မူခဲ့ပြီးသော ဗုဒ္ဓများစွာတို့ နည်းတူ သံဃာတော်နှစ်သောင်း ခြံရံလျက် ကပိလဝတ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ထိုသို့ ဗုဒ္ဓဆွမ်းခံ ကြွ

http://www.dhammadownload.com



လာခြင်းကို ယသောဓရာမင်းသမီး ကြားသိသော် မောင်တော်သည် သာကီဝင်မင်းမျိုးဖြစ်ပါလျက် အဘယ်ကြောင့် အိမ်စဉ်လှည့်ကာ ဆွမ်းရပ်တော် မူပါသနည်းဟု သိလိုသဖြင့် နန်းတော်လေသာပြတင်းမှ မှော်ရှုလေသော် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်သော ဗုဒ္ဓ၏ အဆင်းတော်ကို ဖူးတွေ့ရလျှင် ရှုကြည့်၍ မဝနိုင်ဘဲ မေ့မြော၍ နေမိလေသည်။ ထိုနောက်မှ ဖခင်မင်းကြီးထံသွား၍ ဗုဒ္ဓဆွမ်းခံကြွခြင်း အကြောင်းကို လျှောက်ကြားလေ၏။

မင်းကြီးလည်း နန်းတော်မှ ရုတ်ခြည်း ဆင်းသက်ခဲ့ပြီးသော် ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ အရှင်ဘုရား အဘယ်ကြောင့် အိမ်စဉ်လှည့်လျှောက်၍ ဆွမ်းခံပါသနည်း၊ အရှင်ဘုရားနှင့် ဥသံဃာနှစ်သောင်းအား ဖခင် ဆွမ်းမကပ်နိုင်ဟု ထင်တော်မူပါသလားဟု လျှောက်သည်။

ထိုအခါ ဗုဒ္ဓက…ဒကာတော် မင်းကြီး… ငါတို့ ဗုဒ္ဓ အမျိုးအနွယ်ဟူသည်မှာ ဆွမ်းအလှူခံပင့်သော ဒါယကာ မရှိပါက မိမိကိုယ်တိုင် ဆွမ်းခံရမြဲ ဓမ္မတာပင်ဖြစ်သည်။ မကြောင့်ကြလင့် ဟု ဆိုတော်မူ၍ လမ်းခရီးမှာပင် တရားဟောတော်မူ၏။ တရားတော်အဆုံး၌ မင်းကြီးသည် ဗုဒ္ဓ၏ လက်တော်မှ သပိတ်ကို ကမ်းယူ၍ နန်းတော်သို့ ဆွမ်းအလှူခံ ပင့်ဆောင်ခဲ့လေ၏။ ဗုဒ္ဓလည်း ရွှေနန်းဥကင် ရာဇပလ္လင်ထက်၌ ဖခင်မင်းတရားဆက်ကပ်သော ဆွမ်းဘောဇဉ်တို့ကို ဘုဉ်းပေးတော်မူ၏။ နန်းတော်အားလုံးရှိ မောင်းမမိဿံ အခြွေအရံတို့သည် သူ့ထက်ငါ ဦးစွာလာ၍ ဗုဒ္ဓအား ကန်တော့ပူဇော်ကြလေသတည်း။

ယသောဓရာ ဗိမ္ဗာဒေဝီမှာကား ဗုဒ္ဓအား ပူဇော်ခြင်းငှာ ထွက်မလာဘဲ နန်းမဆောင်ထဲ၌သာ နေတော်မူ၏။ ထိုအခါ နန်းသူနန်းသားတို့က သခင်မဘုရား၊ ဗုဒ္ဓအား ကန်တော့ပူဇော်ရန် ထွက်ကြွတော်မူပါဟု လျှောက်ကြသော် ယသောဓရာဒေဝီက နန်းသူနန်းသားတို့… ငါသည် ဘဝများစွာ သံသရာက မောင်တော်သိဒ္ဓတ်မင်းနှင့် မကွဲမကွာ ပါရမီဖြည့်ဆည်းခဲ့သူ ဖြစ်ပေသည်။ ယခုဖြည့်ဆည်းခဲ့သည့်အတိုင်း မောင်တော်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ပူဇော်ရာ ရှင်မြတ်ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပေပြီ၊ ငါ၏ကျေးဇူးတို့ကို ထောက်ထား၍ ငါ့အား သနားညှာတာပါက ဗုဒ္ဓသည် ငါ့ထံသို့ အပူဇော်ခံ ကြွလာပါလိမ့်မည်။

http://www.dhammadownload.com





ယသော်ဓရာဒေဝီ ဗုဒ္ဓ၏ ခြေတော်အစုံကို ဦးနှိမ်ရှိကျိုး ရှိခိုးနေပုံ

ထိုအခါမှ ကန်တော့ပူဇော်ပါအံ့ဟု ဆိုသည်ကို ဗုဒ္ဓထံ လျှောက်ထားကြလေရာ ဗုဒ္ဓလည်း ယသောဓရာ ဗိမ္ဗာဒေဝီ၏ အဆောင်တော်သို့ တပည့်မြတ်အစုံဖြစ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ဖြင့် ဝဲယာရံစေလျက် ကြွလာတော်မူ၏။

ဤသို့ ဗုဒ္ဓ ကြွလာ၍ ခင်းအပ်သော ရတနာသလွန်ထက်၌ ထိုင်နေတော်မူသောအခါ ယသောဓရာ ဒေဝီလည်း ဗုဒ္ဓအား နီးကပ်စွာ ဖူးတွေ့ရသဖြင့် ဝမ်းသာဝမ်းနည်းဖြစ်လျက် ရှိုက်ကြီးတင် ငိုယိုကာ ဗုဒ္ဓ၏ ခြေအစုံတော်ကို ဦးနှိမ်လျက် ကန်တော့ပူဇော်ရှာလေသတည်း။

ထိုသို့ ကန်တော့သည်ကို မြင်ရသော ဖခင် မင်းကြီးက... အရှင်ဘုရား သမီးတော်ကား အရှင်ဘုရားကို အလွန်ခင်မင် မြတ်နိုးပါသည်။ တောထွက်တော်မူစဉ်မှစ၍ အရှင်ဘုရားအား ပြုဖွယ်သော ဝတ္တရားရှိသည်တို့ကို ရှိစဉ်က ကဲ့သို့ပင် နေ့ညမပျက် ပြုဆောင်လျက်ရှိပါသည်။ အရှင်ဘုရားသည် တစ်ထပ်သော ဆွမ်းကိုသာ မှီဝဲသည်ဟု ကြားသော် သမီးတော်လည်း တစ်ထပ်သော အာဟာရကိုသာ မှီဝဲပါသည်။ အရှင်ဘုရားသည် ဖန်ရည်စွန်းသော အဝတ်ကိုသာ ဝတ်သည်ဟု ကြားရသော် သမီးတော်လည်း ဖန်ရည်စွန်းသည့် အဝတ်ကိုသာ ဝတ်ပါသည်။ အရှင်ဘုရားသည် မြတ်သော အခင်းနေရာကို ပယ်သည်ဟု ကြားရသော် သမီးတော်

http://www.dhammadownload.com



လည်း နိမ့်သောညောင်စောင်း၌သာ မွေ့လျော်ပါသည်။ အရှင်ဘုရားသည် ပန်းနံ့သာတို့ကို စွန့်ပယ်သည်ဟု ကြားရသော် သမီးတော်လည်း ပြုမြဲဖြစ်သော ပန်းနံ့သာအပြုအပြင် အစရှိသည်တို့ကို စွန့်ပယ်ပါသည်။ သမီးတော်သည် အဆွေအမျိုးဖြစ်သော မင်းညီမင်းသား သူတစ်ပါးသို့ စိတ်တော်မျှ မညွတ်ဘဲ စောင့်မြဲသီလကို နိစ္စအမြဲ စောင့်ထိန်းဆောက်တည်လျက် ရှိပါသည်ဟု လျှောက်ထားသော် ဗုဒ္ဓလည်း ဒကာတော် မင်းကြီး... ယသော်ဓရာဒေဝီကား ယခုမှသာ ငါဘုရားအား ကြင်နာပေသည် မဟုတ်။ ရှေးဘဝများစွာသော သံသရာက ငါ့အား ကြင်နာခဲ့ဖူးပေပြီဟု မိန့်တော်မူလေသတည်း။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်အကြီးကား ရွှေထီးရွှေနန်းနှင့် တိုင်းခန်းပြည်ဘောင်ကို စိုးဆောင်တော့မည်မဟုတ်၊ လူ့ဘောင်ကို စွန့်ခွာခဲ့ပေပြီ။ ထို့ကြောင့်နောင်သောအခါ ငါ၏ ထီးနန်းကို ဆက်ခံရန် သားတော်အငယ် မင်းနန္ဒအား အိမ်ရှေ့စံအရာ မြှောက်စားမှ တော်တော့မည်ဟု ကြံဆလျက် ဗုဒ္ဓရောက်တော်မူ၍ သုံးရက်မြောက်သောနေ့၌ သားတော် မင်းနန္ဒအား အိမ်ရှေ့မင်းအရာ အပ်နှင်းခြင်းဟုဇနပဒကလျာဏီ မင်းသမီးနှင့်စုံဖက်၍ အိမ်တက်မင်္ဂလာ၊ ဦးသျှောင်ထုံးမင်္ဂလာ၊ သင်းကျစ်ဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ၊ အိမ်ရှေ့ထီးဆောင်းမင်္ဂလာ ဟူသော မင်္ဂလာငါးဖြာကို တစ်ပြိုင်နက် ပြုလုပ်တော်မူ၏။

ထိုအခါ ဗုဒ္ဓလည်း မင်္ဂလာမဏ္ဍပ်သို့ ဆွမ်းခံကြွတော်မူလာ၍ ထူးမြတ်သော တရားတို့ကို ဟောကြားပြီးလျှင် ညီတော် နန္ဒမင်းသားအား သပိတ်တော်ကို ကမ်းလျက် ကျောင်းမှပြန်ကြွတော်မူ၏။ နမတော် ဇနပဒ ကလျာဏီ သည် မောင်တော်နန္ဒအား ဗုဒ္ဓ ခေါ်ဆောင်သွားသည်ကို မြင်ရသော် စိုးရိမ်ခြင်းပြင်းစွာဖြင့် မောင်တော်ဘုရား... ကြာမြင့်စွာမနေပါနှင့်၊ ခပ်မြန်မြန်သာ ပြန်ခဲ့ပါ ဟု ကလေးငယ်၏ အသံကဲ့သို့သော အသံဖြင့် အော်ဟစ်၍ မှာလိုက်ရှာလေသည်။ မင်းနန္ဒ၏ ရင်တွင်း၌ကား နမတော်၏ မှာကြားသံကို စွဲလမ်းခြင်းပြင်းစွာဖြင့် ဗုဒ္ဓ၏ နောက်တော်မှ သပိတ်ကိုထမ်းကာ လိုက်ပါလာခဲ့ရပေ၏။ ဗုဒ္ဓလည်း ကျောင်းတော်သို့ရောက်လျှင် မင်းနန္ဒအား ညီတော်နန္ဒ... ရဟန်းပြုနိုင်ပါမည်လား ဟု မေးသော် နန္ဒမင်းသားလည်း ဗုဒ္ဓအား ကြောက်ရွံ့ရိုသေခြင်းရှိရကား မပြုလိုပါဟု မဆိုဝံ့သဖြင့် ပြုပါ

http://www.dhammadownload.com





ညီတော်နန္ဒာမင်းသားအား သပိတ်ကို ထမ်းစေလျက် ခေါ်တော်မူသွားပုံ

မည်ဟု လျှောက်လေ၏။ ထိုအခါ ဗုဒ္ဓသည် ရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ မင်းနန္ဒအား ရဟန်းပြုစေ၏။ ရဟန်းဝတ်၍ ကာလအတန်ငယ်ကြာသော် မင်းနန္ဒသည် ရဟန္တာ အရှင်မြတ်အဖြစ်သို့ ရောက်ရှိလေ၏။

ထို့နောက် ခုနစ်ရက်မြောက်သောအခါ ရာဟုလာမယ်တော် ယသော်ဓရာဒေဝီသည် သားတော်ကို ဝတ်ကောင်းတန်ဆာ ဆင်ယင်စေပြီးလျှင်... ချစ်သားရာဟုလာ၊ ရဟန်းနှစ်သောင်းခြံရံလျက် ကြွတော်မူလာသော ရှင်တော်ဗုဒ္ဓကား အခြားမဟုတ်၊ ချစ်သား၏ဖခင် ကျေးဇူးရှင်ပင် ဖြစ်ပေသည်။ မွေးမိခင်နှင့်ဖခင်တို့သည် ဤရွှေနန်းပြင်ဝယ် အတူစံကြစဉ်အခါက သုံးမကုန်နိုင်အောင် ကြီးစွာသော ရွှေအိုးကြီးလေးလုံးတို့ တည်ရှိခဲ့ပေသည်။ ချစ်သား၏ဖခင် တောထွက်တော်မူသည်မှစ၍ ရွှေအိုးကြီးတို့သည် ပျောက်ကွယ်လျက် ရှိသည်။ ယခုဘယ်မှာ တည်ရှိသည်ကို ချစ်သား၏ဖခင်အား မေးလျှောက်ပါချေ၊ ချစ်သားသည် နောင်အခါ ဤရွှေနန်းကို စိုးစံအုပ်ချုပ် မင်းလုပ်ရမည့်သူ ဖြစ်သည်။ ယခုပင် ဖခင်ဘုရားထံ အမွေဆက်ခံရန် တောင်းပါလော့ ဟု ဗုဒ္ဓ၏အပါးသို့ စေလွှတ်လေ၏။

ရာဟုလာမင်းသားသည် ဆွမ်းဘုဉ်းပေးတော်မူနေသော ဗုဒ္ဓ၏ အပါးသို့ ကပ်၍ ရွှေအိုးကြီးလေးလုံးကို အမွေပေးရန် တောင်းဆိုလေ၏။ ဗုဒ္ဓလည်း မည်သို့မျှ

http://www.dhammadownload.com



မိန့်တော်မမူဘဲ ဆွမ်းဘုဉ်းပေးပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ ရာဟုလာ မင်းသားကား ဗုဒ္ဓနောက်မှ သင်္ကန်းစကို ဆွဲကိုင်လျက် အမွေတောင်းခံရင်း ကျောင်းတော်အထိ လိုက်ပါခဲ့လေ၏။

ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓသည် ဤသို့မိန့်တော်မူ၏။ ချစ်သား ရာဟုလာ... သင်ကား လောကစီးပွားဖြစ်သော ရွှေအိုးလေးလုံးအမွေကို အလိုရှိပေသည်။ လောကစီးပွားဆိုသည်ကား သံသရာမှာ ရှည်လျားစွာ ကျင်လည်ရကြောင်း ဖြစ်၍ ဖခင်ဘုရား မပေးလို၊ ချစ်သားအား ဖခင်၏ တရားတော်အမွေအနှစ်ကိုသာ ပေးရပေမည်ဟု မိန့်တော်မူ၍ အရှင်သာရိ ပုတ္တရာအား ခေါ်တော်မူကာ ဤရာဟုလာ မင်းသားကို ရှင်ပြုပါလော့ ဟု အပ်တော်မူ၏။



ရာဟုလာ သတို့သား သင်္ကန်းစကိုဆွဲလျက် အမွေတောင်းနေပုံ

ထိုအခါ အရှင်မဟာမောဂ္ဂလန်သည် ရာဟုလာအား ဆံရိတ်၍ သင်္ကန်း ဝတ်စေ၏။ အရှင်သာရိပုတ္တရာသည် သရဏဂုံ ပေးရ၏။ အရှင်မဟာကဿပ သည် သြဝါဒဆရာ ဖြစ်၏။

ဗုဒ္ဓသည် ညီတော်နှင့် သားတော်အား သာသနာတွင်းသို့ ပို့ဆောင်၍ ဖခင် သုဒ္ဓေါဒနမင်းကြီးအား တရားဓမ္မ ဟောကြားတော်မူပြီးလျှင် ဝါဆိုလတွင် ရာဇဂြိုဟ် ပြည်သို့ ပြန်ကြွတော်မူလေသတည်း။

http://www.dhammadownload.com



ဤသို့ ပြန်ကြွတော်မူသောအခါ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်း အပေါင်းတို့အား စုရုံးစေ၍ အမောင်တို့၊ သားတော်ကြီး သိဒ္ဓတ်မင်းကား လူသုံးပါး တို့၏သနင်း တရားမင်းအဖြစ်သို့ ရောက်လေပြီ။ သားတော်ကြီးဖွားစက ဤမင်းသား သည် အကယ်၍ စကြာဝတေးမင်းဖြစ်ပါက ငါတို့ ဆွေတော်မျိုးတော် မင်းသား အပေါင်း ခြံရံ၍ စကြာရတနာရှေ့ဆောင်လျက် ကျွန်းလေးရပ်သို့ လှည့်လည် ရာတွင် လိုက်ပါလာကြမည်။ အကယ်၍ ဘုရားဖြစ်ငြားအံ့…၊ ငါတို့ ဆွေတော်မျိုး တော်၊ မင်းညီမင်းသား၊ ရဟန်းပရိသတ် ခြံရံလျက် ဒေသစာရီကြွချီရာသို့ လိုက် ပါကုန်အံ့ဟု သင်တို့ ဆိုကြကုန်သည်။ ယခု ဗုဒ္ဓစင်စစ် ဖြစ်တော်မူသောအခါ အဘယ်မင်းသား တစ်ပါးတစ်လေမျှ ငါ၏သားတော် ဘုရားထံတွင် ရဟန်းမပြု ကြသေး။ ရှေးက ကတိရှိခဲ့သည့်အတိုင်း တစ်ဦးဦးသော မင်းသားတို့ ဘုရားရှင် နောက်၌ ရဟန်းပြုကြပါကုန်ဟု တိုက်တွန်းတော်မူ၏။

ထိုအခါ သာကီဝင် မင်းမျိုးဖြစ်သော အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်ဟူသော မင်းသား ခြောက်ယောက်နှင့် ဥပါလိအမည်ရှိသော ဆတ္တာ သည် တစ်ယောက်တို့သည် ဗုဒ္ဓ ခဏနားနေရာ အနုပိယ ဟူသော ရွာသို့လိုက်၍ ရဟန်းပြုကြလေ၏။

ဗုဒ္ဓလည်း သာကီဝင် မင်းသားခြောက်ယောက် ရဟန်းပြုကြပြီးသော် ခရီးစဉ် အတိုင်း ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဒုတိယ၊ တတိယ၊ စတုတ္ထ သုံးဝါဆက်၍ ကပ်တော်မူ၏။

ဗုဒ္ဓလည်း ရာဇဂြိုဟ်ပြည်၌ စတုတ္ထဝါ ပြည့်တော်မူလျှင် သံဃာတော် အပေါင်း ခြံရံလျက် ခရီးဒေသစာရီ ကြွချီလေသော် လိစ္ဆဝီမင်းတို့နေရာ ဝေသာလီ ပြည်သို့ ရောက်တော်မူ၏။ ဗုဒ္ဓကြွလာသည့်အကြောင်းကို ကြားရသော လိစ္ဆဝီ မင်းတို့သည် ဗုဒ္ဓ သီတင်းသုံးတော်မူရန် ကျောင်း၊ ကန်၊ ဇရပ် စသည်တို့ကို ဆောက်လုပ်၍ ဤအရပ်၌ ဝါဆိုတော်မူပါအရှင်ဘုရား ဟု ပင့်လျှောက်လာကြ ကုန်၏။

တစ်လကျော်မျှ ကြာသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သည်းထန်စွာ ရောဂါကပ်ရောက်လာသဖြင့် သားတော်ဘုရားထံ အပင့်စေလွှတ်၏။

http://www.dhammadownload.com



ဗုဒ္ဓလည်း ငါးရာသော သံဃာတော်တို့နှင့်တကွ ကပိလဝတ်ပြည်သို့ ကြွတော်မူ၏။ နိဂြောဓာရုံကျောင်းသို့ ရောက်တော်မူ၍ သုံးရက်မြောက်သောနေ့၌ ခမည်းတော် မင်းကြီးသည် ဗုဒ္ဓ၏ တရားတော်၌ ထင်လင်းစွာ သိမြင်၍ ဖြန့်အပ်သော ထီးဖြူ အောက်ဝယ် ပရိနိဗ္ဗာန် စံဝင်တော်မူလေသတည်း။

ဗုဒ္ဓသည် ခမည်းတော်မင်းကြီး၏ အလောင်းကို ကောင်းမွန်တင့်တယ်စွာ ပြင်ဆင်ပြီးသော် စကြာဝတေးမင်း၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ် တော်မူလေ၏။

ဤသို့ သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးဆုံးသောအခါ ဗုဒ္ဓအား နို့ချို တိုက်ကျွေး၍ မွေးမြူခဲ့သော မိထွေးတော် မဟာ ပဇာပတိ ဂေါတမီ မိဖုရားကြီးသည် နိဂြောဓာရုံ ကျောင်းတော်သို့ ရောက်လာ၍ ဗုဒ္ဓအား ဤသို့ လျှောက်ထား၏။ အရှင်ဘုရား လူသုံးပါးတို့အား ဟောပြညွှန်ကြားအပ်သော အရှင်ဘုရား၏ သာသနာတော်၌ မယ်တော်ကဲ့သို့သော မာတုဂါမတို့သည် ရဟန်းအဖြစ်ကို ရလိုပါ၏။ မယ်တော်မှ စ၍ လူတို့ဘောင်ကို ခွာရှောင်စွန့်ပယ်ကာ တရားကုသိုလ်၌သာ မွေ့လျော်လိုကြသော မာတုဂါမတို့အား ရဟန်းပြုပေးတော်မူပါဟု လျှောက်၏။

ဗုဒ္ဓလည်း မယ်တော်မိဖုရားကြီး... ငါ၏ သာသနာတော်၌ မာတုဂါမတို့ကို ရဟန်းပြုပေးခြင်းငှာ မသင့်။ ရဟန်းပြုခြင်းအားဖြင့် ကြာမြင့်စွာ မစင်ကြယ်ရာ။ ထို့ကြောင့် ငါဘုရားခွင့်မပြုနိုင် ဟု မိန့်တော်မူ၏။

မယ်တော်မိဖုရားကြီးသည် ဤသို့ သုံးကြိမ်တိုင်တိုင် ဗုဒ္ဓအား ခွင့်တောင်း၍ မရသော် ဝမ်းနည်းခြင်း ပြင်းစွာဖြင့် ငိုယိုလျက် ဗုဒ္ဓအား သုံးကြိမ် ကန်တော့ ပူဇော်ပြီးလျှင် နန်းတော်သို့ ပြန်လာခဲ့လေ၏။ ဗုဒ္ဓသည် ကပိလဝတ်ပြည်တွင် မွေ့လျော်သမျှ နေတော်မူပြီးနောက် ဝေသာလီပြည်သို့ တစ်ဖန် ပြန်ကြွတော်မူ၏။

ထိုအခါ မဟာပဇာပတိဂေါတမီသည် ဗုဒ္ဓထံ ရဟန်းပြုခွင့်တောင်း၍ မရ လေရကား မိမိ၏ အလိုအတိုင်းပင် ဆတ္တာသည်အား ဆံပင်ကို ဖြတ်စေပြီးသော် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်လျက် သာကီဝင် မင်းသမီးများစွာတို့နှင့် ဗုဒ္ဓကြွတော်မူရာ သတင်းနာ၍ လိုက်ခဲ့လေသော် ဝေသာလီပြည် မဟာဝုန်တောရှိ ကူဋာဂါရ ဇရပ်ကြီးသို့ ကပ်၍ တံခါးပေါက်အနီးဝယ် ပင်ပန်းကြီးစွာဖြင့် ရှိုက်ငင် ငိုကြွေး၍ နေလေ၏။

http://www.dhammadownload.com



ဤသို့ မိထွေးတော် ဂေါတမီ၏ ငိုကြွေးနေသံကို ကြားရသော အရှင်အာနန္ဒာသည် အပါးသို့ရောက်လာ၍ မယ်တော် ဒါယကာမ၊ အဘယ်အကြောင်းကြောင့် ဤမျှ ရှိုက်ငင်ငိုကြွေးနေပါသနည်းဟုမေးသော် မယ်တော်ဂေါတမီက အရှင်အာနန္ဒာ၊ သားတော် ဗုဒ္ဓ၏ သာသနာတော်ဝယ် မယ်တော်နှင့်တကွသော မာတုဂါမတို့သည် ရဟန်းအဖြစ်ကို ရလိုပါ၍ ရောက်လာပါသည် ဆို၏။ အရှင်အာနန္ဒာက မယ်တော် မစိုးရိမ်လင့်၊ နောင်တော် ဗုဒ္ဓအား ယခုပင် သွား၍ လျှောက်ထားပါအံ့ ဟု ဆိုတော်မူ၏။

အရှင်အာနန္ဒာလည်း ဗုဒ္ဓထံပါးသို့ကပ်၍ အရှင်ဘုရား၊ မယ်တော်ဂေါတမီ မိဖုရားကြီးသည် အရှင်ဘုရား၏ သာသနာတော်ဝယ် ရဟန်းပြုလိုကြောင်းဖြင့် မိမိဆံတို့ကို ရိတ်ဖြတ်ပြီးလျှင် ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်လျက် ဝေးလံလှစွာသော ခရီးကြမ်းမှ ပင်ပန်းဆင်းရဲစွာ ရောက်လာပါသည်။ မယ်တော်နှင့် တကွသော မာတုဂါမတို့အား အရှင်ဘုရား၏ သာသနာတော်ဝယ် ရဟန်းပြုရန် ခွင့်ပေးတော်မူပါဟု လျှောက်၏။

ထိုအခါ ဗုဒ္ဓက ချစ်သား အာနန္ဒာ...ငါဘုရား၏သာသနာဝယ် မာတုဂါမတို့အား ရဟန်းပြုခွင့်ပေး၍ ကြာမြင့်စွာ မတည်မြဲရာ၊ သင်အလိုမရှိပါလင့်ဟု သုံးကြိမ်သုံးခါမျှ ပယ်ရှားတော်မူ၏။ အရှင်အာနန္ဒာကလည်း သုံးကြိမ်သုံးခါမျှ တောင်းပန်လေသော် ဗုဒ္ဓက ချစ်သား အာနန္ဒာ...မာတုဂါမတို့သည် ငါဘုရား၏ သာသနာတော်၌ ရဟန်းပြုလိုသော် ဂရုဓမ္မတရား ရှစ်ပါးတို့ကို လိုက်နာကျင့်ကြံနိုင်ပါမူ ရဟန်းပြုကြစေ။ ဤသို့ လိုက်နာကျင့်ကြံကြသည်ရှိသော် ငါဘုရား၏ သာသနာတော်သည် မာတုဂါမတို့၏ ဘောင်၌ အနှစ်တစ်ထောင်ပင်လုံး တည်လတ္တံ့ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာကလည်း မယ်တော်ဂေါတမီအား အကြောင်းကို ပြန်ကြား၍ မယ်တော်နှင့် တကွသော သာကီဝင် မင်းသမီးတို့သည် ဗုဒ္ဓ၏ သာသနာတော်၌ ရဟန်းပြုကြလေကုန်သတည်း။ မယ်တော်ဂေါတမီနှင့် မင်းသမီးများတို့ ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုကြသောအခါ ကပိလဝတ်ပြည်၌ စံနေတော်မူသော သမီးတော် ဇနပဒကလျာဏီ မင်းသမီးသည် ဤသို့ တွေးတောကြံစည်မိ၏။ ငါ၏ မောင်တော်ကြီး သိဒ္ဓတ်မင်းကား ဤရွှေနန်းကို စွန့်ခွာလျက် လူသုံးပါးတို့၏

http://www.dhammadownload.com



အကျိုးဌာ ဗုဒ္ဓ စင်စစ်ဖြစ်တော်မူပြီ၊ တူတော် ရာဟုလာမင်းသားလည်း ဖခင်ဗုဒ္ဓ၏ သာသနာတော် ၌ အမွေဆက်ခံ၍ နေပေပြီ။ ငါ၏မောင်တော် မင်းနန္ဒပင်လည်း နောင်တော်ဗုဒ္ဓ၏ ထံပါး၌ ရဟန်းစင်စစ် ဖြစ်မြောက်ခဲ့ပေပြီ။ သည့်နောက် မယ်တော်ဘုရားနှင့် မင်းသမီးပေါင်း မြောက်မြားစွာတို့လည်း ဗုဒ္ဓ၏ သာသနာတော်ဝယ် ခိုလှုံပျော်မွေ့၍ နေကြပြန်လေပြီ။ ငါသည် ယခုရွှေနန်းဝယ် စံမြန်း ပျော်မွေ့၍ အဘယ်အကျိုး ရှိပါတော့သနည်း။ ငါ၏ မယ်တော်နှင့်သာ အတူတကွ သွား၍ နေတော့အံ့ဟု ရာဇဂြိုဟ်ပြည်သို့ လိုက်ကာ မယ်တော်ဂေါတမီ ဘိက္ခုနီနှင့် အတူ နေထိုင်လေ၏။

ရှစ်ရက်မျှ ကြာရှိသောအခါ ဇနပဒကလျာဏီ မင်းသမီးလည်း ဗုဒ္ဓ၏ တရားတော်ကို သိမြင်၍ မယ်တော် ဂေါတမီ ဘိက္ခုနီကဲ့သို့ပင် ရဟန်းအဖြစ်ကို ခံယူလိုက်လေ၏။ ထိုအခါ ရွှေနန်းပြင်ဝယ် တစ်ယောက်တည်းသာ ကျန်ရှိခဲ့သော ရာဟုလာ၏မယ်တော် ယသော်ဓရာဒေဝီသည်လည်း ဤသို့ တွေးတောကြံစည် လေ၏။

မောင်တော် သိဒ္ဓတ်မင်းသည် ဗုဒ္ဓစင်စစ် ဖြစ်တော်မူခဲ့ပြီ။ ဖခင် သုဒ္ဓေါဒန မင်းကြီးလည်း ပရိနိဗ္ဗာန် စံလွန်တော်မူပေပြီ။ မောင်တော် မင်းနန္ဒမှာလည်း ဗုဒ္ဓ၏ သာသနာဝယ် ရဟန်းစင်စစ်ဖြစ်မြောက်ခဲ့ပေပြီ။ မယ်တော် ဂေါတမီနှင့် ညီမတော် ဇနပဒ ကလျာဏီတို့ပင်လည်း ဗုဒ္ဓ၏ သာသနာတော်ဝယ် ဘိက္ခုနီ ပြုလုပ်ခဲ့ကြချေပြီ။ သားတော် ရာဟုလာလည်း ဖခင်ဗုဒ္ဓ၏ သာသနာ့အမွေကို ဆက်ခံလိုက်ချေပြီဖြစ်ရာ ယခု ဤရွှေနန်းနှင့် တိုင်းခန်းပြည်ထောင်ဝယ် ဘယ်သူ ဆောင်၍ မင်းပြုပါအံ့နည်း။ ငါသည် မင်းမိန်းမဖြစ်၍ မင်းပြုခြင်းငှာ မသင့်။ ထို့ကြောင့် ငါ၏သားတော် ရာဟုလာအား ဗုဒ္ဓထံမှ တောင်းယူကာ ဤရွှေနန်းကို စိုးစံစေအံ့ဟု ဗုဒ္ဓထံပါးသို့ကပ်၍ သားတော်ရာဟုလာအား တောင်းဆိုလေ၏။

ဗုဒ္ဓလည်း ယသော်ဓရာဒေဝီ တောင်းဆိုလာခြင်းကို ခွင့်မပြုဘဲ ဤသို့ဆုံးမ တော်မူ၏။ အချင်း ဘဒ္ဒကစ္စနာ...သားတော် ရာဟုလာအား တိုင်းကားပြည်တောင် တွင် စိုးဆောင်အုပ်ချုပ် မင်းလုပ်စေ၍ အဘယ်အကျိုးရှိအံ့နည်း။ အားလုံးသော ဆွေတော်မျိုးတော်တို့သည် တရားတော်၌ သိ၍ သာသနာဘောင်ဝယ် ရဟန်းပြုခဲ့ ကြချေပြီ။ သင်သည်လည်း ရှိရှိသမျှသော ဆွေတော် မျိုးတော်အပေါင်းကို စုရုံးစေ၍

http://www.dhammadownload.com



ငါဘုရား၏ သာသနာဝယ် ရဟန်းပြုသင့်ပေပြီ။ အချင်း ဘဒ္ဒကစ္စာနာ...လောက၌ တရားကို သိမြင်ရခြင်းထက် ကောင်းမြတ်သော ချမ်းသာခြင်းမည်သည် မရှိဟု မိန့်တော်မူ၏။

ထိုအခါ ယသော်ဓရာဒေဝီလည်း မဟာဆွေတော် မျိုးတော်အပေါင်းကို စုရုံးစေ၍ ဗုဒ္ဓ၏ သာသနာတော်ဝယ် ရဟန်းပြုလာကြကုန်လေသတည်း။

ဗုဒ္ဓသည် ဤသို့ မဟာဆွေတော် မျိုးတော်အပေါင်းတို့ သာသနာတော်ဝယ် ရဟန်းပြုပြီးကြ၍ ရာဇဂြိုဟ်မြို့နှင့် မနီးမဝေးဖြစ်သော မတုလတောင်၊ ချရားတော၌ ဝါကပ်တော်မူ၏။

ထိုအချိန်၌ ရာဇဂြိုဟ်ပြည်ဝယ် မိမိတို့ကိုယ်ကို ဘုရားဟု ဝန်ခံလျက်ရှိကြသော ပုရာဏကဿပ အစရှိသည့် တိတ္ထိ တက္ကတွန်းကြီးတို့သည် ဆွမ်း၊ သင်္ကန်း လာဘ်လာဘ ပေါများစေရန် လူအပေါင်းတို့အား သူတို့၏ မှားသော အယူဝါဒများကို ပြောဟောလျက် ရှိကြလေသည်။

အချို့သော သူတို့သည် တိတ္ထိတို့၏ မှားသောအယူဝါဒများကို ယုံကြည်လျက် ရှိကြလေသည်။ အချို့သော သူတို့ကား တိတ္ထိတို့၏အယူဝါဒများ၌လည်း မယုံကြည်၊ ဗုဒ္ဓ၏ တရားအမှန်ကိုလည်း မသိမြင်ကြ။ ထိုသူအပေါင်းတို့၌ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံးပါးကို မသိမမြင်ကြသေး၍ သံသယ ရှိနေကြလေ၏။

တစ်နေ့သ၌ ဗုဒ္ဓ၏ လက်ဝဲရံ အဂ္ဂသာဝကဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလန်နှင့် အရှင်ပိဏ္ဍောလဟူသော ရဟန္တာမြတ်နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူကြရာဝယ် ရာဇဂြိုဟ်ပြည်တွင်း၌ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံးပါး ဖြစ်ပေါ်နေပါလျက် တိတ္ထိတို့၏ လှုံ့လကြောင့် လူအပေါင်းတို့သည် တရားအမှန်ကိုမသိ၊ သံသယစိတ်များရှိနေကြသည်ကို သိတော်မူကြသော် ဤသို့ ပြောကြားတိုင်ပင်တော်မူကြ၏။

အရှင်မဟာမောဂ္ဂလာန်က...ငါ့ရှင် ပိဏ္ဍောလ၊ ငါတို့ ဗုဒ္ဓ၏ သာသနာတော်ဝယ် ဤသို့သော ယုံမှားခြင်းသံသယ ရှိနေကြသူအများပင် တွေ့မြင်နေရပေသေးသည်။ ထိုသူတို့ကား ဗုဒ္ဓ၏ မှန်သောတရားကို မသိကြသဖြင့် နစ်မွန်းပျက်စီး

http://www.dhammadownload.com



ဖွယ်ရာသောအကြောင်း ရှိပေ၏။ ငါ့ရှင်သည် ထိုသူအပေါင်းတို့အား ရတနာမြတ်သုံးပါး၌ သိမြင်ယုံကြည်လာကြစေရန် မြတ်သော ရဟန္တာတို့၏ တန်ခိုးတော်ကို ကောင်းကင်မှနေ၍ ပြပါလော့ဟု ဆိုတော်မူ၏။ ထိုအခါ အရှင်ပိဏ္ဍောလလည်း ဈာန်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံကြွပြီးသော် ရာဇဂြိုဟ်မြို့ပေါ်မှနေ၍ အလွန်ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ်ကို ခြေမတော်ဖြင့် ညှပ်ယူကာ စကြံကြွ၍ ပြတော်မူ၏။

ယုံမှားနေကြသော ရာဇဂြိုဟ်ပြည်သူ ပြည်သားအပေါင်းတို့လည်း အရှင်ပိဏ္ဍောလ၏ တန်ခိုးတော်ပြခြင်းကို တွေ့မြင်ကြရသော် ဗုဒ္ဓ၏မြတ်သော သာသနာတော်၌ သက်ဝင်ယုံကြည်လာကြ၍ အရှင်ပိဏ္ဍောလအား မြေပြင်မှနေ၍ ရှိခိုးပူဇော်ကြလေကုန်၏။

ထိုသို့ အရှင်ပိဏ္ဍောလ တန်ခိုးတော်ပြသည်ကို ဗုဒ္ဓသိသော် ချက်ချင်းပင် ခေါ်ယူတော်မူ၍... ချစ်သား ပိဏ္ဍောလ၊ ငါဘုရား၏ သာသနာတော်၌ ယုံမှားသံသယ ရှိနေကြသူများအား တန်ခိုးပြရန်မှာ သင့်အခွင့်အရေး မဟုတ်သေးပါဟု ကြီးစွာအပြစ်ဆိုတော်မူ၏။

တိတ္ထိဆရာကြီးတို့ကား သူတို့၏ မှားသော အယူဝါဒများကို ပြောဟောမြဲ ပြောဟောလျက်ပင် ရှိကြလေသည်။ ပြောဟောရုံမျှမက ဗုဒ္ဓ၏ မှန်သော တရားတို့၌ ယုံမှားခြင်းရှိကြစေရန် အမျိုးမျိုး အပြစ်ပြု၍ ပြောဆိုကဲ့ရဲ့နေကြလေသည်။

ထိုအကြောင်းများကို ဗိမ္ဗိသာရမင်းကြီး ကြားသိရသော် ဗုဒ္ဓထံသို့ကပ်၍ အရှင်ဘုရား... တိတ္ထိတို့သည် အရှင်ဘုရားနှင့် တန်ခိုးချင်းပြိုင်၍ ပြမည်ဟူ၍ဆိုကာ လူတိုင်းအား ယုံမှားခြင်း ရှိစေရန် စည်းဝေးနေကြပါသည်၊ အရှင်ဘုရား၏ တန်ခိုးတော်အသွယ်သွယ်ကို ပြတော်မူပါဟု တောင်းပန်၏။ ဗုဒ္ဓလည်း မင်းကြီး၊ အချိန်အခါရောက်ပါက ငါဘုရား၏ တန်ခိုးတော်ကို ပြမည်ပင်ဖြစ်သည် ဟု မိန့်တော်မူ၏။

မင်းကြီးက အရှင်ဘုရား၊ တန်ခိုးတော်ကို အဘယ်အရပ်၌ ပြအံ့နည်းဟု မေးလျှောက်သော် ဗုဒ္ဓလည်း ယနေ့မှစ၍ လေးလအကြာရှိသောအခါ ဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည်တွင် ငါဘုရား၏ တန်ခိုးပြာဋိဟာ ပြသည်ကို သင်မင်းကြီးတို့ ဖူးတွေ့ရပေအံ့ဟု မိန့်တော်မူ၏၊

http://www.dhammadownload.com



သာဝတ္ထိပြည်၌ကား ဆွေစဉ် ခုနစ်ဆက်တိုင်တိုင် ကြွယ်ဝချမ်းသာသော သူဌေးကြီး အနာထပိဏ် သည် ဗုဒ္ဓ၏ သာသနာတော်၌ ကြည်ညိုလွန်းလှသဖြင့် ကျောင်းတော်ဆောက်လုပ်၍ လှူဒါန်းပူဇော်ရန် မြေနေရာရွေးချယ်လျက် ရှိလေ၏။ သူဌေးကြီးသည် မြို့၏ အနောက်တောင်မျက်နှာအရပ်၌ ဇေတမင်းသားစိုက်လုပ်အပ်သော ဥယျာဉ်ကို တွေ့၍ မြေပြင်နှင့်အမျှသော ငွေခွက်များဖြင့် ဝယ်ယူကာ ကျောင်းတော်ဆောက်လုပ်စေ၏။ ကျောင်းတော်ကြီးပြီးစီးသောအခါ လိမ္မာသော သူကြွယ်တစ်ဦးအား ဗုဒ္ဓထံ အပင့်စေလွှတ်လိုက်လေ၏။

ဗုဒ္ဓလည်း ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံတော်မူရန် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ထွက်ကြွတော်မူရာ တိတ္ထိအပေါင်းတို့သည် သာဝတ္ထိပြည်၌ ဗုဒ္ဓ တန်ခိုးပြငှိုဟာ ပြပါက နှောင့်ယှက်ဖျက်ဆီးခြင်းပြုရန် နောက်တော်မှ တစ်ပါတည်း လိုက်ပါလာကြလေ၏။

ကျောင်းတော်ကို အလှူခံပြီးလျှင် ဗုဒ္ဓလည်း သာသနာတော်တွင်းသို့ ဝင်လာသော ဥပ္ပလဝဏ်၊ မလ္လိကာ အစရှိသော မာတုဂါမတို့အားလည်းကောင်း၊ ကောသလမင်းကြီး၊ စူဠအနာထပိဏ် အစရှိသော ဥပသကာတို့အားလည်းကောင်း တရားတော်ကို ဟောကြားဆုံးမတော်မူ၏။

ဝါဆိုလသို့ ရောက်သောအခါ ဗုဒ္ဓ၏နောက်တော်ပါးမှ လိုက်ပါလာခဲ့ကြသော တိတ္ထိအပေါင်းတို့သည် စုရုံးကြပြီးလျှင် ဗုဒ္ဓနှင့် တန်ခိုးချင်းပြိုင်ရန် ဟူ၍ ကြီးကျယ်သော မဏ္ဍပ်ကို ဆောက်လုပ်၍ အသင့်ပြင်ဆင်ထားကြလေ၏။ ထိုအခါ ပသေနဒီ ကောသလမင်းကြီးက ဗုဒ္ဓထံကပ်၍ အရှင်ဘုရား၊ တိတ္ထိတို့သည် အရှင်ဘုရားနှင့် တန်ခိုးချင်းပြိုင်ရန်ဟူ၍ မဏ္ဍပ်ဆောက်လုပ်နေကြချေပြီ၊ အရှင်ဘုရား တန်ခိုးပြာဋိဟာ ပြတော်မူရန် မဏ္ဍပ်ကို တပည့်တော် ဆောက်လုပ်ပါမည်၊ အဘယ်အရပ်မှာ ဆောက်လုပ်ရမည်ကို မိန့်တော်မူပါဟု လျှောက်ထားသော် ဗုဒ္ဓက မင်းကြီး၊ ငါဘုရားအတွက် သင်မင်းကြီး ဆောက်လုပ်ရန် မလို၊ ငါဘုရားသည် ကဏ္ဍအမည်ရှိသော သရက်ဖြူပင်ရင်း၌ တန်ခိုးပြငှိုဟာပြအံ့ဟု မိန့်တော်မူ၏။ ထိုအခါ မင်းကြီးက အရှင်ဘုရား၊ အဘယ်အရပ်၌ ပြတော်မူ၍ အဘယ်နေ့၌ တပည့်တော်တို့ ဖူးမြော်ရပါမည်နည်းဟု မေးလျှောက်သော် ဗုဒ္ဓက ဝါဆိုလပြည့် နေ့၌ ပြတော်မူမည်၊ သင်မင်းကြီးတို့ စည်းဝေးကြ၍ ဤမြေပြင်မှပင် ဖူးမြော်ကြ

http://www.dhammadownload.com



ကုန်ဟု မိန့်တော်မူ၏။ ကောသလမင်းကြီးလည်း အသီးသီးသော နိုင်ငံတို့သို့ သဝဏ်လွှာဖြင့် စေလွှတ်အကြောင်းကြားလေ၏။

တိတ္ထိတို့သည် ဗုဒ္ဓ သရက်ဖြူပင်ရင်း၌ တန်ခိုးပြအံ့ဟူသော သတင်းစကားကို ကြားသိရသော် စုရုံးစည်းဝေးကြပြီးလျှင် မြေပြင်အနှံ့ ပေါက်ရောက်နေသော သရက်ပင် ဟူသမျှကို ခုတ်လှဲ သုတ်ပစ်ကြလေ၏။ ဗုဒ္ဓလည်း ဝါဆိုလပြည့်နေ့ နံနက်စောစော၌ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူရာ ကောသလမင်းကြီး၏ ဥယျာဉ်စောင့်ဖြစ်သော ကဏ္ဍအမည်ရှိ ဥယျာဉ်မှူးသည် ခါချဉ်အုံအတွင်း၌ ကြွင်းရစ်သော သရက်ဖြူသီးတစ်လုံးကို တွေ့၍ ဗုဒ္ဓအား လောင်းလှူလေ၏။ အရှင်အာနန္ဒာလည်း ဗုဒ္ဓ၏ကိုယ်စား ခံယူ၍ ဆက်ကပ်သဖြင့် ဗုဒ္ဓလည်း ဘုဉ်းပေးတော်မူ၏။ ဗုဒ္ဓလည်း သရက်ဖြူသီးမှ ကျန်ရှိသော သရက်ဖြူစေ့ကို ယူကာ ဥယျာဉ်မှူးအား ခေါ်ပြီးလျှင် ဤနေရာမှာ စိုက်လော့ဟု ညွှန်ပြတော်မူ၏။ ဥယျာဉ်မှူးလည်း ညွှန်ပြသည့်နေရာ၌ သရက်ဖြူစေ့ကို စိုက်လေရာ ပကတိသရက်စေ့အသွင်မှ ရုတ်ချည်းပင် အကိုင်းအခက် အပွင့်အဖူးတို့ဖြင့် ဝေဆာစည်ကားစွာ သရက်ပင်ကြီးသည် ဖြစ်ပေါ်လာ၏။

နောက်မှပါလာသော သံဃာတော်တို့လည်း ထိုအပင်မှ သီးသော သရက်ဖြူသီးတို့ကို စားကြရလေ၏။ ထိုထိုအံ့ဖွယ်ထူးကဲသော အဖြစ်တို့ကြောင့် သာဝတ္ထိပြည်အလုံးသည် အုတ်အုတ်ကျက်ကျက် သတင်းစကားဖြစ်ပေါ်၍ ကောသလမင်းကြီးကြားသိရလေ၏။

မင်းကြီးလည်း သရက်ပင်ကြီးကို စောင့်ရန် မင်းချင်းယောကျာ်းတို့ကို စေလွှတ်၍ နန်းတော်တွင်းရှိ မင်းညီမင်းသား မိဖုရားတို့နှင့် မှူးမတ်သေနာပတိအပေါင်းတို့အား ဗုဒ္ဓ၏ တန်ခိုးပြဋိဟာပြပွဲကို ထွက်ကြည့် ဖူးမြော်စေ၏။

ထိုအခါ တိတ္ထိတို့သည် သရက်ဖြူပင်ကြီးအား ခုတ်လှဲသုတ်ပစ်ရန် အကြံနှင့် အနီးသို့ ရောက်လာကြလေ၏။ ထိုအခါ သိကြားမင်းသိ၍ တိတ္ထိအပေါင်းတို့ကို ပြိုကွဲပျက်စီးကြစေရန် လေနတ်သားကို ခေါ်၍ တိတ္ထိတို့အား လေမုန်တိုင်းဖြင့် တိုက်ခတ်ပစ်စေဟု အမိန့်ပေး၏။ ထို့နောက်မှ နေနတ်သားကို ခေါ်၍ တိတ္ထိတို့အား အလွန်အမင်း ပူပြင်းစေရန် နေပူရောင်ကို လွှတ်စေ၏။ ထိုနောက်မှ မိုးနတ်သားကို ခေါ်၍ တိတ္ထိတို့ မိုးရေထဲတွင် မျှောပါကြစေရန် မိုးကြီးသည်းထန်စွာ ရွာစေ၏။

http://www.dhammadownload.com



သိကြားမင်းအမိန့်ကြောင့် တိတ္ထိအပေါင်းတို့သည် ဖရိုဖရဲပျက်စီးကြလျက် ခြေဦးတည့်ရာဆီသို့ ပြေးလွှားကာ ပျောက်ကွယ်ကြရလေသတည်း။

နေမွန်းတိမ်းသော အချိန်၌ ဗုဒ္ဓလည်း သာဝတ္ထိပြည်ပေါ်မှနေ၍ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူပြီးကာ ထိုရတနာစင်္ကြံထက်သို့ တက်တော်မူ၍ ကိုယ်တော်မှ ရေအစုံမီးအစုံ တောက်ပပျံ့မြူးသော ယမိုက်ပြဋ္ဌိဟာကို ပြတော်မူ၏။ အလုံးစုံသော ကိုယ်တော်မှ ထွက်ပေါ်လာသည့် ညိုသော ရောင်ခြည်တော်၊ ရွှေသော ရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မောင်းသော ရောင်ခြည်တော်၊ ပြိုးပြိုးပြက် တစ်ခဲနက်သော ရောင်ခြည်တော်ခြောက်ပါးတို့သည် ဗြဟ္မာ့ပြည်သို့တိုင်အောင် ပျံ့တက်တော်မူလေ၏။ ဗုဒ္ဓလည်း ထိုမျှမကသေးဘဲ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ဖန်ဆင်းတော်မူပြီးလျှင် လျှောင်းကာ ထိုင်ကာ စင်္ကြံကြွကာဖြင့် ဗုဒ္ဓကိုယ်တော်တိုင်နှင့် ခက်ခဲသော တရားပြဿနာတို့ကို အမေးအဖြေ ပြုလုပ်၍ ပြတော်မူ၏။ ထိုအခါ ဗုဒ္ဓ၏ ယမိုက် ပြဋ္ဌိဟာပြပွဲ၌ တရားနာကြရကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် မှားသောအယူဝါဒများ ကင်းပျောက်၍ ဗုဒ္ဓ၏ မှန်သောတရား၌ သိမြင်လာကြရကုန်၏။

ဤသို့ တန်ခိုးတော်အသွယ်ကို ပြတော်မူပြီးသော် ဗုဒ္ဓလည်း ရှေးကပွင့်တော်မူပြီးသော နောင်တော် ဗုဒ္ဓတို့နည်းတူ ဝါဆိုလပြည့် ညချမ်းအချိန်ဝယ် တာဝတိံသာ နတ်ပြည်၌ ဝါကပ်တော်မူ၍ မယ်တော်ဖြစ်ခဲ့သော သန္တုသိတ နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူရန်အလို့ငှာ ကြွတော်မူလေသတည်း။

အရှင်မဟာမောဂ္ဂလာန်သည် ဗုဒ္ဓ တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူသောအခါ လူ့ပြည်ရှိ လူအပေါင်းတို့အား ဗုဒ္ဓ၏ကိုယ်စား တရားဓမ္မ ဟောကြားဆုံးမတော်မူရ၏။ ဗုဒ္ဓလည်း တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းရှိ မြကျောက်ဖျာထက်၌ စံနေတော်မူသောအခါ မယ်တော် သန္တုသိတ နတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့သည် စုရုံးလျက် ဗုဒ္ဓထံပါးသို့ ကပ်ရောက်လာကြလေ၏။ တာဝတိံသာ၌ ဗုဒ္ဓ၏ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်ပါးတို့သည် အံ့မခန်းဖွယ်ရာ တောက်ပလွှန်းပေရကား တရားနာရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့၌ ကိုယ်ရောင်ကိုယ်ဝါတောက်ပခြင်း မရှိကြတော့ချေ။ အတုမရှိသော ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်သွယ်အောက်၌ မှေးမှိန်ကြရလေ၏။

http://www.dhammadownload.com



ဗုဒ္ဓလည်း ညချမ်းအချိန် တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြား၍ နံနက်နေဝန်းထွက်စအခါ၌ နတ်ပြည်ဝယ် ဗုဒ္ဓ၏ကိုယ်စား ရုပ်ပွားတော်တစ်ဆူကို ဖန်ဆင်းတော်မူကာ တရားဓမ္မ ဟောမြဲ ဟောကြားစေလျက် ကိုယ်တော်တိုင်မှာမူကား မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ ဆွမ်းခံပြီးသော် အနောတတ်အိုင်၏အနီး၌ ဆွမ်းဘုဉ်းပေး၍ စန္ဒကူးနံ့သာတော၌ နေ့အချိန် သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဓမ္မသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာသည် ဗုဒ္ဓထံပါးသို့ ကပ်၍ ဝတ်ကြီးဝတ်ငယ်ပြုတော်မူ၏။ ထိုအခါ ဗုဒ္ဓက နတ်တို့ပြည်တွင် ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားများကို အရှင်သာရိပုတ္တရာအား ဟောကြားတော်မူ၏။ အရှင်သာရိပုတ္တရာလည်း ထိုတရားတော်များကို နာကြား၍ မဇ္ဈိမဒေသရှိ တပည့်ရဟန်း ငါးရာတို့အား တစ်ဆင့် ဟောကြားတော်မူရ၏။ ဤကဲ့သို့ဖြင့် ဝါသုံးလပတ်လုံး တာဝတိံသာ နတ်ပြည်၌ ဗုဒ္ဓဟောကြားတော်မူသည့် အဘိဓမ္မာ တရားများကို အရှင်သာရိပုတ္တရာသည် လူ့ပြည်ရှိ တပည့်ရဟန်းငါးရာတို့အား တစ်ဆင့် ဟောကြားပြသတော်မူရ၏။

ဝါသုံးလကုန်ခါနီးသော် အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်သို့ တက်တော်မူ၍ လူ့ပြည်ဌာနသို့ ဗုဒ္ဓ ပြန်ကြွတော်မူမည့် နေ့ရက် နေရာ စသည်တို့ကို မေးလျှောက်တော်မူ၏။

ဝါသုံးလကုန်ဆုံးသည့် သီတင်းကျွတ်လပြည့်နေ့ ညချမ်းအချိန်၌ ဗုဒ္ဓသည် တာဝတိံသာနတ်ပြည် သုဒဿနမြို့တော်မှ သိကြားမင်းဖန်ဆင်းသည့် ပတ္တမြားစောင်းတန်းဖြင့် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူ၏။ သိကြားမင်း ဗြဟ္မာမင်းအပေါင်းတို့သည် ဗုဒ္ဓအား ပူဇော်လျက် ရွှေစောင်းတန်း ငွေစောင်းတန်းတို့မှ ခြံရံကာ လိုက်ပါခဲ့ကြလေ၏။ ထိုအခါ ဗုဒ္ဓ၏ တန်ခိုးတော်ကြောင့် အလုံးစုံသော လောကဓာတ်သည် စင်ကြယ်သန့်ရှင်းစွာ ဖြစ်၏။

မြေ၌တည်သော သူတို့သည် အထက် နတ်ပြည် ဗြဟ္မာပြည်တိုင်အောင် ရှုမြင်ကြရပေသည်။ နတ်တို့ကလည်း လူတို့ပြည်နှင့် အဝီစိသို့တိုင်အောင် အလုံးစုံ ရှုမြင်ကြရပေသည်။ ဗုဒ္ဓလည်း သင်္ကဿနဂိုရ်ပြည် တောင်တံခါးဝ၌ ခြောက်ဖြာသော ရောင်ခြည်တော်တို့ဖြင့် အံ့မခန်းဖွယ်ရာ ရပ်တော်မူသောအခါ အရှင်သာရိ

http://www.dhammadownload.com



ပုတ္တရာသည် သံဃာတော်အပေါင်းနှင့်တကွ ရောက်လာ၍ ရှေးဦးစွာ ဗုဒ္ဓအား ကန်တော့ပူဇော်တော်မူ၏။

လူတို့ကလည်း ဗုဒ္ဓအား အထူးကန်တော့ ပူဇော်ကြရာဝယ် ကြီးစွာသော မီးပွဲသဘင်သည် ဖြစ်သတည်း။

http://www.dhammadownload.com



http://www.dhammadownload.com

## ၆ – ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူခန်း

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊
သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်
ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသောင်သို့၊
ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊
ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊
သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊
စံနိုင်းမယုတ်၊ ကုသိနာရုံ၊
အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊
အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊
စံတော်မူသည်၊ ဗုန်ဆူသောင်းလုံး ကျော်တယ်ကို။

အခါတစ်ပါး၌ ဗုဒ္ဓသည် ကောသမ္ဗီပြည်ရှိ ကျောင်းကြီးသုံးရပ်၌ လှည့်လည် သီတင်းသုံးတော်မူစဉ် ဃောသက အမည်ရှိသော တပည့်ဒါယကာအပေါင်းတို့သည် နေ့ညမစဲ ကျောင်းတော်သို့လာရောက်ကာ ဗုဒ္ဓအား ဆည်းကပ်ပူဇော်ကြကုန်၏။ ထို့နောက် တန်ခိုးကြီးသော ရဟန်းတော်များဖြစ်ကြသည့် ဗုဒ္ဓ၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာအားလည်းကောင်း၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်အား

http://www.dhammadownload.com



လည်းကောင်း၊ ဒိဗ္ဗစက္ခုဉာဏ်အရာတွင် တေဒဂ်ရတော်မူသော အရှင်အနုရုဒ္ဓါအားလည်းကောင်း၊ ပြုဖွယ်ရှိသော ဝတ်ကြီးဝတ်ငယ် မှန်သမျှကို အခါမလပ် ပြုစုလုပ်ကျွေးလျက်ရှိတော်မူသော ညီတော်အာနန္ဒာအားလည်းကောင်း အသီးသီးသော အမည်တော်များကို မေးမြန်း၍ ကန်တော့ ပူဇော်ကြကုန်၏။ ဗုဒ္ဓ၏ ယောက်ဖတော်ဖြစ်သော ရှင်ဒေဝဒတ်ကိုမူကား တစ်ဦးတစ်ယောက်မျှ လာ၍ ကန်တော့ပူဇော်ခြင်း မပြုကြ၊ ထိုအခါ ရှင်ဒေဝဒတ်သည် ဤသို့ တွေးတော ကြံစည်လေ၏။ ငါသည်လည်း သာကီဝင်မင်းမျိုးမှ ရဟန်းပြုလာသူဖြစ်ပေသည်။ ငါ့အား ထိုရဟန်းတော်များကဲ့သို့ ကန်တော့ပူဇော်ခြင်း မပြုကြသည်မှာ ရှင်ဂေါတမသည် လူအပေါင်းအား ငါ၏ အကျိုးကျေးဇူးမဲ့စေရန် စကားတို့ကို ပြောဆိုထား၍သာ ဖြစ်ပေလိမ့်မည်။ ယခုငါ့ဝယ် ကြည်ညိုသူနည်းပါးခြင်းကြောင့် လာဘ်လာဘ အခြံအရံတို့ ကင်းမဲ့လေသည်။ ထို့ကြောင့် လာဘ်လာဘနှင့် အခြံအရံတို့ ပေါများလာစေရန် ဗုဒ္ဓထံပါးမှခွာ၍ ငါ့အားကြည်ညိုသူများကို ရှာတော့အံ့၊ သို့သော် အပြည်ပြည်သော ထီးဆောင်းမင်းတို့သည် ရှင်ဂေါတမ၏ သာသနာ့ဝင်များသာ ဖြစ်ကြသည်။ အဇာတသတ် မင်းသားငယ်တစ်ပါးသာလျှင် ကိုးကွယ်ပူဇော်ရာဟူ၍ မရှိသေး၊ ထိုမင်းသားကို ငါ့အားကြည်ညိုခြင်း ဖြစ်စေ၍ လာဘ်လာဘ ပေါများစေရန် ကြံစည်တော့အံ့ဟု ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏သားတော် အဇာတသတ်မင်းသားရှိရာသို့ ထွက်ခွာသွားလေ၏။

ရှင်ဒေဝဒတ်ကား ပုထုဇဉ်တို့၏အဘိညာဉ်တန်ခိုးဖြင့် အထူးထူးသော ရုပ်သဏ္ဌာန်တို့ကို ဖန်ဆင်း၍ပြနိုင်သူဖြစ်ရာ အဇာတသတ်မင်းသားလည်း ရှင်ဒေဝဒတ်အား ဘုန်းတန်ခိုးကြီးသော ရဟန်းမြတ်တစ်ပါးဟု ယုံကြည်ပြီးလျှင် ဒေဝဒတ်ရှိရာကျောင်းသို့သွား၍ လှူဖွယ်ပစ္စည်းအမျိုးမျိုးဖြင့် လှူဒါန်းပူဇော်ခြင်း ပြုလေ၏။ ထိုအခါ ဆရာဒေဝဒတ်၌ များစွာသော အခြံအရံတို့ ရရှိလေသဖြင့် မာန်မာနတက်ကြွလာပြီးလျှင် ငါ၌ အခုလာဘ်လာဘ အခြံအရံတို့ ပေါများခဲ့ပေပြီ၊ မကြာမီ၌ ဘုရားဂေါတမကို ဖယ်ရှား၍ သံဃာအများကို ငါ့နောက်သို့ပါအောင် ပြုအံ့ဟု ဗုဒ္ဓအား အန်တုရန်အကြံ ဖြစ်ပေါ်လာလေ၏။

ဤသို့ ဒေဝဒတ်၏ စိတ်တွင်း၌ မြတ်သော ဗုဒ္ဓအား အန်တုဖက်ပြိုင်လိုသော အကြံအစည်များ ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ရရှိအပ်သော အဘိညာဉ်တန်ခိုး

http://www.dhammadownload.com



များသည် အလိုအလျောက် ကွယ်ပျောက်ရလေတော့သည်။ ထိုအချိန်ဝယ် ဗုဒ္ဓသည်လည်း ခရီးဒေသစာရီ ကြွတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ပရိသတ်လေးပါးတို့အား တရားဒေသနာ ဟောကြားလျက်ရှိတော်မူ၏။

တစ်နေ့သ၌ ဒေဝဒတ် ရောက်လာ၍ ဤသို့ နားတော်လျှောက်၏။ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ အရှင်ဘုရားသည် အသက်အရွယ် အိုမင်းပြီဖြစ်ပါ၍ ချမ်းသာစွာ စံစားနေသင့်ပါပြီ၊ အရှင်ဘုရား၏ တပည့်သာဝကအပေါင်းကို ကျွန်ုပ်အား လွှဲအပ်တော်မူပါ။ ကျွန်ုပ်သာလျှင် တပည့်ဒကာ သာဝကအပေါင်းတို့ကို ရှေ့ဆောင်ခြင်းပြုပါအံ့ဟု လျှောက်ထားလေ၏။ ဗုဒ္ဓလည်း ဒေဝဒတ်၏ စကားကို လက်ခံတော်မမူဘဲ ချစ်သား ဒေဝဒတ်...ဤအခွင့်ကား သင် တောင်းခံစရာ မဟုတ်။ သင်၏ကိုယ်ရေးဖြစ်သော ကုသိုလ်ကောင်းမှု၌သာ ဖြစ်မြောက်ရန်အားထုတ်ပါဦးလော့ ဟု ဆို၍ ပယ်တော်မူ၏။

ရှင်ဒေဝဒတ်လည်း ထပ်ကာထပ်ကာ သုံးကြိမ်တိုင်မျှ လျှောက်ပြန်လေ၏။ ဗုဒ္ဓလည်း ချစ်သား ဒေဝဒတ်၊ အယုတ် အလတ် အမြတ်အားဖြင့် သုံးပါးရှိကုန်သော သတ္တဝါတို့သည် ငါဘုရားကို ရည်မှန်း၍ သာသနာတော်တွင်းသို့ ဝင်ရောက်လာကြပေသည်။ သူတစ်ထူးအား လွှဲအပ်ထားခြင်းငှာမသင့်၊ သင့်ကဲ့သို့သူကို မဆိုထားနှင့် ငါ၏ သာဝကကြီးများဖြစ်ကြသော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အားပင် ငါ၏ သံဃာအပေါင်းကို မအပ်နှင်း၊ ချစ်သားဒေဝဒတ် သင်၏ အခွင့်မဟုတ်သည်ကို အလိုမရှိလေနှင့်ဟု မိန့်တော်မူ၏။

ဒေဝဒတ်လည်း ရှင်ဂေါတမသည် ပရိသတ်များအလယ်၌ ငါ့အား ရှက်စဖွယ်ဖြစ်အောင် ရှုတ်ချ၍ပယ်တော်မူသည်။ ဆွေမတော် သားမစပ်သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အားသာ မြှောက်စားချီးမြှင့်လေသည်။ ငါကား ယနေ့မှစ၍ ယောက်ဖတော် ဂေါတမ၏ကောင်းကျိုးကို မပြု၊ ဖျက်ဆီးတော့မည်အံ့ဟု ရန်ငြိုးထားလျက် ဗုဒ္ဓထံပါးမှ ထွက်ခွာခဲ့လေ၏။ ထို့နောက် ဒေဝဒတ်သည် ဤသို့ကြံစည်လေ၏။ အဇာတသတ်မင်းသားသည် ငါ ဆွဲဆောင်ရာသို့ ပါပေသည်။ ဗုဒ္ဓအား ရန်ပြုရန် ဤမင်းသား မင်းဖြစ်ပါက လွယ်ပေမည်၊ မင်းအဖြစ်ကိုရရန် ငါ တိုက်တွန်းအံ့ဟု အဇာတသတ်မင်းသားထံသို့ သွား၍...၊ သင်မင်းသား၊ ခပ်သိမ်းသော

http://www.dhammadownload.com



အမှုတို့ကို ပြီးမြောက်စေလိုလျှင် မင်းဖြစ်မှသာ ပြီးမြောက်ပေမည်။ သင် မင်းသားသည် ဖခင်ကြီး နတ်ရွာစံမှ မင်းပြုရမည်ဆိုသော် အချိန်ကာလ ဝေးကွာလွန်းလှပါသည်။ မကြာမီ မင်းအဖြစ်ကို ရရှိစေရန် ယခုပင် သင်၏ ဖခင်ကြီးအား အဆုံးစီရင်ပါလော့ဟု တိုက်တွန်းလေ၏။

အဇာတသတ်ကလည်း ဒေဝဒတ်၏ မိုက်မဲသော အကြံ၌ လိုက်နာပြီးလျှင် ဖခင် ဗိမ္ဗိသာရမင်းကြီးအား သတ်မည်ပြု၏။ ထိုအခါ ဖခင် ဗိမ္ဗိသာရ မင်းကြီးသည် အဇာတသတ်အလိုရှိသော ထီးနန်းအရိုက်အရာကို လွှဲအပ်လေရာ မင်းသားလည်း ဖခင်ကြီးအား ဖမ်းဆီးပြီးလျှင် အကျဉ်းချထားလိုက်လေ၏။ ထိုအကြောင်းကို ဆရာဒေဝဒတ် ကြားသိရသော် နန်းတော်သို့ လာရောက်၍ အသင်မင်းသား၊ အဘယ့်ကြောင့် ဖခင်ကြီးအား မသတ်သေးပါသနည်း၊ သင်၏ မင်းပြုခြင်း၌ အနှောင့်အယှက် မရှိစေလိုလျှင် သင်၏ ဖခင်ကြီးအား အဆုံးစီရင်မှသာ သင့်ပေမည်ဟု စေခိုင်းပြန်သဖြင့် မင်းသားလည်း ဖခင်မင်းကြီးအား အစာငတ်ရေငတ်ထားကာ တဖြည်းဖြည်းအားကုန်၍ သေဆုံးစေ၏။

ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံပြီးသော် အဇာတသတ်လည်း ဆရာဒေဝဒတ် ဖခင်ကြီး ကွယ်လွန်ခဲ့ပါပြီ၊ မည်သည့်အမှုကို ပြုရပါအံ့နည်းဟု မေးလေရာ ဒေဝဒတ်က သင်မင်းသား၊ ဘုရားဂေါတမကို သတ်ရန် လိုပါသေးသည်။ ငါ့အား ရဲရင့်သောယောကျ်ား သုံးဆယ့်နှစ်ယောက်ကို ပေးအပ်ပါဟုဆိုသဖြင့် အဇာတသတ်လည်း ရက်စက်ကြမ်းကြုတ်သော ယောကျ်ား သုံးဆယ့်နှစ်ယောက်ကို ဒေဝဒတ်အား ပေးအပ်လေ၏။

ဒေဝဒတ်သည် ပထမဦးစွာ ယောကျ်ားနှစ်ယောက်ကို ခေါ်ပြီးလျှင် ဗုဒ္ဓတရားဟောရာအရပ်သို့ ညွှန်ပြ၍ အမောင်တို့၊ ရှင်ဂေါတမအား သတ်ပြီးလျှင် ဤခရီးမှ ပြန်ခဲ့ကြလော့ ဆို၍ စေလွှတ်လိုက်လေ၏။ ထို့နောက်မှ ကျန်ရှိသော လူသုံးဆယ်တို့အား နှစ်ယောက်ဆီ ခွဲခြားပြီးလျှင် လမ်းခရီးမှစောင့်၍ ပြန်လာသူများအား အဆင့်ဆင့်သတ်ပစ်ကြရန် ပရိယာယ်ပြု၍ စေလွှတ်ပြန်၏။

ဗုဒ္ဓအား သတ်မည်ဟု သွားနှင့်ကြသော ယောကျ်ားနှစ်ယောက်တို့သည် လေးမြားသန်လျက်တို့ကို ယူပြီးလျှင် ဗုဒ္ဓတရားဟောတော်မူရာ အရပ်နှင့် မနီးမဝေး

http://www.dhammadownload.com



မှနေ၍ လေးမြားဖြင့်ချိန်၍ ပစ်လွှတ်ကြလေသော် မြားတို့လည်း ဗုဒ္ဓထံပါးသို့ မသီလာဘဲ လမ်းတွင်သာ အလိုလိုပျောက်ပျက်ကြလေ၏။ ကြာသော် ထိုယောကျ်ား နှစ်ဦးသည် ဗုဒ္ဓ၏ အတိုင်းမသိသော ကျေးဇူးဂုဏ်တော်၌ သိမြင်လာကြပြီးလျှင် ထိတ်လန့်ခြင်း ပြင်းစွာဖြင့် ဗုဒ္ဓ၏ အနီးသို့ ချဉ်းကပ်လာကြ၍ အရှင်ဘုရား... တပည့်တော်တို့သည် ယုတ်မာလှစွာသော ဆရာဒေဝဒတ်၏ စကား၌ လိုက်နာ ခဲ့ကြပါသည်။ တပည့်တော်တို့အား အပြစ်မှ ခွင့်လွှတ်တော်မူပါဟု ကန်တော့ တောင်းပန်ကြလေ၏။ ဗုဒ္ဓလည်း ထိုသူတို့နှင့် သင့်လျော်သော တရားကို ဟောကြား တော်မူရာ လူမိုက်နှစ်ဦးသည် သရဏဂုံသုံးပါး၌ ယုံကြည်တည်မြဲလေတော့သည်။

ဗုဒ္ဓအား သတ်ရန်သွားကြသော ထိုသူနှစ်ယောက်အား သတ်မည်ဟု လမ်း အဆင့်ဆင့်တွင် စောင့်နေကြသော ကျန်လူသုံးဆယ်တို့လည်း ထိုအကြောင်းကို သိသော် ဗုဒ္ဓအား ကန်တော့တောင်းပန်ကြပြီးလျှင် ဟောတော်မူသော တရားတော် အဆုံး၌ သရဏဂုံ တည်မြဲကြလေသည်။ ထို့နောက် သူတို့သည် ဒေဝဒတ်ရှိရာသို့ ပြန်သွားကြပြီးလျှင် ဆရာဒေဝဒတ်၊ ကျွန်ုပ်တို့ကား မြတ်သော ဗုဒ္ဓအား ပြစ်မှားရန် မဝံ့ကြပါ၊ ဗုဒ္ဓ၏ တန်ခိုးတော်သည် အတိုင်းမသိ ကြီးမားလှပါသည်ဟု ပြောဆိုလေ ၏။

ထိုအခါ ဒေဝဒတ်လည်း ဤသို့ဖြစ်လျှင် ဘုရားဂေါတမအား သတ်ရန် သူတစ်ပါးအား စေခိုင်း၍ ပြီးမည်မဟုတ်၊ ငါကိုယ်တိုင်ပင် သတ်တော့အံ့ဟု ဆို၍ အရန်လူအချို့အား ခေါ်ပြီးလျှင် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ခဲ့လေ၏။ ဒေဝဒတ်လည်း အရှေ့တောင်ရိပ်တွင် စင်္ကြံကြွတော်မူနေသော ဗုဒ္ဓထံသို့ ရွယ်မှန်းပြီး လျှင် ကြီးစွာသော ကျောက်တုံးဝယ် စက်ယန္တရားတပ်ဆင်ကာ လိမ့်ချလိုက်လေ ၏။ ထိုအခါ ကျောက်တောင်ထွတ်နှစ်ခုသည် ရုတ်တရက်မြေမှ ထွက်ပေါ်လာကာ ကျလာသော ကျောက်တုံးကို ခံလင့်ကုန်၏။ ထိုခံသော ကျောက်နှင့် ကျလာသော ကျောက်တို့ တိုက်မိကြရာဝယ် ကျောက်ချပ်ကွာပြီးလျှင် ဗုဒ္ဓ၏ ခြေမတော်ပေါ် သို့ ကျလေသဖြင့် ခြေမတော် သွေးခြည်ဥသွားလေသည်။

ဗုဒ္ဓလည်း ဒေဝဒတ်ကို မြင်တော်မူလျှင် သပ္ပါယ်လှစွာသော ဗုဒ္ဓတို့၏ ဗြဟ္မဿရတော်ဖြင့် ချစ်သားဒေဝဒတ်... သင်သည် သူမြတ်တို့၏ အရောင်အဝါဖြင့်

http://www.dhammadownload.com



အသက်မွေးသူဖြစ်ပါလျက် ငါကဲ့သို့သော သုံးလူထွတ်ထား ဘုရားမြတ်တစ်ဆူကို အဘယ်ကြောင့် ပြစ်မှားရသနည်း။ အဝီစိဟူသော ငရဲရွာကို သင်မကြောက်လေသလော၊ မည်သို့ပင် သင်ရန်ပြုသော်လည်း ပါရမီတော်ကြောင့် ရအပ်သော ဗုဒ္ဓတို့၏ ခန္ဓာကိုယ်ကား ပျက်စီးခြင်း မဖြစ်နိုင်ပေဟု မိန့်တော်မူ၏။

ထို့နောက် သုံးရက်မြောက်သော် ဗုဒ္ဓလည်း သံဃာတော်အပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။

ဒေဝဒတ်လည်း ဘုရားတို့၏ တင့်တယ်ခြင်း အသရေတော်ဖြင့် ကြွတော်မူလာသော ဗုဒ္ဓအားမြင်သော် ဤသို့ကြံပြန်၏။ ဘုရားဂေါတမသည် တင့်တယ်လှသော အသရေတော်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဖျက်ဆီးဝံ့သူ မရှိပြီ၊ ဤရာဇဂြိုဟ်ပြည်ရှိ အဇာတသတ်မင်း၏ နာဠာဂီရိအမည်ရှိသော ဆင်ကြီးကား ရတနာသုံးပါးဟူ၍ မသိ၊ ကြမ်းကြုတ်ရက်စက်၍ သူ့အသက်ကို သတ်ခြင်း၌သာ စွမ်း၏။ ဘုရားဂေါတမအား ဤဆင်ဖြင့် တိုက်သတ်ရသော် သင့်ရာ၏ဟု မင်းကြီးထံသို့ ဝင်ပြီးလျှင် မနက်ဖြန် ဗုဒ္ဓကြွတော်မူသောအခါ နာဠာဂီရိ ဆင်ကြီးအား အရက်ပြင်းစွာတိုက်ကာ ရှေ့မှဆီး၍ လွှတ်ပါလေဟု မှာခဲ့၏။ ဆင်ထိန်းတို့လည်း နက်ဖြန်နံနက်၌ နာဠာဂီရိဆင်ကြီးအား အရက်ပြင်းစွာတိုက်၍ ဗုဒ္ဓကြွတော်မူမည့် လမ်းမှ လွှတ်ပေးရန် ပြင်နှင့်ကြ၏။

ထိုအချင်းအရာကို ပြည်သူပြည်သားတို့ သိကြသော် ဗုဒ္ဓထံပါးသို့ကပ်၍ အရှင်ဘုရား... ယနေ့မနက် ဆွမ်းခံကြွတော်မမူပါလင့်၊ ဆရာဒေဝဒတ်သည် အဇာတသတ်မင်းနှင့်တိုင်ပင်၍ အရှင်ဘုရားအား ဆင်နှင့်တိုက်ရန် ပြင်ဆင်နေပါပြီဟု လျှောက်ထားကြလေ၏။ ဗုဒ္ဓလည်း ရွှေဉာဏ်တော်ဖြင့် မျှော်ရှုပြီးသော် ဥပါသကာတို့...ငါဘုရားအတွက် မကြောင့်ကြကုန်လင့်၊ ငါဘုရားသည် ယနေ့မနက်၌ ဤနာဠာဂီရိ အမည်ရှိသော ဆင်မိုက်ကြီးအား ယဉ်ကျေးအောင် ဆုံးမတော်မူမည်ဟု မိန့်တော်မူကာ ကြွမြဲလမ်းဖြင့် ကြွတော်မူ၏။

ဆင်ကြီးသည် ဗုဒ္ဓကြွတော်မူရာလမ်းသို့ ရှေ့ရှုလျက် အရှိန်ပြင်းစွာဖြင့် ထွက်ခဲ့ရာ အရှင်အာနန္ဒာသည် ဗုဒ္ဓအား ဆင်ကြီး၏ ရန်မှ ကင်းလွတ်စေခြင်းငှာ ရှေ့တော်မှနေ၍ ကာကွယ်တော်မူ၏။ ထိုအခါ ဗုဒ္ဓလည်း ချစ်သား အာနန္ဒာ... ငါဘုရားအတွက် မကြောင့်ကြလင့်၊ ဤဆင်မိုက်ကြီးအား ငါဘုရား ဆုံးမတော်မူ

http://www.dhammadownload.com





**နာဠာဂီရိဆင်ကြီးအား အရက်တိုက်၍ ဗုဒ္ဓရှေ့မှ လွှတ်ပြီး တိုက်နေပုံ**

မည်ဟု မိန့်တော်မူကာ အရှင်အာနန္ဒာအား တန်ခိုးတော်ဖြင့် ဖယ်ရှားတော်မူ၏။ ဗုဒ္ဓလည်း အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးလာသော ဆင်ကြီးအား ဩဓိသမေတ္တာတော် အဟုန်ဖြင့် ချစ်သား နာဠာဂီရိ၊ သင်ယခု ရန်ပြုမည့်သူကား အခြား မဟုတ်၊ လောကသုံးပါး၌ တစ်စုံတစ်ယောက်သော သူနှင့်မျှ တူတော်မမူ၊ သတ္တဝါတို့အား ခပ်သိမ်းသော ဘေးတို့မှ ကယ်တင်တော်မူလျက်ရှိသော သုံးလူတို့သခင် မြတ်သော ဗုဒ္ဓပင် ဖြစ်သည်၊ ငါ့ထံသို့ လာလှည့်လော့၊ သင့်အား ငါ၏ တရားတော်ကို ဟောကြားအံ့ဟု မိန့်တော်မူ၏။ ဆင်ကြီးသည် ဗုဒ္ဓ၏ သာယာသော အသံတော်ကို ကြားသော် မိတ်ထားသော မျက်လုံးအစုံကို ဖွင့်၍ကြည့်ရာ တင့်တယ်သော အသရေတော်နှင့် ပြည့်စုံသည့် ဗုဒ္ဓအား မြင်သဖြင့် ကြည်ညိုသော စိတ်စေတနာများ ဖြစ်ပေါ်လာပြီးလျှင် ဗုဒ္ဓ၏ ခြေတော်ရင်း၌ ဝပ်စင်းကန်တော့ ဦးတိုက်လေ၏။

ဗုဒ္ဓလည်း ချစ်သား နာဠာဂီရိ၊ သင်သည် ယနေ့မှစ၍ သူတစ်ပါးတို့အား သတ်ဖြတ်ခြင်းအမှုကို မပြုလင့်၊ မေတ္တာတရားကိုသာ ပွားများလော့ဟု မိန့်တော်မူကာ တရားဒေသနာကို ဟောကြားတော်မူ၏။

နာဠာဂီရိဆင်ကြီးသည် ဗုဒ္ဓ၏ တရားတော်အဆုံး၌ မိုက်မဲလှစွာသော စိတ်တို့ ကွယ်ပျောက်၍ ယဉ်ကျေးလိမ္မာသော အဖြစ်သို့ ရောက်လေတော့သည်။ ထိုဆင်မင်း

http://www.dhammadownload.com



အား တရားတော် ဟောကြားသည့်အဆုံး၌ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့သည် အကျွတ်တရားရကြလေကုန်သတည်း။

ယင်းသို့ ဗုဒ္ဓအား ဆင်ဖြင့်တိုက်သည်မှစ၍ ဒေဝဒတ်အား ပြည်သူပြည်သားတို့သည် များစွာ ကဲ့ရဲ့ကြလျက် အလှူဒါန မပြုကြသဖြင့် ဒေဝဒတ်၌ လာဘ်လာဘများ ကင်းမဲ့ကာ ဆင်းရဲငြိုငြင်ခြင်း ဖြစ်ရလေတော့သည်။ ထိုအခါ ဒေဝဒတ်သည် ဗုဒ္ဓနှင့် ခွဲခြားလိုသော အကြံပြု၍ သူ၏ အဆွေများဖြစ်သော ကောကာလိက၊ ကဋမောဒကတိဿ၊ ခဏ္ဍဒေဝိယ၊ သမုဒ္ဒဒတ္တ ဟူသော ရဟန်းလေးဦးတို့ထံ ကပ်ပြီးလျှင် ငါ့ရှင်တို့ ငါသည် ယောက်ဖတော်ဖြစ်သော ရဟန်းဂေါတမနှင့် သင်းခွဲတော့မည်၊ သင်တို့ ငါနှင့်အတူ လိုက်ပါကြကုန်ဟု ဆိုလေ၏။ ရဟန်းလေးဦးတို့ကလည်း ရှင်ဒေဝဒတ်၊ ဘုရားဂေါတမကား အလွန်ဘုန်းတန်ခိုးကြီး၏။ အဘယ်အကြောင်းဖြင့် သံဃာကွဲပြားခြင်း ဖြစ်နိုင်ပါအံ့နည်းဟု မေးကြလျှင် ဒေဝဒတ်က ငါ့ရှင်တို့၊ သံဃာ ကွဲပြားရန် မခက်ပါ၊ ဘုရားဂေါတမ၌ ငါတို့ လိုလားသော အခွင့်ငါးချက်ကို ရအောင် တောင်းကြမည်၊ မရခဲ့သော် ထိုအကြောင်းကို ညွှန်ပြ၍ သံဃာအပေါင်းအား ငါ့နောက်သို့ပါအောင် ပြုရအံ့ဟု ဆိုလေ၏။

တစ်နေ့သ၌ ဒေဝဒတ်သည် ဗုဒ္ဓထံပါးသို့ ကပ်ပြီးလျှင် သူကြံစည်ထားသော အခွင့်ငါးချက်ကို တောင်းခံလေ၏။ ဗုဒ္ဓလည်း တောင်းခံလာသော အခွင့်ငါးချက်ကို ခွင့်ပြုတော်မမူဘဲ၊ ချစ်သား ဒေဝဒတ်၊ သင်တောင်းခံလာသော အခွင့်ငါးချက်ကား ငါဘုရား၏ သာသနာတော်သည် ရှည်မြင့်စွာ တည်ရာသော အကြောင်းမဟုတ်ဟု ဆို၍ ပယ်တော်မူ၏။

ထိုအခါ ဒေဝဒတ်သည် သူနှင့် မိတ်ကျွမ်းဝင်သော သံဃာငယ်အချို့အား ခေါ်၍ ငါ့ရှင်တို့၊ ဘုရားဂေါတမကား ငါတို့တောင်းသော အခွင့်ငါးချက်ကို မပေးပေ။ ထို့ကြောင့် ငါတို့သည် ယနေ့မှစ၍ သံဃာသင်းခွဲ၍ နေတော့အံ့ဟု ဆိုကာ ဗုဒ္ဓထံပါးမှ ခွာ၍ ဂယာသီသသို့ ထွက်သွားကြလေ၏။

တစ်လနစ်လခန့်မျှ ကြာရှိသော် ဒေဝဒတ်၏ တပည့်သံဃာတို့သည် သဒ္ဓါကြည်ညိုသူနည်းပါး၍ လာဘ်လာဘ ဆုတ်ယုတ်ခြင်း ရှိလေသဖြင့် လူထွက်ရန် စုရုံး၍ တိုင်ပင်နေကြလေသည်။ ထိုအခြင်းအရာကို ဗုဒ္ဓသိမြင်တော်မူ၍ တပည့်မြတ်

http://www.dhammadownload.com



အစုံ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့အား ခေါ်ပြီးလျှင် ချစ်သားတို့ သံသရာဆင်းရဲမှ လွတ်မြောက်လို၍ ငါဘုရား၏ သာသနာတော်သို့ ဝင်ရောက်လာကြသော သံဃာငယ်အချို့ကား ဒေဝဒတ်နှင့် ပေါင်းဖော်မိကြ၍ ပျက်စီးကုန်လတ္တံ့။ ထိုသံဃာငယ်တို့အား သင်တို့သွား၍ တရားအမှန်ကို ဟောကြားညွှန်ပြကြပါကုန်လော့ဟု မိန့်တော်မူ၏။

အရှင်မြတ်နှစ်ပါးလည်း ဗုဒ္ဓထံပါးမှခွာ၍ ဒေဝဒတ်နှင့် သံဃာများရှိရာ ဂယာသီသသို့ သွားကြ၍ ဒေဝဒတ် တရားဟောရာ ဌာနအနီး သင့်အပ်သော နေရာမှနေ၍ စောင့်လင့်တော်မူကြ၏။ ဒေဝဒတ်လည်း တပည့်သံဃာငယ်တို့အား တစ်နေ့ပတ်လုံး တရားဟောပြီးလျှင် ညအချိန်တိုင်သောအခါ အရှင်သာရိပုတ္တရာအား ငါ့ရှင်သာရိပုတ္တရာ...ငါကား တစ်နေ့ပတ်လုံး တရားဟောပြရ၍ ညောင်းညာခဲ့ပြီ၊ တစ်ရေးအိပ်ဦးအံ့၊ တပည့်သံဃာများအား သင်တစ်လှည့် ဟောပြပါလေဟု ဆိုကာ အိပ်လေ၏။

သာရိပုတ္တရာ အရှင်မြတ်လည်း ရဟန်းပရိသတ်အား ဗုဒ္ဓ၏ တရားဒေသနာတော်ကို တစ်ညပတ်လုံး ဟောကြားတော်မူရာ အရုဏ်ကျင်း၍ အလင်းသို့ တိုင်ခဲ့လေ၏။ ရဟန်းငယ် အပေါင်းတို့သည် အရှင်သာရိပုတ္တရာ၏ တရားမြတ်၌ ကောင်းစွာ သိမြင်လာကြပြီးလျှင် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာက ဒေဝဒတ်အား ရှင်ဒေဝဒတ်၊ ငါတို့ပြန်ကြတော့အံ့၊ ဗုဒ္ဓ၏ တရားတော်ကို နှစ်သက်သော သူတို့သည် ဗုဒ္ဓထံသို့ လိုက်ကြပါစေ၊ ရှင်ပင့်တရားကို နှစ်သက်သူတို့လည်း ရှင်ပင့်ထံ၌သာ နေရစ်ပါစေဟုဆို၍ ပြန်ကြွခဲ့လေရာ ဗုဒ္ဓ၏ တရားတော်၌ သိမြင်ပြီးဖြစ်ကြသော ရဟန်းငယ် ငါးရာတို့လည်း တစ်ပါးမကျန် အရှင်သာရိပုတ္တရာ၏ နောက်တော်သို့ လိုက်ပါလာခဲ့ကြကုန်၏။

ထိုအခါ ဆရာဒေဝဒတ်သည် တပည့်ပရိသတ်တို့ စွန့်ခွာခဲ့လေသဖြင့် ကြီးစွာသော စိတ်၏ တုန်လှုပ်ခြင်းဖြင့် ရင်မှ သွေးအန်သောဝေဒနာ ဖြစ်ပေါ်ခဲ့လေ၏။ ဒေဝဒတ်၏ ဝေဒနာသည် တစ်နေ့ထက်တစ်နေ့ လျော့ပါးသည်မရှိ၊ တိုးတက်ဖိစီး၍ ခံစားနေရကား သူ၏ စိတ်တွင်း၌ ငါသည် ယခုပြင်းစွာသော ဝေဒနာ ခံစားနေရသည်မှာ မြတ်သော ဗုဒ္ဓအား ပြစ်မှားခဲ့ခြင်းကြောင့်သာလျှင် ဖြစ်ပေသည်။ ငါ၏ ဝေဒနာ ပျောက်ကင်းစေရန် ဗုဒ္ဓအား ကန်တော့ဝန်ချမှသာလျှင် သင့်ပေအံ့ဟု

http://www.dhammadownload.com



တွေးတောပြီးလျှင် ကျန်ရှိသော ရဟန်းရှစ်ပါးတို့အား ထမ်းစင်ဖြင့် ဆောင်ယူ၍ ငါ့အား ဗုဒ္ဓထံသို့ ပို့ပါလေဟု စေခိုင်းလေ၏။

ရဟန်းတို့လည်း ဆရာဒေဝဒတ်အား အိပ်ရာ ညောင်စောင်းကို ထမ်းစင်ပြု၍ ဗုဒ္ဓထံတော်သို့ ဆောင်ယူခဲ့ကြရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီးရှိ ရေကန်ကြီးသို့ ရောက်လေသော် ဒေဝဒတ်သည် ရေချိုးအံ့ဟု ဆိုကာ ထမ်းစင်ကို ချစေ၍ ရေကန်တွင်းသို့ ဆင်းလေ၏။

ထိုအခါ မြတ်သော ဗုဒ္ဓအား ပြစ်မှားခဲ့မိလေခြင်းတို့ကြောင့် မဟာပထဝီ မြေကြီးသည် ပြင်းစွာတုန်လှုပ်မြည်ဟည်းခြင်း ဖြစ်ပေါ်လာပြီးလျှင် ရေသို့ ဆင်း သက်စ ပြုနေသော ဒေဝဒတ်အား စုပ်မျိုလေတော့သတည်း။

ဤသို့ ဒေဝဒတ်အား မြေမျိုသည့်အကြောင်းကို အဇာတသတ်မင်း သိသော် မိမိ၏ မိုက်မှားသောအပြစ်တို့ကြောင့် ကြီးစွာသော တုန်လှုပ်ခြင်း ဖြစ်ပေါ်လာပြီး လျှင် ဆရာဇီဝကနှင့် တိုင်ပင်၍ ဗုဒ္ဓထံပါးသို့ ကပ်ခဲ့ကြလေ၏။ ဗုဒ္ဓလည်း သင့် အပ်သော တရားဒေသနာတော်ကို ဟောကြားတော်မူရာ အဇာတသတ်သည် ငါးပါး သော သီလတို့ဖြင့် သရဏဂုံသုံးပါး တည်မြဲလေ၏။

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ပြုတော်မူသော ရှင်တော် ဗုဒ္ဓသည် သက်တော် ခုနစ်ဆယ့်ကိုး၊ ဝါတော် လေးဆယ့်လေးဝါ ပြည့်တော်မူ၍ ပရိနိဗ္ဗာန်စံချိန် နီးသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ဝေသာလီပြည် သို့ ဒေသစာရီ ကြွတော်မူ၍ ထိုမှတစ်ဖန် ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်အကြား ဂင်္ဂါမြစ်နား၌ တည်ရှိသော ဝေဠုဝရွာသို့ ကြွတော်မူ၏။ ထိုရွာ၌ ဝါကပ်တော်မူ၍ တပည့်သံဃာအပေါင်းအား အဝေးသို့ မသွားစေဘဲ ဝေသာလီပြည်ကြီးနှင့် မနီးမဝေး သော အရပ်တို့၌ သီတင်းသုံး နေထိုင်စေ၏။

တစ်နေ့သ၌ ဗုဒ္ဓ ကိုယ်တော်ဝယ် ပြင်းပြစွာလှသော သွေးသွန်သည့် ဝေဒနာ တော် ဖြစ်ပေါ်ခဲ့လေ၏။ ထိုအခါ သိကြားမင်းရောက်လာပြီးလျှင် ထိုသွေးသွန်သည့် အညစ်အကြေးတို့ကို စင်ကြယ်အောင်ပြုပြီးလျှင် ဗုဒ္ဓအား ပြုစုလုပ်ကျွေးလျက် ရှိနေ၏။

ထိုသို့ ဝေဒနာပေါ်ပေါက်လာသောအခါ ဗုဒ္ဓလည်း ဤသို့ ဆင်ခြင်တော် မူ၏။ ယခု ငါဘုရားသည် အသက်တော်အိုမင်း၍ ယိုယွင်းသည့်အရွယ်သို့ ရောက်

http://www.dhammadownload.com



ခဲ့ပြီ၊ ရှေးဘုရားများစွာတို့ အလားတူ နိဗ္ဗာန်ပြုချိန်တန်လေပြီ၊ သို့သော် ငါ၏ တပည့်သား ရဟန်းသံဃာများ မသိစေဘဲ ပရိနိဗ္ဗာန်ပြုရန်ကား မသင့်ချေ၊ ထို့ ကြောင့် ငါ၌ ယခုဖြစ်ပေါ်သော ဝေဒနာကို သမာပတ်အဟုန်ဖြင့် ပျောက်စေဦးအံ့ ဟု ကြံတော်မူသော် သွေးသွန်သောဝေဒနာသည် ပျောက်ကွယ် ကင်းငြိမ်းတော်မူ၏။

ထိုအခါ ညီတော် အရှင်အာနန္ဒာသည် ဗုဒ္ဓထံ ချဉ်းကပ်ပြီးလျှင် ဘုန်းတော် ကြီးသော အရှင်ဘုရား၊ အရှင်ဘုရား၌ ဝေဒနာတော် ပျောက်ကင်းသည်ကို မြင်ရ ပေပြီ၊ အရှင်ဘုရား၌ ဝေဒနာခံစားနေရသည်ကို ညီတော် မရှုမြင်လိုပါ၊ အရှင်ဘုရား သည် ဝေနေယျတို့အား တရားဒေသနာဟောကြားနိုင်သမျှ ကာလပတ်လုံး ပရိနိဗ္ဗာန် ပြုသည်ကို ညီတော် မရှုမြင်လိုပါဘုရားဟု လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓလည်း ချစ်သား အာနန္ဒာ...ငါဘုရားအား အဘယ်ကြောင့် အစဉ်အမြဲ တရားဒေသနာ ဟောကြားလျက်ရှိသည်ကိုသာ မြင်လိုသနည်း၊ ယခု ငါဘုရားသည် အသက်တော် အိုမင်း၍ ရင့်ရော်မှည့်ပျော်သောအရွယ်သို့ တိုင်ခဲ့၍ ပရိနိဗ္ဗာန်ပြုချိန်တန်ပေပြီ။ ငါဘုရားသည် နောင်ကာလ၌ လူနတ်ဗြဟ္မာ သတ္တဝါတို့ အကျိုးစီးပွား များစေခြင်းငှာ၊ ဟောကြားတော်မူသော သုတ်၊ အဘိဓမ္မာတို့ကို လည်းကောင်း၊ ဝိနည်း တရားတော်ကိုလည်းကောင်း၊ ထားတော်မူအပ်ပြီ။ ချစ်သား အာနန္ဒာ...ရှေးပွင့်တော်မူလေပြီးသော နောင်တော် ဗုဒ္ဓတို့သည် လူတို့သက်တမ်းကို ငါးစုပြုသော် တစ်စုချန်၍ ကျန်လေးစုမျှရှိသော အသက်တော်၌ ပရိနိဗ္ဗာန် ပြုကြ မြဲ ဖြစ်သည်၊ ယခု ငါဘုရား၏ အသက်သည်လည်း လူတို့သက်တမ်း ငါးစုတွင် လေးစုပြည့်ပြီဖြစ်၍ ပရိနိဗ္ဗာန်ချိန် နီးကပ်လာချေပြီဟု မိန့်တော်မူ၏။

ထို့နောက် ဗုဒ္ဓလည်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော် မူ၏။ ဇေတဝန်ကျောင်းတော်၌ ရောက်တော်မူ၍ မကြာမီ နေ့တစ်နေ့ဝယ် ဗုဒ္ဓ၏ လက်ယာတော်ရံ အဂ္ဂသာဝကကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိပရိနိဗ္ဗာန်ပြုချိန်တန်ပြီဖြစ်ကြောင်းကို ခွင့်တောင်းပြီးလျှင် နာဠ ကရွာသို့ ပြန်ကြွ၍ ဖွားတော်မူရာ တိုက်ခန်းဆောင်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသည်။

ဗုဒ္ဓလည်း အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို ယူပြီးလျှင် လူရှင်ရဟန်း တို့၏ အကျိုးစီးပွားအလို့ငှာ သာဝတ္ထိပြည်၌ စေတီတည်ထားတော်မူ၏။

http://www.dhammadownload.com



ထို့နောက် မကြာမီ လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလာန်သည်လည်း ဗုဒ္ဓထံ ချဉ်းကပ်၍ ခွင့်တောင်းခဲ့ပြီးလျှင် ဣသိဂိရိလိတောင်ရိပ်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသည်။

ဗုဒ္ဓလည်း အရှင်မဟာမောဂ္ဂလာန် အလောင်းတော်ကို ကြပ်မတ်၍ သင်္ဂြိုဟ်တော်မူပြီးလျှင် ဓာတ်တော်များကို လူရှင်ရဟန်းတို့ အကျိုးစီးပွားအလို့ငှာ ဝေဠုဝန်ကျောင်းတော်မုခ်ဝ၌ စေတီတည်ထားတော်မူ၏။

ဤသို့ တပည့်မြတ်အစုံ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်ပြုကြပြီးသော် ရှင်တော်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ နေတော်မူ၍ ဂင်္ဂါမြစ်သို့ အစဉ်လျှောက်ကာ ခရီးဒေသစာရီ ကြွချီတော်မူရာ တစ်နေ့သော နံနက်၌ ဝေသာလီပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဝေသာလီပြည်၏ အရှေ့မျက်နှာ စာပါလစေတီအရပ်သို့ ကပ်တော်မူ၍ နေ့အချိန် သီတင်းသုံးတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ချစ်သား အာနန္ဒာ…ဝေသာလီပြည်သည် အလွန်သာယာ၍ မွေ့လျော်ဖွယ်ရှိ၏။ ငါဘုရား၏ သာသနာ၌ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် ဣဒ္ဓိလေးပါးကို ပွားစေ၍ နေငြားအံ့၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ရှိသော် အာယုကပ်ပတ်လုံးတည်နိုင်၏။

ချစ်သား အာနန္ဒာ… ငါဘုရား ဟောတော်မူအပ်သော ဗောဓိပက္ခိယ ခုနစ်ပါး... 

ချစ်သား အာနန္ဒာ… ငါဘုရား ဟောတော်မူအပ်သော ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွားများစေ၍ နေငြားအံ့၊ ထိုပုဂ္ဂိုလ်သည် အာယုကပ်ပတ်လုံးသော်လည်းကောင်း၊ အသက်တစ်ရာကျော်သည့် တိုင်ရုံသော်လည်းကောင်း နေနိုင်တည်နိုင်၏။

ချစ်သား အာနန္ဒာ… ငါဘုရားသည်လည်း အလိုတော်ရှိ၍ ဣဒ္ဓိပါဒ်လေးပါး၊ အဓိပတိလေးပါး၊ ဗောဇ္ဈင် ခုနစ်ပါးကိုသာ လေ့လာပွားစီး၍ နေပါက အာယုကပ်ပတ်လုံး တည်တော်မူနိုင်၏။ ထိုထက်လွန်၍ တစ်ကမ္ဘာပတ်လုံးလည်း တည်တော်မူနိုင်၏။

ဗုဒ္ဓလည်း ဤသို့ သုံးကြိမ်တိုင်အောင် အရှင်အာနန္ဒာအား မိန့်ကြားတော်မူ၏။ ဤသို့ ဗုဒ္ဓ၏ အရိပ်အမြွက် မိန့်ကြားသည့်စကားကို အရှင်အာနန္ဒာသည်

http://www.dhammadownload.com



မည်သို့မျှ ပြန်၍ မလျှောက်ကြား၊ ဘုရားကိုယ်တော်မြတ်သည် လူနတ်တို့၏အကျိုး စီးပွားအလို့ငှာ အာယုကပ်ပတ်လုံး တည်တော်မူပါဟု လျှောက်ကြားရန် သတိမရ၊ ရှိခိုးလျက် ဆိတ်ဆိတ်သာ နေတော်မူ၏။ ထို့နောက် ဗုဒ္ဓလည်း ချစ်သား အာနန္ဒာ၊ တည်းခိုရန် သင့်သောနေရာသို့ သွားကြအံ့ဟု မိန့်တော်မူ၍ ထိုစာပါလစေတီနှင့် မနီးမဝေး အေးချမ်းသာယာသော သစ်ပင်ရိပ်ကြီးသို့ ကြွ၍ နေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် ဗုဒ္ဓအား ကပ်ရန် ရေရှာအံ့ဟု ကြွသွားတော်မူ၏။ ထိုခဏ၌ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်းရောက်လာပြီးလျှင် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ နားတော်လျှောက်၏။

ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ အရှင်မြတ်သည် ပရိနိဗ္ဗာန်ပြုခါ တန်ပါပြီ၊ ယခုပင် ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ရှေးအခါက အရှင်ဘုရားသည် ကျွန်ုပ်အား ဤသို့ မိန့်ကြားခဲ့ဖူးပါသည်။ အချင်းမာရ်နတ်၊ အကြင်မျှလောက် သော ကာလပတ်လုံး ငါ၏ တပည့်သား သံဃာတို့သည် ထူးမြတ်သော တရား အရာ၌ မလိမ္မာကုန်သေး၊ သင်ကြားအပ်သော ပရိယတ္တိလည်း မများကုန်သေး၊ လောကုတ္တရာတရားအား လျော်ညီသော အကျင့်ကိုလည်း မကျင့်နိုင်ကုန်သေး၊ သူတစ်ပါးအား ဟောကြားသင်ပြခြင်းငှာလည်း မစွမ်းနိုင်ကုန်သေး။ ထိုမျှလောက် သော ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန် မစံလိုသေးဟု ဆိုခဲ့ဖူးပါသည်။

ယခုမူကား အရှင်ဘုရား၏ တပည့်သား သံဃာတို့သည် လိမ္မာခြားနားကုန် ကြပေပြီ၊ ကိုယ်နှုတ် နှလုံး သုံးပါးလုံးကို ဆုံးမနိုင်ကြကုန်ပြီ၊ ပိဋကတ် သုံးပုံကို လည်း ဆောင်နိုင်ကုန်ကြပြီ၊ လောကုတ္တရာ တရားတော်နှင့်လျော်ညီသော အကျင့် ကို မိမိတို့လည်း ကျင့်နိုင်ကုန်ပြီ၊ သူတစ်ပါးတို့အားလည်း သင်ကြားပြသနိုင်ကုန်ပြီ၊ ဤလည်း အကြောင်းတစ်ပါး။

အချင်းမာရ်နတ်... ငါဘုရား၏ အဆုံးအမကို ခံကုန်သော ရဟန်း ယောကျာ်း၊ ရဟန်းမိန်းမ၊ လူယောကျာ်း၊ လူမိန်းမတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို မဆုံးမနိုင်ကုန်သေး၊ အသင်အကြား များ၍ ရဲရင့်တည်ကြည်ခြင်းလည်း မရှိကုန်သေး၊ လောကုတ္တရာ တရားတော်အား လျော်ညီသော အကျင့်ဖြင့်လည်း မကျင့်နိုင်ကုန်သေး၊ သူတစ်ပါးအား ဟောကြား

http://www.dhammadownload.com



ပြသ ဆုံးမနိုင်ခြင်းငှာလည်း မစွမ်းနိုင်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလိုသေးဟူ၍လည်း ဆိုဖူးပါသည်။

ယခုမူကား ထိုသုံးပါးသော ပရိသတ်တို့သည် လိုအပ်သော အကျိုးပြည့်စုံခဲ့ကြပါပြီ။ ဤလည်း အကြောင်းတစ်ပါး။

အချင်းမာရ်နတ်... ငါဘုရား၏ ဆုံးမဩဝါဒ သာသနာသည် အကြင်မျှလောက်သော ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါများတို့၌ များစွာ မပျံ့နှံ့သေး၊ များစွာ မသိကြသေး၊ မပြည့်စုံကြသေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလိုသေးဟူ၍လည်း ဆိုဖူးပါသည်။ ယခုအခါ အရှင်ဘုရား၏ သာသနာသည် စကြာဝဠာအပြည့်ပင် ပျံ့နှံ့ခဲ့ပါပြီ၊ လူနှင့်နတ်ပါ ဗြဟ္မာမလပ် တတ်သိလိမ္မာ ပြည့်စုံကြပါပြီ။ ဤစကား ငါးဦး ဆိုခဲ့ဖူးသည့်အတိုင်း ကျွန်ုပ်ရှုသော် ယခုပြည့်စုံစွာ ရှိရကား အရှင်ဘုရား ပရိနိဗ္ဗာန်ပြုရန် သင့်ပါပြီ။ ပရိနိဗ္ဗာန်စံယူတော်မူပါဘုရားဟု လျှောက်ထားလေ၏။

ဗုဒ္ဓကလည်း ရှေးပွင့်တော်မူခဲ့ပြီးသော နောင်တော် ဗုဒ္ဓတို့ ထုံးတမ်းကို ငါဘုရားလည်း မလွန်ထိုက်ချေဟု နှလုံးပြုတော်မူ၍ ဟယ် မာရ်နတ်ယုတ်... သင်မကြောင့်ကြလေနှင့်၊ မကြာမီ၌ ငါဘုရား ပရိနိဗ္ဗာန် ပြုတော့အံ့။ ဤကာလမှ သုံးလလွန်မြောက်သော် ငါဘုရားသည် ပရိနိဗ္ဗာန် စံယူတော့မည်သာတည်းဟု မိန့်တော်မူလိုက်၏။

မာန်နတ်လည်း ဗုဒ္ဓအား ဝတ်ပြုပြီးလျှင် ရှေ့တော်မှ ကွယ်ပျောက်ခဲ့လေ၏။ ဗုဒ္ဓလည်း ထိုခဏ၌ပင်လျှင် အာယုသင်္ခါရလွှတ်ခြင်းနှင့် ဆိုင်သော သမာပတ်ကို ဝင်စားတော်မူ၏။ ထိုသမာပတ်၏ အာနုဘော်ကြောင့် လူနတ်ဗြဟ္မာ သတ္တဝါတို့ သိကြစေခြင်းငှာ မဟာပထဝီမြေကြီးသည် ပြင်းစွာ မြည်ဟည်းလျက် တုန်လှုပ်ခြင်းကို ပြုသတည်း။

ယင်းသို့ မဟာပထဝီမြေကြီး တုန်လှုပ်လေသောအခါ၌ အရှင်အာနန္ဒာသည် ဗုဒ္ဓထံပါးသို့ ချဉ်းကပ်၍ အရှင်ဘုရား မဟာပထဝီမြေကြီးသည် ပြင်းစွာ တုန်လှုပ်ပါသည်။ အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်းဟု မေးလျှောက်လေ၏။ ထိုအခါ ဗုဒ္ဓက ချစ်သား အာနန္ဒာ၊ ငါဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရဦးအစ

http://www.dhammadownload.com



အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူစဉ်အခါဝယ် ယုတ်မာစွာသော မာရ်နတ်သည် ရောက်လာ၍ အရှင်ဘုရား ပရိနိဗ္ဗာန်ပြုတော်မူပါဟု တောင်းပန်ခဲ့ဖူးသည်။ ထိုအခါ ငါဘုရားက အချင်းမာရ်နတ်၊ ငါကား သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ကာလပတ်လုံး ပါရမီတော်ကို ဖြည့်ဆည်း၍ မြတ်သော ဗုဒ္ဓအဖြစ်ကို ရတော်မူခဲ့သည်။ ယခု ဗုဒ္ဓစင်စစ်ဖြစ်တော်မူသောအခါ တစ်စုံတစ်ယောက်သော သူကိုမျှ ငါသိအပ်သော တရားအမှန်ကို ဟောကြား၍ မဆုံးမ မသင်ပြရသေး။ ခပ်သိမ်းသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့အား ငရဲဘေးမှ ပိတ်ပင်လျက် နတ်ရွာနိဗ္ဗာန်ဝင်ရန် တရား မဟောကြားရသေး၊ ငါဘုရား၏ သာသနာတော်သည် ပြန့်ပွားခြင်း မရှိသေးဟု ဆို၍ ပယ်တော်မူခဲ့သည်။

ချစ်သား အာနန္ဒာ... ယခု ငါဘုရားသည် စာပါလစေတီအနီး သစ်ပင်ရိပ်ကြီး၌ နေတော်မူခိုက် မာရ်နတ် တစ်ဖန် ရောက်လာပြန်၍ အရှင်ဘုရား၊ ပရိနိဗ္ဗာန်ပြုတော်မူရန် သင့်တော်ပါပြီဟု လျှောက်ထားလေသည်။ ထိုသို့လျှောက်ထား၍ ငါဘုရားလည်း ဟယ် မာရ်နတ်ယုတ်၊ သင် မကြောင့်ကြနှင့်၊ ဤလမှ နောက်သုံးလမြောက်သော် ငါဘုရား ပရိနိဗ္ဗာန် ပြုတော့မည်သာတည်းဟု ဆို၍ အာယုသင်္ခါရကို လွှတ်တော်မူလိုက်ပေပြီ။ ဤအကြောင်းကြောင့် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် ကြောက်မက်ဖွယ်ရာ ပြင်းစွာ တုန်လှုပ်ခြင်းပြုသတည်းဟု မိန့်တော်မူ၏။

ထိုသို့ မိန့်တော်မူသော် အရှင်အာနန္ဒာသည် လက်စုံမိုး၍ ရှိခိုးပြီးလျှင် ဘုန်းတော်ကြီးသော အရှင်ဘုရား၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွား အလို့ငှာ ပါရမီတော်အပေါင်းကို ဖြည့်ဆည်းခဲ့ပါလျက် လျင်စွာ ပရိနိဗ္ဗာန်ပြုတော် မမူပါလင့်၊ အာယုကပ်ပတ်လုံး တည်တော်မူပါ ဘုရားဟု တောင်းပန်တော်မူ၏။

ဗုဒ္ဓလည်း ချစ်သား အာနန္ဒာ... ငါဘုရားသည် သက်တော်သုံးဆယ့်ငါးနှစ်၌ ဘုရားဖြစ်တော်မူကာ လူသုံးပါးတို့၏ အကျိုးစီးပွားအလို့ငှာ ငါသိအပ်သော တရားအမှန်ကို ညွှန်ပြလျက် ဆင်းရဲခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ပြတော်မူခဲ့ပြီ၊ ယခု ငါဘုရား၏ သာသနာတော်သည်လည်း စကြာဝဠာအနှံ့ ပြန့်ဖြူး

http://www.dhammadownload.com



စည်ပင်ခြင်းအဖြစ်သို့ ရောက်ခဲ့ပြီ၊ နောင်ကာလအဖို့၌ သတ္တဝါတို့ အကျိုးစီးပွား များစေခြင်းငှာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်းဟူသော သာသနာတော်ကို ထားအပ်ခဲ့ပြီ၊ ချစ်သား အာနန္ဒာ၊ ငါဘုရားသည် စာပါလစေတီအနီး၌ နေတော်မူစဉ်အခါက အရိပ်အမြွက်စကား ပြောကြားခဲ့ပါလျက် အရှင်ဘုရား အာယုကပ်ပတ်လုံး တည်တော်မူပါဟု ငါဘုရားအား သင် မတောင်းပန်ခဲ့လေ။ အကယ်၍ တောင်းပန်ခဲ့သည် ရှိသော် ငါဘုရားသည် နှစ်ကြိမ်သာ ပယ်ရာ၏။ သုံးကြိမ်မြောက် မပယ်ရာ၊ လိုက်နာသည်သာ ဖြစ်လတ္တံ့။ ယခုအခါ၌ သင်၏ တောင်းပန်ခြင်းကား အခွင့်မဟုတ်ပြီဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း ကြီးစွာသော သံဝေဂ ဖြစ်တော်မူ၏။

ထို့နောက် ဗုဒ္ဓလည်း မဟာဝနကူဋာဂါရသို့ ကြွတော်မူ၍ ချစ်သား အာနန္ဒာ၊ ဤဝေသာလီ ပြည်ကြီးကို မှီ၍ နေကုန်သော ရဟန်းအပေါင်းတို့ကို တညီတညွတ်တည်း စည်းဝေးကြစေ ဟု မိန့်တော်၏။

ရဟန်းတို့ စည်းဝေးမိကြသော် ဗုဒ္ဓလည်း ခင်းအပ်သော နေရာ၌ နေတော်မူ၍ ချစ်သားရဟန်းတို့... ငါဘုရားသည် သင်တို့၏ အကျိုးစီးပွားအလို့ငှာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း တည်းဟူသော သာသနာတော်ကို ကောင်းစွာ ထားအပ်ပြီ။ ထိုတရားတို့ကို သင်တို့သည် မြဲမြံစွာ သင်ကြား၍ အဖန်တလဲလဲ ပွားများကြလေကုန်၊ ဤသို့ ပွားများကြကုန်သော် ငါဘုရား၏ သာသနာတော်သည် ရှည်မြင့်စွာ ထွန်းပ၍ နောင်ကာလ အစဉ်အဆက်၌ လူနတ်တို့၏ အကျိုးစီးပွားများခြင်းငှာ ဖြစ်ရာ၏။ ငါဘုရားသည် ထိုတရားအပေါင်းတို့ကိုပင် သင်တို့အား အထူးထူးသော ပရိယာယ်အားဖြင့် ဟောကြားပြသဆုံးမတော်မူခဲ့ပြီ။ သင်တို့သည် ကောင်းစွာ နှလုံးသွင်း၍ ဖြစ်ကုန်ပျက်ကုန်သော သဘောအမှန်ကို ရှုကြကုန်၊ ငါဘုရားသည် ဤနေ့မှ နောက်သုံးလ လွန်မြောက်သော် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့ ဟု မိန့်တော် မူ၏။

ဗုဒ္ဓလည်း အစဉ်အတိုင်း ကြွတော်မူသော် ပါဝါပြည်သို့ရောက်တော်မူ၍ ရွှေပန်းထိမ်သည်တစ်ဦး၏ သားဖြစ်သော စုန္ဒ အမည်ရှိ ဒါယကာတစ်ဦး ဆောက်လုပ်၍ လှူအပ်သော ကျောင်းတော်သို့ဝင်၍ သီတင်းသုံးတော်မူ၏။ စုန္ဒဒါယကာ

http://www.dhammadownload.com



ကား ရှေးကာလ ဘုရားကြွတော်မူစဉ် တရားတော်၌ သိမြင်ခဲ့လေသဖြင့် အလွန် မြတ်နိုးလှသော စေတနာဖြင့် ကျောင်းတော်သို့ လာရောက်ကာ ဗုဒ္ဓအား နက်ဖြန် နံနက် ဆွမ်းအလှူခံ ကြွတော်မူပါဟု ပင့်ဖိတ်လေ၏။

နက်ဖြန်နံနက်၌ ဗုဒ္ဓသည် သံဃာတော်အပေါင်း ခြံရံလျက် စုန္ဒ ဒါယကာ၏ အိမ်သို့ ဆွမ်းအလှူခံ ကြွတော်မူရာ စုန္ဒဒါယကာလည်း ဗုဒ္ဓအား ထူးမြတ်သော သားပြွမ်းဆွမ်းဖြင့် ဆက်ကပ် လှူဒါန်းလေ၏။ ဆွမ်းလှူခြင်းကိစ္စ ပြီးသောအခါ တရားဒေသနာ ဟောကြားတော်မူပြီးလျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

ကျောင်းတော်သို့ရောက်၍ မကြာမီ ဗုဒ္ဓကိုယ်တော်ဝယ် သွေးသွန်သော ဝေဒနာသည် သည်းထန်စွာ ဖြစ်ပေါ်ခဲ့လေ၏။ ဗုဒ္ဓလည်း ကပ်ရောက်လာသော ဝေဒနာတော်၌ သည်းခံတော်မူ၍ အရှင်အာနန္ဒာအား ခေါ်ပြီးလျှင် ချစ်သားအာနန္ဒာ၊ ဤပါဝါပြည်၌ နေ၍ မသင့်သေး၊ ကုသိနာရုံပြည်သို့ သွားကြကုန်အံ့ ဟု မိန့်တော် မူပြီးလျှင် သံဃာတော်အပေါင်းခြံရံလျက် ကုသိနာရုံပြည်သို့ ကြွတော်မူ၏။

ထိုသို့ ကြွတော်မူ၍ ခရီးတစ်ယူဇနာခန့် ရောက်သော် ဗုဒ္ဓလည်း ခေတ္တ နားနေတော်မူ၍ ချစ်သား အာနန္ဒာ…ငါဘုရား ရေဆာတော်မူသည်၊ ရေကြည်တော် ကပ်ပါ ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာလည်း ရေကြည်တော်ကပ်ရန် ဂင်္ဂါမြစ် သို့ ထွက်တော်မူခဲ့လေ၏။

ထိုအခါ၌ ဂင်္ဂါမြစ်ရေအလျဉ်မှာ မလ္လာမင်းတို့၏ လှည်းငါးရာဖြင့် ဖြတ်ကူး သွားသဖြင့် နွံနစ်များထကာ နောက်ကျူနေ၍ အရှင်အာနန္ဒာလည်း ရေကို မဆောင် ခဲ့ဘဲ အရှင်ဘုရား ရေကြည်တော် မတွေ့၍ မခပ်ခဲ့ရပါ၊ ရှေ့နားတွင် ကကုဓာမြစ် ရှိပါသည်၊ ထိုမြစ်၌ ရေကြည်တော်ခပ်၍ ဆက်ပါမည်ဘုရားဟု လျှောက်ထား တော်မူ၏။

ဗုဒ္ဓလည်း ရေငတ်မွတ်ခြင်း ပြင်းစွာဖြင့် ချစ်သား အာနန္ဒာ… ယခုပင် ရေကြည်တော်ကို ရှာ၍ ကပ်လှည့်ပါလော့ဟု မိန့်တော်မူပြန်သဖြင့် အရှင်အာနန္ဒာ သည် ဂင်္ဂါမြစ်သို့ တစ်ဖန်ထွက်တော်မူခဲ့ရာ ဗုဒ္ဓ၏ တန်ခိုးတော်ကြောင့် နွံနစ်များ ဖြင့် နောက်နေသည့် ရေအလျဉ်မှာ ပကတိ သန့်စင်ကြည်အေးနေသဖြင့် ရေကြည် တော် ခပ်ယူပြီးလျှင် ဗုဒ္ဓအား ဆက်ကပ်တော်မူ၏။

http://www.dhammadownload.com



ထိုအခိုက် အာဠာရ ရသေ့၏ တပည့်ဖြစ်သော မလ္လာမင်းသား ပုက္ကုသသည် ဗုဒ္ဓထံပါးသို့ ချဉ်းကပ်လာပြီးလျှင် ရွှေအဆင်းနှင့်တူသော နူးညံ့ ညက်ညောလှသည့် ပုဆိုးနှစ်စုံကို ဆက်ကပ် လှူဒါန်းလေ၏။ ဗုဒ္ဓလည်း အချင်း ပုက္ကုသ... ပုဆိုးတစ်စုံကို အာနန္ဒာအား လှူလော့ ဟု မိန့်တော်မူ၍ တစ်စုံကိုသာ ခံတော်မူ၏။ ထို့နောက် ဗုဒ္ဓလည်း ပုက္ကုသအား တရားဒေသနာကို ဟောကြားတော်မူ၏။ ပုက္ကုသမင်းသား ထွက်သွား၍ မကြာမီ အရှင်အာနန္ဒာသည် ရွှေအဆင်းနှင့်တူသော ထိုပုဆိုးကို ဗုဒ္ဓအား ကပ်လှူသဖြင့် ဗုဒ္ဓလည်း တစ်ထည်ကို ဝတ်၍ တစ်ထည်ကို ရုံတော်မူ၏။

ယင်းသို့ ဝတ်ရုံတော်မူလျှင် ဗုဒ္ဓ၏ အဆင်းတော်သည် အခါတစ်ပါးနှင့်မတူ၊ ပျံ့မြူးအပ်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်ခြင်း အထွတ်အထိပ်သို့ ရောက်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာက ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အရှင်ဘုရား၏ အဆင်းတော်သည် အခါတစ်ပါးနှင့် မတူ၊ မဖြစ်ဖူးမြဲ ထူးကဲ တင့်တယ်လှပါသည်၊ ပျံ့မြူးအပ်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ဖူးမြင်၍ မငြီးနိုင်တော့ပါဘုရားဟု လျှောက်ထားတော်မူသော် ဗုဒ္ဓလည်း ချစ်သား အာနန္ဒာ... ထွန်းကာစဖြစ်သော မီးစသည် လည်းကောင်း၊ ငြိမ်းခါစဖြစ်သော ဆီမီးသည် လည်းကောင်း ကြီးစွာသောအလျှံဖြင့် ထွန်းပဘိသကဲ့သို့ ငါဘုရား၏ ကိုယ်တော်သည်လည်း သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရ၍ ဗုဒ္ဓဖြစ်စအခါ၌ လည်းကောင်း၊ ပရိနိဗ္ဗာန် စံယူအံ့သောအခါ၌ လည်းကောင်း ဤအခါနှစ်ပါး၌ ထူးခြား၍ တင့်တယ်ခြင်း အသရေကို ဆောင်လေသတည်း။ ချစ်သား အာနန္ဒာ... ယနေ့ကုန်မြောက်၍ မိုးသောက်ယံ၌ ကုသိနာရုံပြည် အင်ကြင်းပင်စုံတို့ကြားဝယ် ငါဘုရား ပရိနိဗ္ဗာန် စံတော်မူလတ္တံ့ ဟု မိန့်တော်မူပြီးလျှင် ကကုဓာရေအလျဉ်ဝယ် ကိုယ်တော်တိုင် ဆင်း၍ ရေသပ္ပာယ်တော်မူ၏။

ထို့နောက် အရှင်အာနန္ဒာသည် ရေသနုတ်တော်ကို ညှစ်၍ ကျန်ရှိခဲ့စဉ် ဗုဒ္ဓလည်း အရှင်စုန္ဒအား ဒုကုဋ်တော်ကို ခင်းစေ၍ ခဏမျှ လျောင်းတော်မူ၏။ အရှင်အာနန္ဒာ ရောက်လာသောအခါ ဗုဒ္ဓသည် အပါးတော်သို့ ခေါ်တော်မူ၍ ချစ်သား အာနန္ဒာ၊ ယခု ငါဘုရားသည် အားအင်ကုန်ခန်း ပင်ပန်းတော် မူသော်

http://www.dhammadownload.com



လည်း ဤခရီး၌ ကြွသွားတော်မူနိုင်သည်။ စုန္ဒဒါယကာ ဆက်ကပ်လိုက်သော ဆွမ်း၏ အကျိုးကား ထူးမြတ်လှပေသည်။ ဘုရားဖြစ်အံ့သောနေ့၌ လှူရသော သုဇာတာ၏ ဃနာနို့ဆွမ်းသည်လည်းကောင်း၊ ပရိနိဗ္ဗာန်စံအံ့သောနေ့၌ ကပ်လှူရသော စုန္ဒဒါယကာ၏ သားပြွမ်းဆွမ်းသည် လည်းကောင်း၊ ဤဆွမ်းနှစ်ပါးတို့သည် အခြားကာလ၌ လှူရသော ဆွမ်းတို့ထက် လွန်ကဲထူးမြတ်သော အကျိုးရှိ၏ဟု မိန့်တော်မူ၏။

ထို့နောက် ဗုဒ္ဓလည်း ဟိရညဝတီမြစ်၏ တစ်ဖက်ကမ်းသို့ ဖြတ်၍ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်မူ၏။ ထိုသို့ကြွတော်မူရာ ကိုယ်တော်၏ အားသည် လျော့ပါးလေရကား ရှေ့ယိမ်း နောက်ယိမ်းဖြင့် ကတိမ်းကပါးရှိတော်မူရလေကား အရှင်အာနန္ဒာနှင့် အရှင်စုန္ဒနှစ်ပါးတို့က ဗုဒ္ဓကိုယ်တော်အား လက်ယာလက်ဝဲမှ တွဲမ၍ ထူတော်မူရ၏။

ယင်းသို့ နေ နားကာ ကြွတော်မူသော် ကုသိနာရုံပြည်၏ အနီး မလ္လာမင်းတို့ ပျော်ပါးရာ အရပ်ဖြစ်သော အင်ကြင်းဥယျာဉ်တော်သို့ ဝင်တော်မူ၏။ ဗုဒ္ဓလည်း မလ္လာမင်းတို့ ပျော်ခင်းအလို့ငှာ စီမံထားသော သလွန်တော်ကို ညွှန်ပြ၍ ချစ်သား အာနန္ဒာ... ဤညောင်စောင်းကို ယူ၍ အင်ကြင်းပင်စုံကြားဝယ် မြောက်သို့ ဦးခေါင်းထားလျက် ခင်းလော့ ဟု မိန့်တော်မူ၏။

ဗုဒ္ဓလည်း ညောင်စောင်းထက်တွင် မြောက်သို့ ဦးခေါင်းပြုလျက် လက်ယာနံတောင်းဖြင့် ဖြည်းညင်းစွာ လျောင်းတော်မူသောအခါ အင်ကြင်းပင်စုံတို့သည် အဖူးသစ် အပွင့်သစ်တို့ ဖြစ်ပေါ်ကာ ဝတ်ဆံဝတ်မှုန်တို့ဖြင့် ဗုဒ္ဓကိုယ်တော်ထက်၌ ကြွေသက်ကြလေ၏။

အင်ကြင်းဥယျာဉ်တွင်းရှိ အလုံးစုံသော ပန်းသစ်ပင်တို့သည် လည်းကောင်း၊ တစ်သောင်းသော စကြာဝဠာတိုက်အတွင်းရှိ အလုံးစုံသော ပန်းသစ်ပင်တို့သည် လည်းကောင်း အချိန်အခါ မဟုတ်ဘဲ အဖူးအပွင့်တို့ ဖြစ်ပေါ်ပြီးလျှင် ဗုဒ္ဓအား ရည်မှန်းလျက် ဝတ်ဆံဝတ်မှုန်တို့ဖြင့် ကြဲဖြန်းပူဇော်ကြလေ၏။

မြေ၌တည်သော နတ်တို့သည် လည်းကောင်း၊ အထက်ဘုံ၌ တည်သော နတ်တို့သည်လည်းကောင်း၊ စောင်းငြင်း ပတ်သာ တူရိယာတို့ဖြင့် တီးမှုတ်ကာ ပူဇော်လာကြလေ၏။ နတ်တို့သာလျှင် ပူဇော်လာကြသည် မဟုတ်သေး၊ မြင့်မိုရ်

http://www.dhammadownload.com



တောင်ခြေ၌နေသော နဂါး၊ ဂဠုန်၊ ကုမ္ဘာန်များစွာ အသူရာတို့သည်လည်းကောင်း ထူးမြတ်သော နံ့သာပန်းတို့ဖြင့်လည်းကောင်း၊ ရတနာပေါက်ပေါက်တို့ဖြင့် လည်းကောင်း ချီးမြှောက်ကာ ပူဇော်လာကြလေ၏။

ထိုသို့ ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ နတ်များစွာတို့ ပူဇော်ကြသည်ကို မြင်သော် ဗုဒ္ဓလည်း အရှင်အာနန္ဒာအား ခေါ်တော်မူ၍ ချစ်သား အာနန္ဒာ... ဤစကြာဝဠာတိုက်အတွင်းရှိ ပန်းသစ်ပင် အပေါင်းနှင့်တကွ များစွာသော နတ်ဗြဟ္မာတို့သည် အထူးထူးသော ပူဇော်သက္ကာရဖြင့် ငါဘုရားအား ပူဇော်ကြလေပြီ။ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအား ပူဇော်သည် မမည်သေး၊ လောကုတ္တရာ တရား အားလျော်သော အမှုကို ပြုသည်မဟုတ်သေး။

ချစ်သား အာနန္ဒာ...အကြင် လူယောကျ်ား လူ မိန်းမတို့သည် လည်းကောင်း၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် လည်းကောင်း၊ ငါဘုရား ပညတ်တော်မူအပ်သော ဝါရိတ္တ သီလ၊ စာရိတ္တ သီလဟူသော သီလတို့ကို ရိုသေစွာ ကျင့်ဆောင်ကုန်၏။ ထိုသူသာလျှင် ငါဘုရားကို ရိုသေလေးမြတ်သည် မည်၏။

ထို့ကြောင့် ငါဘုရား၏ သာသနာ၌ ချမ်းသာခြင်းကို အလိုရှိကုန်သော လူယောကျ်ား၊ လူမိန်းမ၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် ဤဆိုခဲ့သော ကျင့်ဝတ် ပဋိပတ်ကိုသာ ရိုသေစွာ ကျင့်သုံးကြရာ၏ ဟု မိန့်တော်မူ၏။

ထို့နောက် အရှင်အာနန္ဒာက အရှင်ဘုရား... ကိုယ်တော်မြတ် နိဗ္ဗာန်လားခဲ့သော် အလောင်းတော်ကို အဘယ်သို့ ပြုရအံ့နည်းဟု မေးလျှောက်သော် ဗုဒ္ဓလည်း ချစ်သား အာနန္ဒာ၊ ငါဘုရား၏ အလောင်းတော်ကို စကြာဝတေးမင်း၏ အလောင်းကို သဂြိုဟ်သကဲ့သို့ ပညာရှိသော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုးတို့ မီးသဂြိုဟ်၍ ပူဇော်ကြလတ္တံ့၊ ငါဘုရား၏ ဓာတ်တော်အပေါင်းကိုလည်း သတ္တဝါတို့ အကျိုးစီးပွားအလို့ငှာ စေတီတည်ထား၍ ပူဇော်ကြလတ္တံ့ ဟု မိန့်တော်မူ၏။

ထို့နောက် အရှင်အာနန္ဒာလည်း ကုသိနာရုံပြည်သို့ဝင်၍ မလ္လာမင်းတို့အား ဗုဒ္ဓ ပရိနိဗ္ဗာန်စံယူတော့မည့်အကြောင်းကို ပြောကြားတော်မူ၏။ မလ္လာမင်းတို့လည်း အဆွေအမျိုး အားလုံးကုန် စုရုံးလာကြပြီးလျှင် သောင်းသောင်းညံမျှ ငိုကြွေးကြလျက် ဗုဒ္ဓအား ရှိခိုးပူဇော်ကြလေ၏။

http://www.dhammadownload.com



ထိုအခိုက် သုဘဒ် အမည်ရှိသော ပရိဗိုဇ်ရဟန်းသည် ကုသိန္နာရုံပြည်မှ ရောက်လာ၍ ဗုဒ္ဓအား ဖူးတွေ့လိုကြောင်း အရှင်အာနန္ဒာထံ ခွင့်တောင်း၏။ အရှင်အာနန္ဒာလည်း ထို သုဘဒ်ရဟန်းအား ဗုဒ္ဓထံ ဖူးမြော်ရန် ဝင်ခွင့်မပေးသဖြင့် ဗုဒ္ဓ သိတော်မူသော် ချစ်သား အာနန္ဒာ၊ ငါဘုရားအား ဖူးမြင်၍ တရားအမှန်ကို သိလိုခြင်းကြောင့် ရောက်လာသော ဤသုဘဒ် ရဟန်းအား ငါဘုရား ရှေ့တော်သို့ ဝင်ခဲ့ပါစေ။ ဤရဟန်းကား ယနေ့ညဉ့် ငါဘုရား၏ တရားအမှန်ကို သိမြင်၍ ရဟန္တာစင်စစ် ဖြစ်မည့်သူတည်းဟု မိန့်တော်မူ၏။

သုဘဒ် ရဟန်းလည်း ဗုဒ္ဓ၏ ရှေ့တော်၌ တရားအမှန်ကို သိမြင်ပြီးလျှင် မိုးမသောက်မီ ရဟန္တာစင်စစ် ဖြစ်ခဲ့လေသတည်း။ ယင်းသို့ သုဘဒ် ပရိဗိုဇ်အား တရားပြပြီးသော် အရှင်အာနန္ဒာအား ခေါ်တော်မူ၍ ချစ်သား အာနန္ဒာ... ငါ၏ သာဝကများ ဖြစ်သော သံဃာတော်အများတို့သည် ငါဘုရား လွန်ပြီမရှိဟု ထင်မှတ်ကြလိမ့်မည်။ ယင်းသို့ မမှတ်အံ့။ ငါဘုရားသည် အကြင် သုတ် အဘိဓမ္မာကိုလည်း ဟောကြားအပ်ပြီ၊ ဝိနည်းတရားတော်ကိုလည်း ပညတ်အပ်ပြီ၊ ထိုအလုံးစုံသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတို့သည် ငါဘုရား လွန်သဖြင့် သင်တို့၏ ဆရာဖြစ်လတ္တံ့၊ ထို့ကြောင့် ငါဘုရား အစဉ်အမြဲရှိသည်ဟု မှတ်အပ်၏။

ထိုနောက်မှ ရဟန်းအများကို ခေါ်တော်မူ၍ ချစ်သားရဟန်းတို့... အကြင်ပုဂ္ဂိုလ်သည် ဘုရား တရား သံဃာ၌လည်းကောင်း၊ မဂ်တရား ဖိုလ်တရား၌လည်းကောင်း၊ ကျင့်ဝတ် ပဋိပတ်၌လည်းကောင်း၊ ယုံမှားတွေးတောခြင်း ရှိအံ့။ ယခု ငါဘုရား ကိုယ်တော်တိုင် ရှိခိုက် မေးလျှောက်ကြကုန် ဟု မိန့်တော်မူသောအခါ တစ်ပါးသော ပုဂ္ဂိုလ်မှ မမေးမလျှောက်ကြ။ ဆိတ်ဆိတ်သာ နေကြသည်တွင် အရှင်အာနန္ဒာလည်း ဗုဒ္ဓအား ရှိခိုး၍ အရှင်ဘုရား၊ သာသနာတော်၌ တစ်စုံတစ်ယောက်သောသူမျှ ယုံမှားခြင်း မရှိပါပြီဟု လျှောက်ကြားသော် ဗုဒ္ဓလည်း ချစ်သားရဟန်းများတို့၊ ငါဘုရားသည် အကျဉ်းအားဖြင့် မှာထားတော်မူခဲ့အံ့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ကြောင့် ဖြစ်ပေါ်လာသော သင်္ခါရတရားသည် ပျက်စီးတတ်ခြင်း သဘောရှိကုန်၏။ သင်တို့သည် မမေ့မလျော့ မပေါ့မလစ်စေဘဲ သတိတရားနှင့် ပြည့်စုံကုန်ကြလော့ ဟု နောက်ဆုံး မိန့်မှာတော်မူပြီးလျှင် အစဉ်အတိုင်းသော ဈာန်သမာပတ်ကို ဝင်စားတော်မူ၏။

http://www.dhammadownload.com



ဤသို့ဖြင့် သက်တော်သုံးဆယ့်ငါး တွင် ဘုရားဖြစ်တော်မူ၍ လေးဆယ့်ငါးဝါမျှ ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါတို့ အကျိုးငှာ မြတ်သော တရားကို ဟောကြားလျက် ပွားစီးအပ်သော သာသနာတော်ကို ထားရှိတော်မူခဲ့သော သုံးလူတို့၏ အဖ မြတ်သော ဗုဒ္ဓသည် သက်တော်ရှစ်ဆယ် ပြည့်တော်မူ၍ သက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ ညဦးယံဝယ် မလ္လာမင်းတို့အား တရားညွှန်ပြတော်မူ၍ သန်းခေါင်ယံ၌ သုဘဒ် ပရိဗိုဇ် ကို ဆုံးမတော်မူလျက် မိုးသောက်ယံဝယ် ရဟန်းသံဃာတို့အား များစွာ ဆုံးမတော်မူပြီးလျှင် အရဏ်တက်နီး လင်းအားကြီး အယံ ပရိနိဗ္ဗာန် စံဝင်တော်မူ၏။

နိဗ္ဗာန်ခွင်သို့ စံတော်မူသည်နှင့် တစ်ပြိုင်နက် နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ကြောက်မက်ဖွယ်သော အခြင်းအရာကို ဖြစ်စေလျက် သွက်သွက်ခါမျှ မြည်ဟည်းတုန်လှုပ်သတည်း။

တော်ပုံတင်လဲ၍ မဖြစ်ဖူးမြဲ လွန်ကဲသော အတိတ်နိမိတ်တို့ဖြင့် ဖြစ်ပေါ်ကုန်ကြသတည်း။

ထိုအခါ ရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း၊ သဟံပတိဗြဟ္မာကြီးနှင့် သိကြားမင်းတို့သည်လည်းကောင်း ဂါထာတို့ကို ရွတ်ဆိုလျက် စကြာဝဠာအနှံ့ ကြားသိစေရန် ကြွေးကြော်ကြကုန်၏။

နတ်အပေါင်းတို့ကား ငိုကြွေးမြည်တမ်းကြကာ အလောင်းတော်မြတ်အား ပူဇော်ကြကုန်၏။

နံနက်မိုးသောက်သောအခါ အရှင်အာနန္ဒာသည် ကုသိနာရုံပြည်သို့ သွား၍ မလ္လာမင်းတို့အား အကြောင်းကို ကြားတော်မူ၏။ မလ္လာမင်းတို့သည် အလောင်းတော် ရှိရာသို့ ငိုကြွေးလျက် ရောက်လာကြပြီးလျှင် ပန်းနံ့သာတို့ဖြင့် ကြဲဖြန်း၍ ကြီးကျယ်ခမ်းနားသော မဏ္ဍပ်တို့ကို စီမံပြီးလျှင် အတီးအမှုတ် အကအခုန်တို့ဖြင့် နေ့ညမစဲ အလောင်းတော်ပူဇော်ပွဲ ကျင်းပကြလေ၏။

ထိုသို့ပူဇော်၍ ခုနစ်ရက်မြောက်သောအခါ အလောင်းတော်ကို စကြာဝတေးမင်းတို့အား သင်္ဂြိုဟ်သကဲ့သို့ တစ်ထောင်မျှသော ပုဆိုး၊ ဂွမ်းနုတို့ဖြင့် ရစ်ပတ်ပြီးလျှင် ရွှေကျင်း၌ချကာ ဆီလောင်း၍ ရတနာအစုတို့ဖြင့် မွမ်းမံထားသော

http://www.dhammadownload.com





**ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံတော်မူခြင်း**

စန္ဒကူးထင်းပုံထက်သို့ တင်၍ မီးပူဇော်ကြလေ၏။ ထိုသို့ မီးပူဇော်ကြသော်လည်း အလောင်းတော်ကို မီးမစွဲနိုင်သဖြင့် မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါထံ ကပ်ပြီးလျှင် အရှင်ဘုရား ဗုဒ္ဓ၏ အလောင်းတော်ကို မီးပူဇော်ကြသော်လည်း မီးမစွဲနိုင်ပါ၊ အဘယ်အကြောင်း ရှိသည်ကို သိပါရစေဟု ပန်ကြားလေသော် အရှင်အနုရုဒ္ဓါက ဒကာတော်တို့ ဗုဒ္ဓ၏ တတိယ အဂ္ဂသာဝကကြီး ဖြစ်တော်မူသော အရှင်မဟာကဿပသည် ရဟန်းငါးရာနှင့်တကွ ယခုကြွလာလျက် ရှိနေပြီ။ နတ်တို့သည် အရှင်မဟာကဿပကြီး ကြွရောက်လာမှ အလောင်းတော်မြတ် မီးစွဲစေသတည်းဟု ဓိဋ္ဌာန်ကြခြင်းကြောင့် မီးမစွဲနိုင်ခြင်း ဖြစ်သည်ဟု မိန့်တော်မူ၏။

အရှင်မဟာကဿပကြီး ကြွရောက်လာ၍ အလောင်းတော်မြတ်အား ကန်တော့ ပူဇော်ပြီးသောအခါ အလောင်းတော်ရှိရာ စန္ဒကူးထင်းပုံသည် တစ်စုံတစ်ယောက်သောသူမျှ မီးမညှိရဘဲ အလိုအလျောက်ပင် လောင်ကျွမ်းတော်မူသတည်း။ ကိုယ်တော်အားလုံး မီးကျွမ်းပြီးနောက် နတ်တို့သည် ကောင်းကင်မှနေ၍ ရေအလျဉ်ကို လွှတ်ကာ မီးကို ငြိမ်းသတ်ကြကုန်၏။

မီးငြိမ်းသောခါ ကိုယ်တော်၏ အသားတော်၊ အရေတော်၊ အရိုးတော်တို့သည် လူသုံးပါးတို့၏ အကျိုးစီးပွားအလို့ငှာ ဓိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း တပေါင်း

http://www.dhammadownload.com



တစုတည်းမထင်ဘဲ ပုလဲငွေဥအသွင်ကဲ့သို့ တစ်မျိုး၊ ရွှေစင်ကဲ့သို့ တစ်သွယ်၊ ချရားစေ့အဆင်းကဲ့သို့ တစ်ဖုံ ဓာတ်တော်တို့သည် ရှစ်စိတ်ပမာဏမျှ တည်ရှိကြ၏။

စွယ်တော်လေးဆူ၊ ညှပ်ရိုးတော် နှစ်ဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူဟူ၍ ခုနစ်ဆူသော ဓာတ်တော်တို့သာလျှင် မကွဲမပြားပကတိအတိုင်း တည်ရှိတော်မူ၏။

မလ္လာမင်းတို့လည်း ထိုကြွင်းကျန်ရစ်သော ဗုဒ္ဓ၏ ဓာတ်တော်အပေါင်းကို ယူ၍ ရွှေအိုး၌ ထည့်ပြီးလျှင် ပန်းနံ့သာတို့ ဆွတ်ဖျန်းလျက် သချိုင်းတော်ရှိ စရပ်သို့ ပင့်ဆောင်ပြီးလျှင် ထူးမြတ်သော ရတနာပလ္လင်ထက်၌ တင်ကာ အထူးထူးသော ပူဇော်ခြင်းကို ပြုကြကုန်၏။ ထို့နောက် ဓာတ်တော်မြတ်ကို ရတနာပန်းတောင်း၌ ထည့်၍ ဆင်ပြောင်ရတနာ၏ ကျောထက်၌ တင်ပြီးလျှင် ထီးဖြူတော် အုပ်မိုးလျက် လက်ဝဲလက်ယာ နောက်မျက်နှာတို့၌ ဆင်တစ်တပ်၊ မြင်းတစ်တပ်၊ ရထားတစ်တပ်၊ လက်နက်ကိုင် သူရဲကောင်း တစ်တပ်တို့ဖြင့် အထပ်ထပ် ဝန်းရံစေကာ မြို့တွင်းသို့ လှည့်လည်ပြီးလျှင် ခုနစ်ရက်မျှ ဓာတ်တော်ပူဇော်ပွဲ ကျင်းပကြကုန်၏။ ထိုဓာတ်တော်ပူဇော်ပွဲသို့ နတ်သိကြားများ လာရောက်၍ အထူးကြပ်မတ်စောင့်ရှောက်ကြလေ၏။

ထိုသို့ ဓာတ်တော်ပူဇော်ပွဲ ကျင်းပကြသည့်အခိုက် ရာဇဂြိုဟ်ပြည်မှ အဇာတသတ် မင်းသည် လည်းကောင်း၊ ဝေသာလီပြည်မှ လိစ္ဆဝီမင်းတို့သည် လည်းကောင်း၊ အလ္လကပ္ပပြည်မှ ဗလအမည်ရှိ မင်းတို့သည် လည်းကောင်း၊ ရာမရွာရှိ ကောလိယမင်းတို့သည် လည်းကောင်း၊ ဝေဋ္ဌဒီပတိုင်းရှိ ပုဏ္ဏားတို့သည် လည်းကောင်း၊ ပိပ္ပလိဝန၌ ရှိသော မောရိယမင်းတို့သည်လည်းကောင်း ကုသိနာရုံပြည် မလ္လာမင်း တို့ထံသို့ ဓာတ်တော်မြတ်တို့ကို ရလိုသည့်အကြောင်း တောင်းခံလာကြလေ၏။ အဇာတသတ်မင်း အစရှိသော မင်းအချို့ကမူ ဓာတ်တော်မြတ်တို့ကို မရပါက စစ်အင်အားဖြင့် တိုက်ခိုက်၍ ယူအံ့ဟု မလ္လာမင်းတို့ထံ စစ်ချီတက်ခဲ့ကြလေ၏။

ထိုသို့သော အခြင်းအရာကို သိရှိသော မင်းတကာတို့၏ ဆရာဖြစ်သည့် ဒေါနပုဏ္ဏားကြီးသည် မင်းအပေါင်းတို့အား ဗုဒ္ဓဟောကြားတော်မူခဲ့သော တရား

http://www.dhammadownload.com





ဒေါ်နပုဏ္ဏားကြီး ရှစ်ပြည်ထောင်မင်းတို့အား ဗုဒ္ဓဓာတ်တော်များ ဝေနေပုံ

တော်ကိုပင် ညွှန်ပြ၍ သင် မင်းမြတ်တို့…ငါတို့၏ ဗုဒ္ဓကား သည်းခံခြင်းတရားကို ဟောကြားတော်မူခဲ့သည်။ အဘယ့်ကြောင့် မညီမညွတ်ရှိရမည်နည်း။ သည်းခံခြင်း တရားဖြင့် ဓာတ်တော်တို့ကို အမျှပြု၍ ပူဇော်ကြပါလော့ ဟု ဆုံးမပြီးလျှင် ရှစ်ပြည်ထောင်သော မင်းတို့အား ဓာတ်တော်တို့ကို ရှစ်စိတ်ခွဲ၍ ဝေငှပေးလေသတည်း။

❂ ❂ ❂

နိဗ္ဗာန်စပြီ၊ ရှမအိသား၊
သင်္ဂီရွှေလော်၊ အလောင်းတော်ကို၊
ထိုရော်ကဆုန်၊ လဆုတ်ကြဲ၍
ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊
ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊
မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊
မီးပူဇော်သည်၊ မွေတော် ရှစ်စိတ် ကွဲင်းတယ်ကို။

နယည်

http://www.dhammadownload.com

## လေ့ကျင့်ခန်း (၁)

၁။ သုမေဓာ ရှင်ရသေ့သည် မည်သည့် ဗုဒ္ဓထံတော်၌ ဘုရားဖြစ်ရန် ဗျာဒိတ် ခံယူပါသနည်း။

၂။ ဗုဒ္ဓအလောင်းတော်သည် ဘဝများစွာ သံသရာ၌ ဘုရားဖြစ်ရန် ပါရမီ တော်တို့ကို ဖြည့်ဆည်းခဲ့ရာ နောက်ဆုံးဘဝ၌ တုသိတာနတ်ပြည်ဝယ် အဘယ်အမည်ဖြင့် နတ်သား ဖြစ်လာပါသနည်း။

၃။ အလောင်းတော်နတ်သားသည် နတ်ပြည်မှ စုတေခဲ့ပြီးနောက် မည်သူ၏ ဝမ်း၌ စွဲလမ်းသန္ဓေတည်ပါသနည်း။

## လေ့ကျင့်ခန်း (၂)

၁။ အလောင်းတော်မင်းသားကို ဘယ်အရပ်ဌာန၌ ဖွားမြင်တော်မူပါသနည်း။

၂။ အလောင်းတော်မင်းသားသည် မယ်တော်၏ ဝမ်းကြာတိုက်မှ ဖွားမြင် တော်မူသောအခါ အဘယ်သို့ ကြုံးဝါးတော်မူပါသနည်း။

၃။ အလောင်းတော်မင်းသားကို မည်သည့်အမည် မှည့်တော်မူပါသနည်း။

၄။ ခမည်းတော်မင်းကြီးသည် သားတော် ဘုရားလောင်းအား ဘယ်အခါ၌ နှစ်ကြိမ်မြောက် ရှိခိုးပါသနည်း။

## လေ့ကျင့်ခန်း (၃)

၁။ အလောင်းတော်မင်းသားသည် အဋ္ဌာရသ အတတ်ပညာတို့ကို သင်ယူ ရပါသလား။

http://www.dhammadownload.com



၂။ အလောင်းတော် မင်းသား တောထွက်တော်မူရန် မည်သူတို့က နိမိတ်ကြီး လေးပါး ပြလာပါသနည်း။

၃။ တောထွက်တော်မူခါနီး၌ ကဏ္ဍကမြင်းတော်ကို မည်သို့ မိန့်ကြားပါသနည်း။

၄။ အလောင်းတော်မင်းသား ရဟန်းပြုတော်မူရန် ပရိက္ခရာရှစ်ပါးနှင့် တကွသော ကြာသကၤန်းကို မည်သူလာ၍ ဆက်ကပ်ပါသနည်း။

## လေ့ကျင့်ခန်း (၄)

၁။ အဘယ်ကြောင့် ပဉ္စဝဂ္ဂီဟု ခေါ်ပါသနည်း၊ ပဉ္စဝဂ္ဂီတို့သည် မည်သူများ ဖြစ်ကြသနည်း။

၂။ အလောင်းတော်သည် ဒုက္ကရစရိယ မည်မျှကြာအောင် ကျင့်တော်မူပါသနည်း။

၃။ ဘုရားဖြစ်တော်မူသည့် ခုနှစ် သက္ကရာဇ်၊ လ၊ ရက်၊ နေ့တို့ကို စုံလင်စွာ ဖော်ပြပါ။

၄။ ဗုဒ္ဓသီတင်းသုံးတော်မူသည့် ခုနစ်ဌာနတို့၏ အမည်များကို ဖော်ပြပါ။

၅။ ဗုဒ္ဓကိုယ်တော်မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ဘယ်အခါ၌ စ၍ ပျံ့မြူးတော်မူပါသနည်း။

## လေ့ကျင့်ခန်း ( ၅ )

၁။ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာဟောကြားတော်မူသော ခုနှစ်၊ သက္ကရာဇ်၊ လ၊ နေ့၊ အချိန်တို့ကို စုံလင်စွာ ဖော်ပြပါ။

၂။ ဗုဒ္ဓထံ၌ ပထမဦးစွာ ပဉ္စသီလ ခံယူသောသူ၏ အမည်ကို ဖော်ပြပါ။

၃။ အဘယ့်ကြောင့် ငါးပါးသီလဟု ခေါ်ဆိုပါသနည်း။ ငါးပါးသီလမြဲခြင်း၏ အကျိုးအပြစ်တို့ကို ဖော်ပြပါ။

၄။ ဗုဒ္ဓ၏ လက်ယာရံ၊ လက်ဝဲရံ အဂ္ဂသာဝက နှစ်ပါး၏ ဘွဲ့အမည်တော်များကို ဖော်ပြပါ။

http://www.dhammadownload.com



၅။ ဗုဒ္ဓသည် သားတော် ရာဟုလာအား မည်သည့်အမွေတော် ပေးခဲ့ပါသနည်း။

၆။ ဗုဒ္ဓသည် ဘယ်အခါ၌ တန်ခိုးပြဋ္ဌိဟာ ပြတော်မူပါသနည်း။

## လေ့ကျင့်ခန်း ( ၆ )

၁။ ဗုဒ္ဓအား ပြစ်မှား၍ မြေမျိုခံရသော ရဟန်း၏ အမည်ကို ဖော်ပြပါ။

၂။ ဗုဒ္ဓအား ပြုဖွယ်ရှိသော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို အခါမလင့် ပြုစုလုပ်ကျွေးနေတော်မူသည့် ရဟန်း၏ အမည်ကို ဖော်ပြပါ။

၃။ ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုတော်မူရန် မည်သူလာ၍ တောင်းပန်ပါသနည်း။

၄။ ဗုဒ္ဓ၏ မျက်မှောက်တော်၌ နောက်ဆုံး ရဟန်းဖြစ်သူ၏ အမည်ကို ဖော်ပြပါ။

၅။ ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုတော်မူသည့် ခုနှစ်၊ သက္ကရာဇ်၊ လ၊ နေ့၊ အချိန်တို့ကို စုံလင်စွာ ဖော်ပြပါ။

၆။ ဓာတ်တော် မွေတော်တို့ မည်မျှကျန်၍ မည်သူတို့ ခွဲဝေယူကြပါသနည်း။

http://www.dhammadownload.com